
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| စီစဉ်သူ | - | သန့်ဇင်ထွန်း |
| ထုတ်ဝေသည့်အကြိမ် | - | ပထမအကြိမ် |
| ထုတ်ဝေသည့်ကာလ | - | ဖေဖော်ဝါရီလ၊ ၂၀၁၃ ခုနှစ် |
| ကွန်ပျူတာစာစီ | - | ကြယ်ပွင့် |
| မျက်နှာဖုံးဒီဇိုင်း | - | အာကာ |
| အဖုံးဖလင် | - | KABAOO |
| အတွင်းဖလင် | - | အေဇက် |
| စာအုပ်ချုပ် | - | ဂုဏ်မာန် |
| အတွင်းပုံနှိပ်နှင့် | - | ဒေါ်ကြည်ပြာသွယ် (၀၉၁၈၂) |
| မျက်နှာဖုံးပုံနှိပ် | | ဝင်းတိုးအောင်ပုံနှိပ်တိုက်<br>အမှတ် ၁၈၁၊ လမ်း ၅၀၊<br>ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။ |
| ထုတ်ဝေသူ | - | ဦးသန့်ဇင်ထွန်း<br>ကြယ်ပွင့်စာပေ (ယာယီ-၁၈၀၇)<br>အမှတ် (၄၄-ဘီ)၊ မြေညီထပ်၊<br>၈၇ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။ |
| အုပ်ရေ | - | ၁၀၀၀ |
| တန်ဖိုး | - | ၁၅၀၀ ကျပ် |

ထုတ်ဝေသည့် စာအုပ်ကတ်တလောက်အညွှန်း (CIP)

၈၉၅ . ၈၃

ပဥ္စမံဒီရှိုင်း

သဝန်ကြောင်ကြေး / ပဥ္စမံဒီရှိုင်း - ရန်ကုန်။

ကြယ်ပွင့်စာပေ၊ ၂၀၁၃။

၁၄၇ - စာ၊ ၁၃ စင်တီမီတာ × ၂၀ စင်တီမီတာ

(၁) သဝန်ကြောင်ကြေး


www.burmeseclassic.com

www.burmeseclassic.com

ချစ်သူနဲ့
လွဲမိတဲ့ကာလတွေမှာ
ဘယ်သူများ
နှစ်ပရိစ္ဆေဒကြာအောင်
ငိုချင်းတွေ ချလေသလဲကွယ်။
မင်းမျက်မာန်တော်
ပြေလျော့လာမယ့်နေ့ ...
လက်ချိုးရင်း စောင့်ဆိုင်း
ပေါ့ ... အခုတော့
မထင်မှတ်ဘဲ
ငါ့နှလုံးသားမှာ
မင်းစိုက်ပျိုးခဲ့တဲ့
နှင်းဆီပန်းခင်း ... အခုမှ
မွှေးရနံ့တွေ သင်းထုံခဲ့ပြီ။

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

မေပျိုတစ်ယောက် မျက်စိရှေ့မှာ မြင်နေရသော အလှဆင်တာမပြီးသေးသည့် ကားတွေကို ကြည့်နေမိသည်။ အလှဆင်မည့်ကားတွေက အားလုံး'ရှယ်'တွေချည်း ဖြစ်နေသည်။ ယခုလို ကားဈေးထိုးကျနေသည့် အချိန်မှာ လက်ထဲမှာ ငွေက အဆင်သင့်ရှိနေပြီး ကားကောင်းစီးချင်သူများအတွက်ကတော့ ကျေနပ်စရာပင် ဖြစ်သည်။ ခက်တာက ယခုကာလမျိုးမှာ ပိုက်ဆံရှိလို့ ကားဝယ်စီးတာပဲဖြစ်ဖြစ်၊ ကားချင်းအလိုက်လဲတာပဲဖြစ်ဖြစ် ကားကိုစီးရုံနှင့်မပြီးသေးပါ။ နောက်ဆက်တွဲလိုက်ရတာတွေက အများကြီးကျန်ပါသေးသည်။ ဥပမာပြောရလျှင် အိမ်တစ်လုံးက ဆောက်ပြီးသွားရုံနှင့် မပြီးသေးပါ။ အိမ်တွင်းအလှဆင်မှုတွေက ကျန်ပါသေးသည်။ ကိုယ့်မှာ ပိုက်ဆံရှိလျှင်ရှိသလို အိမ်အလှဆင်မှုကို ချဲ့ကြပါသည်။ ကားကလည်း ထိုအတိုင်းပါပဲ။ ကားအတွင်း CAR AUDIO စွမ်းရည်မြင့်မားသော ပစ္စည်းများဖြင့် ပြောင်းလဲတပ်ဆင်ခြင်း၊ SONG QUALITY ကောင်းဖို့ ပစ္စည်းကောင်းတွေ သုံးရ၊ ကားအတွင်းအမိုးနှင့် ကားထိုင်ခုံကအစ လိုက်ဖက်မည့်အရာတွေကို ကျန်းမာရေးနှင့် ညီညွတ်အောင် တပ်ဆင်



www.burmeseclassic.com

www.burmeseclassic.com



ရပါသေးသည်။ ထိုသို့ CAR FASHION နှင့် CAR ENTERTAINMENT များအတွက် အလှဆင်ပေးသော လုပ်ငန်းရှင်များက နိုင်ငံခြားက ပညာရှင်များ၊ မြန်မာနိုင်ငံမှ စက်မှုအင်ဂျင်နီယာများနှင့် ဒီဇိုင်နာများကိုပါခေါ်ယူပြီး လုပ်ကိုင်လာကြသည်။ အလှဆင်ပြီးသွားသော ကားကိုကြည့်လိုက်မည်ဆိုပါက ဝယ်ယူတုန်းကကားနှင့် ဘာမှမဆိုင်တော့။ ကားက တကယ့်ကို 'လန်း'ပြီး ကြွနေသည်ဟု ပြောရမည်ဖြစ်သည်။

အခုလည်း မေပျိုတစ်ယောက် နိုင်ငံခြားမှာရှိနေသော မိဘနှစ်ပါးက အသက်နှစ်ဆယ့်ငါးနှစ်မြောက်မွေးနေ့အကြိုအဖြစ် ဝယ်ပေးသော GTRADIAL အနက်ရောင်ကားတစ်စီးလုံးကို အတွင်းကော အပြင်ပါ အလှဆင်ပြီးလို့ သည်နေ့လာယူပါဆိုသဖြင့် ဦးလေးဖြစ်သော ဦးမင်းလွင်နှင့် အရှေ့မြင်းပြိုင်ကွင်းလမ်းက ကားအလှပြင်သည့်ဆိုင်သို့ ရောက်လာခဲ့ခြင်း ဖြစ်သည်။

သည်လိုအလှဆင်ထားသော ကားကို မေပျိုတစ်ယောက် နှစ်သက်သလို အတူပါလာသော ဦးမင်းလွင်ကလည်း သဘောကျနေသည်ဆိုတာ ကားကို အပြင်ကကြည့်လိုက်၊ အတွင်းကကြည့်လိုက်နှင့် ကိုယ့်ရည်းစားမျက်နှာကို အထပ်ထပ်၊ အခါခါ ကြည့်လို့မဝနေသောကြောင့် ဖြစ်သည်။

"ကားမို့လို့ တော်သေးတယ် မေပျိုရေ၊ ပြင်လိုက်ဆင်လိုက်လို့ လှသွားတဲ့ ဒီကားကို ကြည့်သလိုမျိုး အပြင်မှာ ကောင်မလေးတစ်ယောက်ကို အန်ကယ်လေးကြည့်လို့ကတော့ အန်ကယ်လေးပါးမှာ ဒင်းလေးရဲ့ လက်ရာတွေက တံဆိပ်ရိုက်ပြီးသား ဖြစ်နေမှာပဲ"

ဦးမင်းလွင်က သူ့စကားသူ သဘောကျရင်းမှ ရယ်နေပါသည်။

"ကားက လှပြီးကြွ၊ လန်းသွားတယ်ဆိုတာက ပိုက်ဆံကုန်တာလည်း ထည့်ပြောဦးလေ . . . အန်ကယ်လေးရဲ့"

"မပြောတော့ပါဘူး မေပျိုရယ်၊ ငါ့တူမက အကောင်းကြိုက်တာ



www.burmeseclassic.com

www.burmeseclassic.com



သိပြီးသား၊ ဒီတစ်ခါ ဒီကားသစ်ကြီးပေါ်မှာ ဘယ်သူနဲ့ရည်းစားဖြစ်ပြီး ဘယ်သူနဲ့ သမီးရည်းစားချင်း စိတ်ကောက်ပြီး ငါ့တူမ ဘယ်သူနဲ့ရည်းစားအသစ်ထပ်ဖြစ်ဦးမယ် မသိဘူး၊ မေပျိုရယ် . . . အသက်ပဲ နှစ်ဆယ့်ငါးနှစ်ရှိနေပြီ၊ ကိုယ့်ဘဝခရီးဖေါ်ကို တည်တည်တံ့တံ့ ရှာပါတော့လား"

ဦးမင်းလွင်က မော်တော်ကားသော့ချိတ်ကို လက်ညှိုးထဲထည့်ပြီး မွှေ့နေသော မေပျိုအား ပြောလိုက်သည်။

"အန်ကယ်လေးရယ် . . . မေမေပျိုဆိုတဲ့ တူမက ရည်းစားတွေ တစ်ယောက်ပြီးတစ်ယောက်ထား၊ တစ်ယောက်ပြီးတစ်ယောက် ရည်းစားတွေနဲ့ကွဲတာ မသိသူတွေက ဒီကောင်မလေး တော်တော်ကဲတာပဲ၊ ယောက်ျားမရှိရင် မနေတတ်ဘူးလို့ ပြောကြမှာပဲ၊ တကယ်တော့ သူတို့ကို မေပျိုက တကယ်မြတ်နိုးစုံမက်တာမှ မဟုတ်တာ၊ အပျင်းပြေကစားရင်း ယောက်ျားဆိုတာ ဘာလဲလေ့လာနေတာ၊ ဒီအတွက် လူတွေက ထင်သလို မျိုး မေပျို့ကို မေပျိုနဲ့သမီးရည်းစားဖြစ်ခဲ့ဖူးတဲ့ ယောက်ျားလေးမှန်သမျှ လက်တောင်မကိုင်ဖူးဘူး၊ မေပျိုရဲ့တန်ဖိုးရှိတဲ့ အပျိုစင်ဂုဏ်ကိုတော့ မေပျို ထိန်းပါတယ်၊ ကျန်တဲ့ Social ကျတာ ခေတ်ဆန်တာက တစ်ပိုင်းပေါ့"

"ဟုတ်ပါတယ် . . . အန်ကယ်လေး သိပါတယ်၊ ဒါကြောင့်လည်း အန်ကယ်လေးက ငါ့တူမကို စောင့်ရှောက်ရင်း လူပျိုကြီးလုပ်နေတာပေါ့"

"သွားပါ . . . ရည်းစားဟောင်းက တက္ကသိုလ်မှာ ပေါ်တောတောနေလို့၊ အရက်သောက်တတ်တာ သိသွားလို့ ပစ်သွားတာများ၊ အခုထိ ရည်းစားဟောင်းကို ထိုင်စောင့်နေတုန်းပဲ မဟုတ်လား"

မေပျို့စကားကြောင့် ဦးမင်းလွင်ဘာစကားမှ ပြန်မပြောဘဲ ကားခေါင်းခန်းစက်ဖုံးကို လက်ဖမိုးနှင့်ဖိလိုက်ရင်း ကားအလှဆင်သည့်ဆိုင်အပြင်ဖက်သို့ ရီဝေစွာ ငေးကြည့်လိုက်တာ စောစောက အမူအရာမျိုးလုံးဝမဟုတ်တော့။

မေပျို၏စကားက ဦးမင်းလွင်နှလုံးသားတည့်တည့်ကို 'တန်းခနဲ'



www.burmeseclassic.com

www.burmeseclassic.com



ထိသွားလို့ပါ။

"မေပျိုရယ် . . . အန်ကယ်လေးရဲ့အတိတ်ဟောင်းကို ဘာဖြစ်လို့များ တူးဆွချင်ရတာလဲ၊ မေပျိုက အတိတ်ကို အဲဒီလိုဖေါ်ပေးလိုက်တော့ အန်ကယ်လေးတော့ သွားပြီ၊ အတိတ်ကို ပြန်လည်လွမ်းဆွတ်စားသုံးရတော့မှာပဲ"

ဦးမင်းလွင်က တကယ့်ကို လွမ်းသွားသည်ထင်ပါ၏။ စတိုင်ဘောင်းဘီအိတ်ကပ်ထဲက အရက်ပုလင်းပြားလေးကို ထုတ်လိုက်ပြီး မော့သောက်ချလိုက်သည်။ ထိုမြင်ကွင်းကိုကြည့်ပြီး မေပျိုနှာခေါင်းရှုံ့သွားသည်။

"အန်ကယ်လေးတို့ အရက်သမားတွေတော့ လုပ်ပြီ၊ ကိုယ့်ဖာသာကိုယ် အရက်သောက်ချင်တာကို ဟိုအကြောင်းပြ၊ ဒီအကြောင်းပြနဲ့ လျှောက်ပြောနေတာ မဟုတ်သေးပါဘူး"

ဦးမင်းလွင်က အရက်ပုလင်းပြားလေးကို ဘောင်းဘီအိတ်ကပ်ထဲကို ပြန်ထည့်လိုက်ပြီး . . .

"ထပ်လွမ်းရပြန်ပြီ မေပျို၊ ငါ့တူမပြောတဲ့စကားမျိုးကို တစ်ခါတုန်းက သူကလည်း ပြောဖူးတယ်၊ အန်ကယ်လေး နားမဝင်ခဲ့ဘူး၊ အချစ်ကို တန်ဖိုးမထားခဲ့ဘူးလို့ပဲ ဆိုရမလား မသိဘူး၊ ချစ်သူနဲ့ ဝေးခဲ့ကြရတာကလည်း ဘာမှမဟုတ်တဲ့ ပြဿနာလေးပါ၊ အန်ကယ်လေးက ပျော်တတ်နောက်တတ်လို့ အထင်လွဲစရာတွေ ဖြစ်သွားရတာ"

"ဒီလိုဆို အန်ကယ်လေးက နောက်လူကို မရှာဘဲနဲ့ ဘာဖြစ်လို့ ဒီလိုမျိုးဘဝကို ဖြတ်သန်းနေရတာလဲ"

"ကတိပေါ့ မေပျို၊ ချစ်သူအပေါ် ထားပေးခဲ့တဲ့ ကတိပေါ့"

"ကတိ . . . ဟုတ်လား"

မေပျိုက အံ့အားတသင့် ဖြစ်သွားပါသည်။

"ဟုတ်တယ် . . . သူ့ကိုမှ ဘဝခရီးဖော်အဖြစ် လက်တွဲခွင့်မရ



www.burmeseclassic.com

www.burmeseclassic.com



ရင် ဘယ်သူ့ကိုမှ မယူဘူးလို့၊ သူကလည်း ပြောပါတယ်၊ အန်ကယ်လေး စကား ဘယ်လောက်မှန်လဲ စောင့်ကြည့်ဦးမယ်တဲ့"

"အန်ကယ်လေးကသာ သူ့ကို အခုချိန်ထိလွမ်းနေတာ၊ ဟိုက အခုလောက်ဆို သားတွေသမီးတွေနဲ့ ဘယ်လိုလုပ်မလဲ၊ ယောကျ်ားရှိတဲ့ ဟာကို အန်ကယ်လေးလွမ်းနေတော့ အပြစ်တွေဘာတွေ ရနေမှာပေါ့"

"သူ့အကြောင်းတွေ အန်ကယ်လေးကြားပါတယ်၊ သူက ဒီနေ့ထိ အန်ကယ်လေးလိုပါပဲ၊ ယောကျ်ားမယူသေးဘူး၊ နိုင်ငံခြားမှာ အလုပ်သွား လုပ်တာ မြန်မာပြည်ပြန်ရောက်တာ သုံးနှစ်လောက်ပဲ ရှိသေးတယ်တဲ့"

"ဒါဆို အန်ကယ်လေးက သူ့ကို ဘာလို့မဆက်သွယ်တာလဲ၊ ရန်ကုန်တစ်မြို့ထဲမှာ နေပြီးတော့များ"

"အန်ကယ်လေး သူ့ကို မရှာပါဘူး၊ ကံကိုယုံတယ်၊ သူနဲ့အန်ကယ် လေး ပြန်ကိုမထင်မှတ်ဘဲ ဆုံရမယ်လို့"

"အင်း . . . အဲဒီလိုဆုံခဲ့ရင် ဟိုကတော့ ပြောမှာပဲ၊ အခုထက် ထိ အရက်ကိုမစွန့်တဲ့ သူကြီးလို့"

ဦးမင်းလွင်က ဘာမှပြန်မပြောပါ။ ကားအလှပြင်ဆိုင်ခြံဝင်း တံခါးဆီသို့သာ ငေးကြည့်နေမိသည်။

သူသိပါသည်။ တစ်နေ့တွေ့ရမည်လို့ . . . ။

❑

လင်းသန့်တစ်ယောက် စိတ်တော်တော်ညစ်နေသည်။ ဗောက်စ် ဝက်ဂွန်လိပ်ခုံးကားကိုသာ မောင်းနေရပေမယ့် စိတ်က တက်ကြွမှုမရှိ။ စိတ်တက်ကြွနေတာက သူ၏အဒေါ်ဖြစ်သူ ဒေါ်နုနုထားပင် ဖြစ်သည်။ သည်နေ့ဆေးခန်းမသွားခင် သူငယ်ချင်းတွေနှင့် လက်ဖက်ရည်ဆိုင်လေး ဘာလေးထိုင်ရင်း 'လေကန်'မလား ဆုံးဖြတ်ထားကာမှ အဒေါ်ဖြစ်သူက



www.burmeseclassic.com

www.burmeseclassic.com



ဘာကနေဘယ်လို စိတ်ကူးပေါက်သည်မသိ။ ဖတ်လက်စမဂ္ဂဇင်းစာအုပ်ကို ယူလာပြီး အတင်းလာပြသည်။ စာအုပ်ထဲက ကားအလှဆင်သောကြော်ငြာတွေကိုကြည့်ပြီး လင်းသန့်စီးနေသော ကားအား 'ဒီဇိုင်း'ပြောင်းမည်ဆိုပြီး ပြောပါတော့သည်။

လင်းသန့်က ငြင်းပါသည်။ ကားဒီဇိုင်းအလှပြင်သည်ဆိုသည်မှာ တန်ဖိုးကြီးသော ကားမျိုးကို အလှဆင်မှသာ ကောင်းသည်ဟု။ သူ၏ လိပ်ခုံးကားလေးကို အလှဆင်လို့ကော ဘာထူးမှာလဲဟု အကြောင်းပြပေမယ့် အဒေါ်ဖြစ်သူက တန်ဖိုးနည်းတာများတာနှင့်မဆိုင်၊ နိုင်ငံခြားမှာလည်း ထိုကဲ့သို့ကားမျိုးကို အလှဆင်လေ့ရှိသည်ဟုဆိုပြီး သူမတစ်ယောက်ဩစတြေးလျမှာနေစဉ်က တွေ့ကြုံခဲ့ရသော ကိစ္စများကို နာရီဝက်ခန့် ရှင်းပြပြီး ချက်ချင်းဆိုသလို ကားမောင်းခိုင်းကာ အရှေ့မြင်းပြိုင်ကွင်းလမ်းက ကားအလှပြင်သည့်ဆိုင်သို့ လိုက်ပို့ခိုင်းပါသည်။

သည်လိပ်ခုံးကားကို အဒေါ်ဖြစ်သူက စီးမှာမဟုတ်ဘဲ သူစီးမှာကို ဘာဖြစ်လို့များ တက်ကြွနေသလဲမသိပါ။ ကိစ္စတစ်ခုကို သည်လိုကောက်ခါငင်ကာ ထလုပ်တတ်လို့များ သူ့အဒေါ် ဒေါ်နုနုထားတစ်ယောက် သည်နေ့ထိ ကြိုက်မည့်သူ၊ ယူမည့်သူမရှိဘဲ အပျိုကြီးဖြစ်နေတာပဲဖြစ်မည်ဟု လင်းသန့်ကောက်ချက်ချမိသည်။

"လင်းသန့် . . . သား . . . ဘာတွေတွေးနေတာလဲ၊ သားကိုကြည့်ရတာ အခုသွားမယ့်ဟာကို စိတ်မပါသလိုပဲ"

မီးပွိုင့်မှာ မီးနီမိသဖြင့် ကားရပ်ချိန်မှာ ဒေါ်နုနုထားက အခုမှဘာအတွေးရသလဲမသိ မေးလိုက်သည်။

"အန်တီထားရာ . . . ဒီကားက အလှမပြင်လည်း စီးလို့ရနေတာပဲဟာ၊ သက်သက်ပိုက်ဆံကုန်စရာကြီး ဖြစ်နေတဲ့ဟာ"

"နေပါဦး သားရယ်၊ သားက ဘယ်လိုဖြစ်လို့ ဒီလိပ်ခုံးကားကိုဒီလောက်ကြိုက်နေရတာလဲ၊ အိမ်မှာ တစ်ခြားကားလည်း ရှိရဲ့သားနဲ့



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်က ဆရာဝန်လုပ်နေပြီး ဆေးရုံသွား၊ ဆေးခန်းသွားနဲ့ ခန့်ခန့်ညား ညားကားလေးဘာလေးနဲ့ ဖြစ်ရမှာ၊ မင်းက မင်းရဲ့အဖေအတိုင်းပဲ၊ ခေါင်းမာတာ ဒါဆိုဒါမှ၊ ဒါကြောင့် ငါ့အစ်မရဲ့ယောက်ျား မင်းရဲ့အဖေနဲ့ မတည့်တာ"

ဒေါ်နုနုထားပြောတာ ဟုတ်ပါသည်။ လင်းသန့်ဖခင်နှင့် ဒေါ်နုနုထားတို့က လုံးဝမတည့်တာ အမှန်။ သို့သော် ဒေါ်နုနုထားကတော့ လင်းသန့်ကို တစ်ဦးတည်းသောတူမို့ ဘာချစ်သလဲမမေးနှင့်။

နိုင်ငံခြားမှာ အလုပ်သွားလုပ်တာတောင် တူဖြစ်သူကို နေ့စဉ်ဖုန်းဆက်လို့ နောက်ဆုံးသူ့ဖခင်ဝင်ပြောတော့မှ တစ်လကို သုံးလေးခါလောက်သာ ဖုန်းဆက်ဖြစ်သွားသည်။

ဆေးတက္ကသိုလ်တက်တော့လည်း သည်အတိုင်းပင်။ နောက်ဆုံးမြန်မာနိုင်ငံသို့ နိုင်ငံခြားကနေ ပြန်လာသောအခါ လင်းသန့်နှင့်နှစ်ယောက်တည်းနေသည်။ လင်းသန့်၏ဖခင်နှင့် မိခင်က နယ်မှာဖြစ်သဖြင့် ဟိုမှာက သူ့အလုပ်နှင့်သူမို့လို့ လင်းသန့်ကိစ္စအဝဝကို ဒေါ်နုနုထားကသာ ဖခင်မိခင်သဖွယ် တာဝန်ယူမိသားဖြစ်သွားသည်။

ဒါကိုပင် ဒေါ်နုနုထားက ကျေနပ်လို့မဆုံး ဖြစ်နေသည်။

"အန်တီထား . . . ကျွန်တော်မေးရဦးမယ်၊ အန်တီထားတစ်ယောက် ကျွန်တော့်ကို တာဝန်ယူနေရတာ မပျင်းဘူးလား၊ အန်တီထား စဉ်းစားကြည့်စမ်း၊ အန်တီထားသာ ယောက်ျားယူခဲ့မယ်ဆိုရင် အခုနေ အန်တီထားရဲ့သားသမီးတွေက ကျွန်တော့်လောက်ကိုရှိနေမှာ၊ ဒါပေမယ့် ရပါသေးတယ်၊ အန်တီထားက အခုမှအသက်က လေးဆယ့်ငါးလောက်ရှိသေးတာ၊ အလတ်ကြီး . . . ယူရင်ရသေးတယ်"

"ဟဲ့ . . . အဒေါ်ကို ပြောစရာလား၊ ယောက်ျားမယူချင်လို့ မဟုတ်ဘူး၊ ဒင်းရဲ့နောက်တောက်တောက် ပြောင်ပြီးပြောတာကို စိတ်နာလို့၊ ဒင်းကို ပညာပေးခဲ့တာ၊ ဒင်းကြောင့် လူကြားထဲအရှက်ရခဲ့ရတာ၊



www.burmeseclassic.com

www.burmeseclassic.com



အခုလောက်ဆို ဒင်းနောက်ကျဉ်လောက်ပြီ"

"ဘာလဲ . . . အန်တီထားက တက္ကသိုလ်တုန်းက အဆက်ကြီးကို မျှော်လင့်နေတုန်းပဲလား၊ ဟိုက အခုလောက်ဆို သားတွေသမီးတွေနဲ့နေ့ာ်"

လင်းသန့်စကားကို နားထောင်နေသော ဒေါ်နုနုထားက ဘာမှ ပြန်မပြောဘဲ ကားပြတင်းပေါက်ကနေ အပြင်ဖက်သို့ လှမ်းကြည့်နေသည်။

"အန်တီထားတော့ သားပြောသလို မထင်ဘူး၊ အန်တီထားနဲ့ သူနဲ့က သူများရည်းစားအတွဲတွေလို မဟုတ်ဘူး၊ နည်းနည်းတော့ ထူး မလားဘဲ၊ အန်တီထားက သူ့ကို ဒေါသထွက်ထွက်နဲ့ပြောပြီး လမ်းခွဲတုန်း က သူက ကတိတစ်ခုပေးဖူးတယ်၊ အန်တီထားကို လက်ထပ်ခွင့်မရရင် သူဘယ်သူ့ကိုမှ မယူဘူးတဲ့၊ အဲဒါကိုတော့ အန်တီထားယုံတယ်"

ဒေါ်နုနုထားစကားကြောင့် လင်းသန့်က ရယ်လိုက်သည်။

"ဒါကြောင့် အန်တီထားက အပျိုကြီးလုပ်ပြီး သူ့ကိုစောင့်နေတာ ပေါ့၊ ကြည့်လဲလုပ်ပါဦး အန်တီထားရယ် . . . စိတ်ကူးယဉ်ဆန်လိုက်တာ"

"ဒီမှာ သားလင်းသန့် . . . အချစ်ဆိုတာ တစ်ခါတလေမှာ စိတ်ကူးယဉ်ဆန်ဆန်တွေက တကယ့်လောကမှာ ရှိတတ်တယ်၊ သူ့မှာက ပြော စရာတစ်ခုပဲ ရှိတယ်၊ အဲဒါက အရက်သောက်တတ်တာပဲ၊ အန်တီထားက လည်း ကျောင်းတုန်းက သူအရက်သောက်တတ်တာကို သိရဲ့သားနဲ့ ချစ်မိ သွားတာ၊ နှလုံးသားအလိုဆန္ဒကို ဦးနှောက်က မလိုက်နိုင်တာပေါ့ကွယ်"

ဒေါ်နုနုထားက စကားကို ရှေ့မဆက်တော့ပါ။ လင်းသန့်လည်း ကားကို အရှေ့မြင်းပြိုင်ကွင်းလမ်းဖက်သို့ ချိုးကွေ့လိုက်သည်။

သည်ရက်တွေမှာတော့ အဒေါ်ဖြစ်သူ ဒေါ်နုနုထားအလိုကျ သူ၏စီးနေကျဗောက်စ်ဝက်ဂွန်လိပ်ခုံးကားလေးကို အလှပြင်ဆင်ခြယ်သ နေစဉ်ကာလအတွင်း သူစီးနေကျမဟုတ်သော အိမ်က ကားကိုစီးဦး မှာပါလားဟု တွေးလိုက်မိသေးသည်။

❑



www.burmeseclassic.com

www.burmeseclassic.com



မေပျို့တစ်ယောက် ကားအလှပြင်ခကို ပိုက်ဆံရှင်းပေးပြီးသွား လို့ ဦးမင်းလွင်တစ်ယောက် တော်တော်ကျေနပ်သွားသည်။ နို့မို့ဆို ပိုက်ဆံရှင်းဖို့ ဆိုင်ရှင်မလာသေးတာကိုစောင့်ရင်း မေပျို့မေးသမျှ ဖြေနေရတာ ကြာလာလျှင် အတိတ်က အလွမ်းတွေ တနင့်တပိုးဖြစ်လာမှာမို့လို့ ဖြစ်သည်။

"အန်ကယ်လေး . . . သွားရအောင်"

မေပျို့က ကားတံခါးဖွင့်ပြီး ဂင်လိုက်စဉ် ဦးမင်းလွင်ကို ပြော လိုက်သည့်အခါ ဦးမင်းလွင်က ရုတ်တရက်ဆိုသလို ကားအလှပြင်ခြံဝင်း ထဲသို့ ဗောက်စ်ဝက်ဂွန်ကားတစ်စီး မောင်းဝင်လာပြီး ကားထဲကနေ သူ နှင့်သက်တူရွယ်တူ အမျိုးသမီးတစ်ဦးက ကားမောင်းသည့် လူငယ်တစ်ဦး နှင့် တံခါးဖွင့်ထွက်လာတာကို မြင်လိုက်ရသဖြင့် ကြည့်လိုက်သည်။

ဦးမင်းလွင် အကြည့်မမှားပါ။ သောက်ထားသည့် ယမကာအရှိန် တောင် ပြေချင်သလို ဖြစ်သွားပါသည်။

ကံကြမ္မာက မည်သို့မည်ပုံ သည်နေရာရောက်အောင် တွန်းပို့ခဲ့ လေသလဲမသိ။ ဘဝမှာ ဘယ်လိုမှ မမျှော်လင့်မထားသော အရာတစ်ခုက သူ့ရှေ့မှောက်တည့်တည့်ရောက်လာလို့ ဖြစ်သည်။

"မေပျို့ . . . မေပျို့ . . . မသွားနဲ့ဦး"

ဦးမင်းလွင်က ကားမောင်းဖို့ စက်နှိုးမလို့လုပ်နေသော တူမဖြစ် သူအား လှမ်းတားလိုက်ပြီး ဗောက်စ်ဝက်ဂွန်ကားရှိရာသို့ အမြန်သွားလိုက် တာကို ကားထဲက မေပျို့က ဦးလေးဖြစ်သူ ဘာများဖြစ်တာလဲဆိုပြီး ကားတံခါးဖွင့်ကာ အပြင်သို့ ပြန်ထွက်လိုက်သည်။

❑

ဒေါ်နုနုထားလှမ်းနေသော ခြေလှမ်းတွေ ရပ်တန့်ချင်သလိုဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သွားသည်။ သူမရှေ့တည့်တည့်မှာ ပြင်နေရသည့် မြင်ကွင်းက မမှားနိုင်ပါ။

တိုက်ဆိုင်လိုက်တာလို့။ သည်နေ့ကျမှ သည်ကိုလာခါနီး လမ်းမှာ ပြောခဲ့သော စကားတွေက ပစ္စုပ္ပန်မှာမှ လာပြီးတည့်တည့်တိုးနေရပါလား လို့။

ဟုတ်ပါသည်။ သူမှသူ . . .။ ဟိုးတုန်းက ပုံစံအတိုင်း ဘာမှ မပြောင်း။ လမ်းလျှောက်တာကော၊ ဝတ်တာစားတာကော . . . အဲ . . . ပြီးတော့ မျက်လုံးတွေက နည်းနည်းရီဝေနေတာ သေချာတာကတော့ နည်းနည်း'မော့'ထားပုံရသည်။ ဟိုးတုန်းကလိုမျိုး သည်အကျင့်ကိုတော့ မပြောင်းသေးပါလားလို့။

"ထား . . . ထား . . . ဟုတ်ပါတယ်၊ 'ထား'ပါ . . . ထားရယ်"

ရုပ်ရှင်တွေထဲက ဇာတ်ဝင်ခန်းထဲကလိုမျိုး ဦးမင်းလွင်က ဒေါ်နုနုထား၏မျက်နှာကို ကြည့်လိုက်ရင်းမှ ဝမ်းသာအားရနှင့် ပြောလိုက်သည်။

"ဪ . . . ကိုမင်းလွင်၊ တွေ့မှ တွေ့တတ်တယ်နော်"

"တွေ့ရမှာပေါ့ ထားရယ်၊ ဒီလိုတွေ့ချင်လို့ ထားကိုမျှော်ခဲ့တာ နှစ်နှစ်ဆယ်ကျော်ခဲ့ပြီလေ၊ ဟော . . . အခုမထင်မှတ်ဘဲ ထားကိုတွေ့ ရပြီ"

"ဒါနဲ့ မိန်းမနဲ့ ကလေးတွေကော ဘယ်မှာထားခဲ့လဲ"

"မနောက်ပါနဲ့ ထားရယ်၊ ကိုယ် ထားကို ကတိပေးခဲ့သလိုပေါ့။ ဒီနေ့ထိ ထားကို စောင့်နေဆဲပါ၊ ဒီကတိတော့ ကိုယ်အပျက်မခံဘူး"

ဒေါ်နုနုထားက ဦးမင်းလွင်မျက်နှာကိုကြည့်လိုက်ပြီး ကျေနပ်ကြည်နူးသွားပါသည်။

"ဒါနဲ့ သူကကော . . ."

အနီးအနားသို့ရောက်လာသော မေပျို့ကိုကြည့်ပြီး ဒေါ်နုနုထားက မေးသည့်အခါ . . .

"သူက ကိုယ်ရဲ့တူမလေးပါ . . . မေမေပျို့တဲ့၊ မိဘတွေက နိုင်ငံ



www.burmeseclassic.com

www.burmeseclassic.com



ခြားမှာ အလုပ်လုပ်တယ်၊ သူက ကိုယ်နဲ့နေတာ"

"ဟုတ်လား . . ဒါက ထားရဲ့တူလေ၊ ဆရာဝန်ပေါ့ . . လင်းသန့်တဲ့၊ သူ့မိဘတွေက နယ်မှာ၊ ထားနဲ့သူနဲ့ပဲ ရန်ကုန်မှာ နေကြတာ"

ဒေါ်နုနုထား စကားအဆုံးမှာ မေမေပျိုက ဒေါ်နုနုထားကို ပြုံးပြလိုက်ပြီး လင်းသန့်ကို အကဲခတ်လိုက်သည်။ လင်းသန့်ကတော့ ဦးမင်းလွင်နှင့် ဒေါ်နုနုထားကိုသာကြည့်ပြီး ဘာတွေစဉ်းစားနေသလဲမသိ။

"တိုက်ဆိုင်လိုက်တာ . . . ကိုမင်းလွင်နဲ့ ထားတို့က တူနဲ့တူမကို စောင့်ရှောက်ရတာ လာတူနေပြီ၊ ထားတို့အဖြစ်က ဒီလောက်တောင်ပဲလား"

"အဲဒီ ဒီလောက်တောင်က ကျောင်းတုန်းက ကိုယ်က ထားကို နောက်ခဲ့လို့ ဝေးခဲ့ကြရတာ၊ အခုတော့ ဝေးကွာခြင်းတွေ အဆုံးသတ်ပါပြီ ထားရယ်၊ ကိုယ်တို့နှစ်ယောက်ကြားမှာ ရှည်ကြာမနေသင့်တော့ပါဘူးကွယ်"

ဟုတ်တော့ ဟုတ်နေပါသည်။ ဦးမင်းလွင်က အနီးအနားမှာ မည်သူမှမရှိလေသလား အပီ'ကြွေ'နေပါသည်။

"အန်တီထား . . . ဒီကိုလာတဲ့ကိစ္စက ဘယ်လိုလဲ၊ အဲဒါလုပ်ဦးလေ"

လင်းသန့်က စိတ်မရှည်သလိုမျိုး အဒေါ်ဖြစ်သူကို သတိပေးလိုက်သည်။

"ဟုတ်ပါရဲ့ . . . သားပြောမှပဲ၊ ဒီလို ကိုမင်းလွင်ရေ × × ×"

အရေးထဲ ဒေါ်နုနုထားက လာရင်းကိစ္စကို သံတော်ဦးတင်နေပါသေးသည်။

"ထား . . . မငြင်းနဲ့၊ ထားရဲ့ဖုန်းနံပါတ်ပေး၊ ပြန်ဆုံခြင်း အထိမ်းအမှတ်ညစာ ကိုယ်ကျွေးမယ်"

"စားရမှာပေါ့၊ နေဦး . . . ထားရဲ့ဖုန်းနံပါတ်မှတ်ထား"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်နုနုထားက သူမဖုန်းနံပါတ်ကို ပါးစပ်ကနေ ပြောတာကို ဦးမင်းလွင်က သူ့ဖုန်းထဲမှာ မှတ်လိုက်ပါသည်။

ထို့နောက် မေပျိုက သွားမည်ဟု အတင်းပြောမှပဲ ဦးမင်းလွင်က စကားစကို ဖြတ်ပါတော့သည်။

ဒေါ်နုနုထားခမျာလည်း ဦးမင်းလွင်လိုပါပဲ။ လင်းသန့်ကတောင် သတိပေးရပါသေးသည်။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

မင်းနဲ့ကိုယ်နဲ့
ချစ်ခြင်းတရားမှာ
ရယ်စရာတွေကော
စိတ်နည်းနည်းဆိုးတာကော
ပါတာပေါ့လေ။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂)

ဦးလေးဖြစ်သူကို မေပျိုကြည့်ရတာ တော်တော်'လန်း'နေပုံရပါသည်။ ငယ်ရည်းစားဟောင်း ဒေါ်နုနုထားနှင့် တွေ့ပြီးကတည်းက အဝတ်အစားကို ခဏခဏလဲရုံမက လူကလည်း မှန်ရှေ့က မခွာတော့။ ဖွင့်လိုက်သည့် အချစ်သီချင်းတွေဆိုတာလည်း မပြောနှင့်။ အဆိုတော်တွေသာ Live သာ ဆိုရမည်ဆိုလျှင် အသံမထွက်နိုင်၊ လည်ချောင်းဒုက္ခပေးလို့ ဆေးရုံတောင် ပြရမည့်ပုံစံမျိုးဖြစ်သည်။ သည်ကြားထဲ ဖုန်းကလည်း ဒေါ်နုနုထားဆီ ဆက်သလားမမေးနှင့်။ ဘာမှမဟုတ်သည့် ကိစ္စတွေကို ဖုန်းထဲကနေ ပုံကြီးချဲ့ပြီးမေးတာ ဒေါ်နုနုထားကလည်း ပြန်ဖြေတာ သူ့ဘက်ကလည်း ကျေနပ်နေသည်ထင်ပါ၏။ မေပျိုနားလည်ပါသည်။ မိန်းမသားဆိုတော့ ကိုယ့်ကိုအလေးထားယုယမှုတွေကို မြတ်နိုးသဘောကျတတ်သည့် သဘာဝရှိသည် မဟုတ်ပါလား။ သို့သော် မေပျိုကတော့ ယောကျ်ားလေးဖြစ်သည့် ဦးလေးဖက်ကမို့ ကိစ္စမရှိ။ ဟိုဘက်က လင်းသန့်ဆိုသောလူက မိန်းမသားဖြစ်သည့် အဒေါ်ဖက်ကဆိုတော့ မျက်နှာမျှားပူလေမလားမသိ။



www.burmeseclassic.com

www.burmeseclassic.com



သည်နေ့လည်း ကြည့်။ ဦးလေးဖြစ်သူ ဦးမင်းလွင်က ဒေါ်နုနု ထားနှင့်ပြန်တွေ့ခြင်း အထိမ်းအမှတ်ခုနှစ်ရက်မြောက်ဆိုပြီး နေ့လယ်စာ ကျွေးဖို့ စားသောက်ဆိုင်မှာ လူလေးယောက်စာ သီးသန့်မှာထားပြီး မေပျို နှင့်အတူ စောင့်ဆိုင်းနေပါသည်။

ဦးမင်းလွင်ခမျာ ချစ်သူကိုစောင့်ဆိုင်းရတာ အတော်ဖွဲ့ကောင်း ပါသည်။ မြန်မာဘီယာနှစ်ပုလင်းကို ဘယ်လိုသောက်လိုက်သည်မသိ။ ပုလင်းနှစ်လုံးစလုံး ဘီယာလက်ကျန်ပင် မရှိတော့။ မျက်လုံးတွေက နည်း နည်းရီဝေသည့်ပုံစံမျိုး ဖြစ်နေသည်။

"အန်ကယ်လေး . . . တော်တော့ ဆက်မသောက်နဲ့တော့၊ တော် ကြာ . . . အန်ကယ်လေးရဲ့ 'ထား'ရောက်လာပြီး စိတ်ကောက်လို့ နောက် ထပ်နှစ်တွေအကြာကြီး ဝေးသွားရဦးမယ်"

မေပျိုက ပြဿနာတစ်စုံတရာဖြစ်မှာစိုးလို့ သတိပေးမိပါသည်။

"ဒီဘီယာနှစ်ပုလင်းကို အန်ကယ်လေးသောက်ချင်လို့ သောက် တယ်လို့များ ထင်နေသလား၊ အတိတ်ကို ယူကျုံးမရဖြစ်မိလို့သောက်တာ"

"အန်ကယ်လေးကလည်း လာပြန်ပြီ၊ ဒီအတိတ်ဆိုတဲ့ နောက် ကြောင်းကို ပြန်တူးဆွဦးတော့မှာပဲ"

မေပျိုက စိတ်ညစ်သွားပါသည်။ ဦးမင်းလွင်ထံမှ ကြားနေကျ စကားလုံးတွေ ထပ်ကြားရမှာမို့လို့ပါ။

"မဟုတ်ဘူး မေပျိုရဲ့၊ ဒီတစ်ခါက အသစ်၊ ဟိုးတုန်းက ထားနဲ့ အန်ကယ်လေး မထင်ထားတဲ့ ပြဿနာတစ်ခုကြောင့် လွဲခဲ့ရတာ၊ အဲဒီ တုန်းက အခုလို အန်ကယ်လေးသောက်တဲ့ မြန်မာဘီယာမပေါ်ခဲ့လို့ပေါ့၊ မြန်မာဘီယာသာ ပေါ်ခဲ့ရင် ဒါမျိုးဘယ်ဖြစ်မလဲ၊ မန္တလေးရမ် ခပ်ပြင်း ပြင်းသောက်ခဲ့လို့ အမူးလွန်ပြီး မထင်မှတ်တာတွေ ဖြစ်ခဲ့ရင်းက ထားနဲ့ နှစ်ပေါင်းများစွာ ဝေးခဲ့ရတာ၊ ငယ်ချစ်ဟောင်းနဲ့ နှစ်ပေါင်းများစွာပေါ့ လေ"



www.burmeseclassic.com

www.burmeseclassic.com



မေပျိုသိလိုက်ပြီ။ ဦးလေးဦးမင်းလွင်တစ်ယောက် သောက်ထား သည့် ဘီယာနှစ်လုံး၏အရှိန်က 'ပါဝါ'မြင့်လာပြီလို့။

"အန်ကယ်လေး ဒီနေ့ထိ အန်ကယ်လေးရဲ့ထားနဲ့ အန်ကယ်လေး ဝေးခဲ့ကြရတာ ဘယ်လိုဘယ်ပုံအကြောင်းလဲဆိုတာ မေပျို့ကို သေသေ ချာချာ မပြောရသေးဘူးနော်"

"တစ်နေ့တော့ ပြောပြပါမယ် တူမရယ်၊ ဒီနေ့လိုအခါမျိုးမှာတော့ မင်္ဂလာယူရမယ့်အချိန်မှာ မင်္ဂလာမရှိတဲ့ အကြောင်းအရာမျိုးကို မပြော ပြပါရစေနဲ့၊ နားလည်ပေးပါ မေပျိုရယ်"

ဦးမင်းလွင်က စကားကို ဆက်မပြောတော့ဘဲ စားသောက်ဆိုင် အပြင်ဖက်သို့ လှမ်းအကြည့်မှာ မာစီဒီးကားတစ်စီးက စားသောက်ဆိုင် ရှေ့မလှမ်းမကမ်းမှာ ရပ်တန့်လိုက်ပြီး ကားနောက်ခန်းကနေ အမျိုးသမီး တစ်ဦးဆင်းလာသည်။

မေပျိုအံ့အားသင့်သွားပါသည်။ သူမ,မထင်ထားပါ။ ဒေါ်နုနုထား တစ်ယောက် အပျိုလေးတစ်ယောက်လို ပြင်ဆင်ခြယ်သထားလို့ ဖြစ်ပါ သည်။ မေပျိုမှ မဟုတ်ပါ။ ဦးမင်းလွင်ကလည်း သူ့ထံသို့လာနေသော ဒေါ်နုနုထားကိုကြည့်နေတာ အသက်တောင်ရှူဖို့ မေ့နေသလားမသိ။

ဟော . . . ဟိုတစ်ယောက် ဘာလုပ်နေတာပါလဲဆိုပြီး မေပျိုက ကားရှေ့ခန်းကနေ ဆင်းလာပြီး စားသောက်ဆိုင်ထဲသို့ မဝင်သေးဘဲ ကားနားမှာ မတ်တပ်ရပ်နေသော ဒေါ်နုနုထား၏တူဖြစ်သူ လင်းသန့်ကို အကဲခတ်နေမိသည်။

လင်းသန့်က အင်္ကျီအိပ်ကပ်ထဲမှ ပလပ်စတစ်ဖြင့် ထုပ်ထား သော ကွမ်းကိုယူပြီး ပါးစပ်ထဲထည့်ကာ ဝါးနေတာကို မြင်ရသည်။ ပြီး တော့ ကွမ်းတံထွေးကို ကားဘေးနားသို့ထွေးပြီး ဆိုင်ထဲဝင်လာသည်။ ပါးစပ်က ကွမ်းကိုဝါးရင်းမှ ဟိုကြည့်ဒီကြည့်နှင့် ဘာတွေစပ်စုနေသလဲ မသိပါ။



www.burmeseclassic.com

www.burmeseclassic.com



"ထား . . . လာ . . . ဒီမှာထိုင်"

ဦးမင်းလွင်က သူ့အနားရောက်လာသော ဒေါ်နုနုထားကို ပျာပျာသလဲကြိုဆိုရင်းမှ သူ့အနီးနားက ခုံတွင် ထိုင်ခိုင်းလိုက်သည်။

"ကိုမင်းလွင်နဲ့ ဒီကတူမလေး စောင့်ရတာ တော်တော်ကြာသွားပြီလား၊ လမ်းမှာလေ တူတော်မောင်က သူစားနေကျကွမ်းဆိုင်က ကွမ်းဝယ်မယ်ဆိုလို့၊ အဲဒီဆိုင်ကလည်း အလကားပေးနေရသလား မှတ်တယ်၊ လူတွေများ ဘာမှအရည်မရ အဖတ်မရတဲ့ ဟာတွေကို စားသလဲမသိဘူး၊ ကွမ်းဆိုင်မှာ တန်းစီနေတာပဲ၊ စောင့်လိုက်ရတာဆိုတာ ဒါမျိုးက မြန်မာပြည်မှာပဲ ရှိတာကိုး"

ဒေါ်နုနုထားကို လျှော့တွက်လို့မရတာ ကျိန်းသေသည်။ ဦးလေးဖြစ်သူ ဦးမင်းလွင်နှင့်က အသွင်တူခဲ့လို့ ချစ်သူတွေ ဖြစ်ခဲ့ဖူးကြတာ ယုံသွားပြီလို့"

"ဟင်! . . . ကိုမင်းလွင် ဒီဘီယာတွေက ရှင်သောက်ထားတာ မဟုတ်လား၊ နှစ်ပုလင်းတောင် . . . ရှင်ဟာလေ အခုထက်ထိ ငယ်ကျင့်ကို မပျောက်သေးဘူး"

ရောက်ရောက်ချင်းဆိုသလို ဒေါ်နုနုထားက စားပွဲဝိုင်းကိုကြည့်ပြီး ဒေါသဖြစ်သလို အမူအရာမျိုးနှင့် ပြောပါသည်။

"ဒါက ဒီလိုပါ ထားရယ်၊ ကိုယ်လည်း ထားကို စောင့်နေရတာနဲ့ ပျင်းတာနဲ့၊ ဒါတွေထားပါ၊ ကဲ . . . မှာလိုက်တော့မယ်၊ ထားဗိုက်ဆာနေရောပေါ့ . . . ဟဲ . . . ဟဲ"

ဦးမင်းလွင်က ဒေါ်နုနုထားထပ်ပြီး စကားဆက်မှာစိုးသဖြင့် စကားကို အမြန်ဖြတ်ရင်းက ကြိုတင်မှာထားသော အစားအစာများအား စားပွဲထိုးကို ယူခိုင်းလိုက်သည်။

"ဒီက ငါ့တူ . . . သောက်တတ်သလား၊ မှာနော် . . . ပါးပါးလေးပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ဦးလေးဖြစ်သူ ဦးမင်းလွင်တစ်ယောက်ကတော့ လုပ်ချလိုက်ပြီ လို့။ ဒေါ်နုနုထား၏တူဖြစ်သူ လင်းသန့်က ရောက်ကတည်းက ထိုင်ရင်း ကနေ ဘာမှမပြောဘဲ ကွမ်းစားရင်းက သူ့အဒေါ်နှင့် ဦးမင်းလွင်ကို ကြည့်ရင်းက ပြုံးလို့သာနေပါသည်။

"မလုပ်ပါနဲ့ ကိုမင်းလွင်ရယ်၊ ထားရဲ့တူက ဆေးလိပ်၊ အရက် သောက်တာ မဟုတ်ဘူး၊ ကွမ်းလောက်သာ စားတာ"

"ဟုတ်လား . . . ဒါဆို တော်တာပေါ့၊ အန်ကယ်နဲ့တော့ ကွာ တယ်ကွာ၊ ထား . . . ကိုယ့်ကိုခွင့်ပြု၊ ကိုယ်ဘီယာတစ်ဗူးလောက်တော့ ထပ်သောက်ပါရစေ"

"ကိုမင်းလွင် . . . ရှင်ကတော့နော်၊ သမီး . . . သမီးရဲ့ဦးလေး ကို မပြောတော့ဘူးလား"

ဦးမင်းလွင်ကို ဒေါ်နုနုထားပြောလည်း ပြောချင်စရာပါ။ ဘီယာ နှစ်ပုလင်းသောက်တာတောင် အားမရနိုင်ဘဲ နောက်ထပ်တောင်းဆိုနေ ပြန်သည်။

"အန်တီရေ . . . အန်ကယ်လေးကိုတော့ မနိုင်ဘူး၊ အခုမှ နိုင် တဲ့လူပေါ်လာတာ"

"ငါ့တူမ . . . ငါ့အကြောင်း ထားရှေ့မှာ မဟုတ်တာတွေ လျှောက် ပြောမနေနဲ့ဦး၊ ကဲပါ . . . ဟင်းတွေ ရောက်လာပြီပဲ၊ စားကြရအောင်"

ဦးမင်းလွင်က ပြောပြောဆိုဆိုပါပဲ စားပွဲဝိုင်းမှာ စားပွဲထိုးလာ ချပေးသွားသည့် ဟင်းတွေကို ဒေါ်နုနုထားပန်းကန်ထဲသို့ ခပ်ထည့်ပေး လိုက်သည်။ ထိုကဲ့သို့ ပြုမူတာကို ဒေါ်နုနုထားက ကျေနပ်လို့လားမသိ [ပြုံ]းနေသည်။

"ငါ့တူ . . . ဘာမှအားမနာနဲ့၊ ထည့်စားနော်"

အရေးထဲ ဦးမင်းလွင်က ရောက်ကတည်းက ဘာစကားမှမပြော ဘဲ ကွမ်းကိုသာ ဝါးနေသော လင်းသန့်အား လောကွတ်ချော်နေသေး



www.burmeseclassic.com

www.burmeseclassic.com



သည္။

မေပ်ိဳအံ့ဩပါသည္။ သူမ,ေတြ႕ဖူးႀကံဳဖူးသမွ် ေယာက်္ားေတြထဲမွာ လင္းသန္႔ဆိုသည့္ စကားနည္းေသာ လူမ်ိဳးကို မေတြ႕ဘူးေသးပါ။

"စားပါ . . . အန္ကယ္၊ ကြၽန္ေတာ္က မြေးေန႔တိုင္း သက္သတ္လြတ္စားလို႔ပါ၊ ဒီေန႔ ဗုဒၶဟူးေန႔ေလ"

"ေဟ . . . ဟုတ္လား၊ ဒါဆို သက္သတ္လြတ္မွာေပးမယ္ေလ၊ မေပ်ိဳ . . . လုပ္ပါဦး"

ဦးမင္းလြင္က မေပ်ိဳအား မွာခိုင္းတာကို လင္းသန္႔က . . .

"ေနပါေစ . . . ေန၊ ကြၽန္ေတာ္ အိမ္ေရာက္မွစားမယ္၊ ကြၽန္ေတာ့္မွာ ဒါရွိရင္ ၿပီးတယ္"

လင္းသန္႔က အက်ႌအိတ္ကပ္ထဲက ကြမ္းထုပ္ကို ထုတ္လိုက္ၿပီး ျမန္ျမန္ ပါးစပ္ထဲကို ကြမ္းတစ္ယာထည့္လိုက္ပါသည္။

"အင္း . . . အန္ကယ့္တူမ မေပ်ိဳနဲ႔ေတာ့ ကြာတယ္ေဟ့၊ အန္ကယ့္တူမကေတာ့ ဘာမွမေရွာင္ဘူး အကုန္စားပဲ"

ဦးမင္းလြင္စကားေၾကာင့္ စားေနေသာ မေပ်ိဳဘာဆက္လုပ္ရမွန္းမသိ။ လင္းသန္႔ကေတာ့ ဘာမွမေျပာဘဲ ကြမ္းကိုသာ ဝါးလို႔ေနသည္။

"ထား . . . စားလို႔ေကာင္းတယ္ မဟုတ္လား"

"ရွင္လည္း ေသာက္လို႔ေကာင္းတယ္ မဟုတ္လား . . . တကယ္တည္း"

"ထားရယ္ . . . ဒါကေတာ့ ဒီေန႔ေပ်ာ္ရႊင္ၾကည္ႏူးရတာေလ၊ ဒါမ်ိဳးေစာင့္ခဲ့ရတာ ၾကာၿပီပဲဟာ"

"ကိုမင္းလြင္ . . . ရွင္ဟာေလ ကေလးေတြေရွ႕မွာ"

ဘီယာေတြ ဗိုက္ထဲထပ္ဝင္သြားသျဖင့္ အာသြက္လွ်ာသြက္ ျဖစ္လာေသာ ဦးမင္းလြင္၏စကားေၾကာင့္ ေဒၚႏုႏုထားတစ္ေယာက္ စားေနတာကို ရပ္တန္႔ရင္းက လွမ္းတားပါသည္။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ . . . ကွမ်းချည်းဖိစားနေတဲ့ ငါ့တူ၊ ဟောဒီက အန်ကယ့်တူမမေပျိုနဲ့ စကားလေးဘာလေး ပြောဦးလေကွာ၊ ရောက်ကတည်းက ကွမ်းချည်းပဲဝါးပြီး ဘာစကားမှ မပြောပါလားကွ၊ 'တေမိ' ကျနေတာပဲ"

"မဟုတ်ပါဘူး အန်ကယ်၊ ပြောစရာစကားမှမရှိတာ၊ ပြောစရာစကားတွေ ရှိနေတာက အန်ကယ်နဲ့ အန်တီလေးတို့ပဲလေ၊ ကျွန်တော်က အဖော်လိုက်ပေးရတာ"

"ဒါဆို မေပျို . . . လင်းသန့်က စကားမပြောရင် ငါ့တူမကသာ ဦးဆောင်ပြီး ပြောပေတော့"

"အန်ကယ်လေးကလည်း သမီးက ဘာပြောရမှာလဲ၊ ပြောစရာမှမရှိတာ"

"ဟဲ့ . . . မရှိဘဲနေမလား၊ လင်းသန့်က ဆရာဝန်ပဲဟာ၊ မေးပေါ့ . . . ဆေးရုံအကြောင်းတို့ လူမမာအကြောင်းတို့လေ၊ ညည်းတို့ဟာက တစိမ်းတွေကျနေတာပဲ"

ဦးလေးဦးမင်းလွင်ကတော့ သူပြောချင်တာကို စွတ်ပြောနေပြီလို့။ တွေ့တာဖြင့် နှစ်ကြိမ်သာရှိသေးတာ မေပျိုက ဘာစကားပြောရမှာလဲလို့။ မြင်မြင်ချင်း ဆန့်ကျင်ဘက်ယောက်ျားသားတစ်ဦး အထင်သေးတာမျိုး လုံးဝအဖြစ်မခံနိုင်ပါ။

"ကိုမင်းလွင် . . . သူတို့လူငယ်ချင်း သူတို့သိပါတယ်၊ ရှင်ပြောမှ သူတို့နှစ်ယောက် အိုးတိုးအန်းတန်း ဖြစ်နေဦးမယ်၊ ထားရဲ့တူက စကားနည်းတယ်"

"ဟုတ်လား . . . ကိုယ့်ရဲ့တူမကတော့ ဘာစကားများသလဲ မမေးနဲ့၊ ဒါ . . . အခုမှ စတွေ့လို့နော်"

ဦးမင်းလွင်ကတော့ တစိမ်းလူပျိုတစ်ယောက်ရှေ့မှာ ဂုဏ်ပုဒ်တွေ ထုတ်ဖော်ပြီလို့။

"ဒါတွေ ထားပါဦး၊ 'ထား'မေးပါရစေဦး၊ ထားကို မိနေ့ထိ မိန်းမ



www.burmeseclassic.com

www.burmeseclassic.com



မသူဘဲ စောင့်ဆိုင်းနေခဲ့တာ ထားကို တကယ်ပဲ မြတ်နိုးခဲ့လို့လား၊ ဒါမှ မဟုတ် တက္ကသိုလ်တုန်းက ထားက အဆောင်မှာကော မေဂျာမှာပါ Queen ဖြစ်ခဲ့လို့လား၊ ထားရဲ့မပြင်မဆင်အလှကြောင့်လား တစ်ချို့က ပြောဖူးတယ်လေ၊ ထားက အဲဒီတုန်းက လှယဉ်ကျေးမယ်ဝင်ရွေးရင်တောင် ရတယ်တဲ့၊ အဲ . . . ထားရဲ့ခန္ဓာကိုယ်အချိုးအစားကြောင့် ချစ်ခဲ့တာလား"

မထင်မှတ်ဘဲ ယခုလို အချိန်မျိုးကျမှ ဒေါ်နုနုထားက ဦးမင်းလွင်ကို ဘာသဘောနှင့် မေးလေသလဲမသိပါ။

"ထားမေးတဲ့ မေးခွန်းကို ကိုယ်ဖြေရမှာလား"

"ဖြေလေ . . . ထားသိချင်လို့"

ဦးမင်းလွင်က ဒေါ်နုနုထားကို ပြုံးရင်းကြည့်လိုက်ပြီး လက်ကျန် ဘီယာကို သောက်လိုက်ပါသေးသည်။

"ထားကို ချစ်မြတ်နိုးတာ စောစောက ထားပြောတာတွေ တစ်ခု မှမဟုတ်ဘူး၊ ထားက ဟာသဖြစ်အောင် ပြောတတ်လို့ အဲဒါကိုချစ်တာ . . . ဟား . . . ဟား"

"ဩော် . . . ရှင်က ဒီလိုလား၊ တော်ပြီ . . . သွား!"

"ထား . . . ထား . . . နေပါဦး"

ဦးမင်းလွင်စကားကြောင့် ဒေါ်နုနုထားတစ်ယောက် အပျိုမလေး တစ်ယောက်လိုမျိုး စိတ်ကောက်ပြီး ထိုင်ရာကနေအထမှာ ဦးမင်းလွင် က လက်ဖမ်းဆွဲပြီး အတင်းတားလိုက်ပါသည်။

"ထားရယ် . . . ကိုယ်က နောက်တာပါ၊ ထားကို မြတ်နိုးတာ စောစောက ထားပြောတာတွေ ကိုယ်ဘာမှမသိဘူး၊ ထားကို မြတ်နိုးစုံ မက်တဲ့ အရိုးခံသက်သက်နဲ့ ချစ်မိခဲ့တာပါ"

"တော်ပါ . . . စကားကို တွေ့ရာပြောနေတားများ ဟိုတုန်းက အတိုင်းပဲ . . . ဟွင်း!"

ဒေါ်နုနုထားက ဦးမင်းလွင်ကို မျက်စောင်းထိုးလိုက်ရင်းမှ ခုံမှာ



www.burmeseclassic.com

www.burmeseclassic.com



ပြန်ထိုင်လိုက်ပါသည်။

"အန်တီလေးနဲ့ ဒီက အန်ကယ်တို့ကတော့ ဗွီဒီယိုထဲက ပြေတီဦး နဲ့ အိန္ဒြာကျော်ဇင်သရုပ်ဆောင်တဲ့ အတိုင်းပဲနော်၊ ကျောင်းတုန်းကကော ဒါမျိုးပဲလား"

တစ်ချိန်လုံး ဘာစကားမှမပြောသည့် လင်းသန့်က ယခုမှ ဘာ စိတ်ကူးပေါက်သလဲမသိ မေးလိုက်ပါသည်။

"ဒါမျိုးပဲ ငါ့တူရယ်၊ မင်းရဲ့အန်တီလေးက စိတ်ကောက်၊ အန်ကယ် က ပြန်ချော့ရနဲ့ မင်းလည်း သမီးရည်းစားဘဝကို ကြုံဖူးမှာပေါ့၊ ဒါမျိုး တွေကို"

"ဟာ . . . မကြုံဖူးပါဘူးဗျာ၊ ကျွန်တော်က သန့်သန့်လေးပါ။ ဒီနေ့ထိ ဘာရည်းစားမှထားဖူးတာ မဟုတ်ဘူး"

"ဟုတ်လား၊ အင်း . . . အန်ကယ်ရဲ့တူမကတော့ ငါ့တူနဲ့ ဒီနေ ရာမှာ ကွာသွားပြီ၊ ရည်းစားက ဘာများသလဲမမေးနဲ့"

"များမှာပါ၊ သူက ရုပ်ချောတာကိုး၊ အန်ကယ်နဲ့တူလို့ပဲ ဖြစ်ရ မယ်"

လင်းသန့်စကားကြောင့် မေပျိုနည်းနည်း မျက်နှာပူသွားပါသည်။ ဦးလေးဖြစ်သူက သူမဂုဏ်ပုဒ်တွေကို လင်းသန့်ရှေ့မှာ လျှောက်ပြောနေ လို့ပါ။ တော်ကြာ . . . လင်းသန့်တစ်ယောက် သူမကို အထင်သေးသွား မလားလို့။

သို့သော် ကျေနပ်စရာကတော့ သူမ၏အလှကိုတော့ အရှိကို အရှိအတိုင်း ပြောတတ်သားပဲဆိုပြီး မိန်းကလေးပီပီ မေပျိုတစ်ယောက် စိတ်ထဲကနေ ကျေနပ်နေမိတာကတော့ အမှန်ပင် ဖြစ်ပါသည်။

ဒါကို လင်းသန့်ဆိုသူကတော့ ကွမ်းဝါးနေ၍ သိမည်မထင်ပါ။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

နှလုံးသားချိုတ်မှာ

ဘာမှတွယ်ငြိမစံဘူးဆိုကာမှ

အချစ်ငါးလေးတစ်ကောင်က

လာချိုပ်ဖြစ်အောင် ချိုတ်သေးရဲ့။

ကံဇာတ်ဆရာရယ်

အဲဒါ ...

'ရှင်' လွှတ်လိုက်တာ မဟုတ်လား!!

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

နည်းနည်းတော့ အစာမကြေချင်ဖြစ်လာပြီ။ ဘယ့်နှယ် . . . ရန်ကုန်မြို့မှာ ပိုက်ဆံပေးပြီး ကားငှားစီးရတာ သည်လောက်တောင် တောင်းတောင်းပန်ပန်နှင့် အောက်ကျို့ပြီး ငှားရတာ ကမ္ဘာမှာ မြန်မာနိုင်ငံပဲ ရှိပါလိမ့်မည်။ ဟိုကားငှားလည်း အဲဒီဘက်မရောက်လို့ သည်ကားငှားလည်း ဝေးလို့၊ လမ်းက မကောင်းလို့၊ ဆီကုန်လို့ စသဖြင့် ကားမောင်းသူတွေက အမျိုးမျိုးဆင်ခြေပေးကြသဖြင့် လင်းသန့်တော်တော် စိတ်ညစ်သွားသည်။ သည်နေ့မှ ကျောက်ကုန်းတွင်ရှိသော သူငယ်ချင်းတစ်ဦး၏အဖေဖြစ်သူကို လူနာလာကြည့်ရသည်။ သူငယ်ချင်း၏အဖေက သူနှင့် တစ်ပတ်တစ်ခါပြသနေသော သူ့လူနာဖြစ်သည်။ ခါတိုင်းဆိုလျှင် ကိစ္စမရှိ။ စီးနေကျ ဗောက်စ်ဝက်ဂွန်လိပ်ခုံးကားလေးနှင့် လာလျှင်ပြီးသည်။ ယခုတော့ လင်းသန့်စီးနေကျကားက အဒေါ်ဖြစ်သူ တိုက်တွန်းမှုကြောင့် ကားအလှပြင်သည့်နေရာသို့ ပို့ထားရသည်။ အိမ်မှာရှိသည့် မာစီဒီးကားကို စီးဖို့ကျပြန်တော့လည်း ကိုယ့်ကိုယ်ကို ကိန်းခန်းကြီးကြီး လူအထင်ကြီးမှာ ကြောက်သဖြင့် နောက်ဆုံးတော့ လူနာကြည့်ဖို့ ကားငှား



www.burmeseclassic.com

www.burmeseclassic.com



သွားခဲ့တာ အသွားတုန်းက ကိစ္စမရှိ။ ယခုပြန်မှ ဒုက္ခရောက်တော့သည်။ သူငယ်ချင်းအိမ်ကတော့ ပြောပါသေးသည်။ သူဖွင့်လှစ်ထားသော ဆေးခန်းကို လိုက်ပို့မည်ဆိုတာ သူက အားနာပြီး ငြင်းရသည်။ ယခုတော့ ကားငှားခြင်းဒုက္ခကို လင်းသန့်ကောင်းကောင်းကြီး ခံစားနေရပြီဖြစ်သည်။

မထူးတော့ပါဘူး . . . ကားတစ်စီးစီးတော့ ငှားလို့ရကောင်းပါသည်ဆိုပြီး လင်းသန့်က တွေးရင်းမှ ကွမ်းတစ်ယာကို ထပ်မံဝါးလိုက်ပြီး စားနေမိရင်းက သမ္မာဒေဝနတ်ကောင်းနတ်မြတ်များကို သွားလိုရာခရီး လျောလျောရှုရှုရောက်မည့် အငှားကားတစ်စီးပို့လွှတ်ပေးပါဟု စိတ်ထဲက ဆုတောင်းနေမိသည်။

❑

မေပျိုကားမောင်းလာရင်းမှ ကြည့်မိသည်။ ဟုတ်ပါရဲ့။ လင်းသန့်မှ လင်းသန့်အစစ်ပါ။ ပါးစပ်ထဲမှာ ကွမ်းဝါးရင်းက အငှားကားတွေကို လက်တားပြီး ရပ်ခိုင်းနေတာ ကားတွေက ခရီးသည်ပါလာသဖြင့် လုံးဝမရပ်ပေးပါ။

မေပျိုစဉ်းစားပါသည်။ လင်းသန့်တစ်ယောက် ကားငှားမရလို့ နည်းနည်းစိတ်ညစ်နေသည့် ပုံစံမျိုးရှိနေသည်ဟု . . .။

"ကားတွေကို လက်ပြပြီး တားနေတာ၊ ဘာလဲ . . . ယာဉ်ထိန်းရဲ လုပ်မလို့လား"

မေပျိုက လင်းသန့်ရှိနေသော နေရာသို့ ကားကိုမောင်းလာရင်းက ရပ်တန့်လိုက်ရင်းက ကားထဲကနေ နောက်လိုက်မိသည်။

"ဩော် . . . မမေပျိုပါလား၊ မဟုတ်ပါဘူးဗျာ . . . ဒီမှာ လူနာကိုလာကြည့်ပြီး ဆေးခန်းသွားမလို့ ကားငှားတာ ကားတွေက ခရီးသည်ပြည့်တာကပြည့်၊ တစ်ချို့ကားတွေကျတော့ ဘာဖြစ်သလဲ၊ ညာဖြစ်

www.burmeseclassic.com



သလေးနဲ့ဗျာ"

"ဒါဆိုလည်း တက်၊ ရှင်ဖွင့်ထားတဲ့ဆေးခန်း ဘယ်နေရာလဲပြော၊ ကျွန်မလိုက်ပို့မယ်"

"ဟာဗျာ . . . နေပါစေ မမေပျိုသွားစရာရှိတာသွားပါ၊ ကျွန်တော့်ဖာသာ သွားပါ့မယ်၊ မလုပ်ပါနဲ့"

လင်းသန့်က အားနာသဖြင့် ငြင်းပါသည်။

"ကဲပါ . . . တက်မှာတက်ပါ၊ ရှင်တော်တော်နဲ့ ကားရမှာ မဟုတ်ဘူး၊ ဘာမှအားနာမနေနဲ့"

"ဒါဖြင့်လည်း ခဏ . . . "

မေပျိုက လင်းသန့်ဘာလုပ်မလဲလို့၊ လင်းသန့်က အနီးနားတွင်ရှိသော ကွမ်းယာဆိုင်သို့သွားကာ ကွမ်းယာဝယ်ပါသည်။

တော်တော်ကရိကထများတဲ့ လူပဲလို့၊ မေပျိုက ကားနှင့်လည်း ဘင်ခေါ်ရသေးသည်။ လင်းသန့်ကွမ်းယာဝယ်တာလည်း စောင့်ရနှင့် မေပျို၏ဘဝမှာ သည်လိုယောကျ်ားမျိုး မတွေ့ဘူးသေးပါ။

"အခုလို စောင့်ပေးလို့ ကျေးဇူးပဲဗျာ၊ ကျွန်တော့်မှာက ဒီကောင်မရှိလို့ မဖြစ်ဘူး . . . ဟဲ . . . ဟဲ"

လင်းသန့်က သူ့စကားကို သူသဘောကျရင်းမှ ကွမ်းတစ်ယာကို ထပ်မံစားလိုက်ပြီး ကားထဲဝင်ထိုင်လိုက်ပါသည်။

"ဘယ်မောင်းပေးရမလဲ"

"ကျွန်တော့်ဆေးခန်းက မြောက်ဥက္ကလာမှာ ဖွင့်ထားတာ"

"ဟုတ်ပြီလေ . . . ကျွန်မကို မြောက်ဥက္ကလာပခုံးတံတားကို ရောက်ရင်ပြော၊ ဘယ်ကိုဆက်မောင်းရမလဲလို့"

မေပျိုက ကားကို ရန်ကင်းဖက်သို့ မောင်းလာခဲ့ပါသည်။ လင်းသန့်ကတော့ မေပျိုနှင့် ဘေးချင်းယှဉ်ခုံမှာ ထိုင်ရင်းက ဘာစကားမှ မပြောဘဲ ကွမ်းကိုဝါးရင်းနှင့် ဘာတွေတွေးနေသလဲ မသိပါ။



www.burmeseclassic.com

www.burmeseclassic.com



"ရှင်က ဆင်ခြေဖုံးမှာ ဆေးခန်းဖွင့်မယ့်အစား တစ်ခြားတစ်နေရာမှာ ဖွင့်ကြည့်ပါလား"

မေပျိုက စတင်ပြီး သူမသာဆိုလျှင် သည်လိုမျိုး ဆင်ခြေဖုံးမြို့နယ်မှာ လုံးဝဆေးခန်းမဖွင့်ဘူးဟု တွေးရင်းမှ လင်းသန့်အားပြောတော့ . . .

"ကျွန်တော်က ရိုးရိုးဆရာဝန်ဘွဲ့ပဲ ရှိသေးတာ၊ မေပျိုပြောတာမျိုးက ဆေးပညာဘွဲ့တွေ အများကြီးရပြီး အထူးကုဆရာဝန်ဖြစ်မှ လူချမ်းသာရပ်ကွက်မျိုးမှာ ဆေးခန်းဖွင့်လို့ရမှာ၊ ရိုးရိုးဆရာဝန်ဘွဲ့လောက်ကို စိတ်မဝင်စားတဲ့သူတွေ ရှိတယ်၊ အခု ကျွန်တော်ဖွင့်တဲ့ ဆေးခန်းကဆင်ခြေဖုံးမြို့နယ်ဆိုတော့ အခြေခံလူတန်းစားတွေ များတယ်၊ ရောဂါစုံတယ်၊ ဒီတော့ ကျွန်တော့်အတွက် ဗဟုသုတရတယ်၊ ဒ့ါအပြင် ကျွန်တော်နောက်ထပ်ဘွဲ့လွန်ကျောင်းစာအတွက် လူနာတွေက ကျွန်တော့်ရဲ့သင်ရိုးညွှန်းတန်းသင်ခန်းစာတွေပဲ၊ ပြီးတော့ ကျွန်တော်တာဝန်ထမ်းဆောင်ရတဲ့မြောက်ဥက္ကလာသင်ကြားရေးဆေးရုံကြီးနဲ့ကလည်း နီးတယ်လေ၊ ဒါကြောင့်ပါ"

လင်းသန့်က မေပျို့အမေးကို ရှင်းပြရင်းမှ ကွမ်းတစ်ယာကိုထပ်မံစားပြန်သည်။

မေပျိုတွေးပါသည်။ သည်လူ့နှယ် တော်တော်ကွမ်းစားတဲ့သူပဲလို့။ တစ်ခုတော့ မေပျိုချီးကျူးချင်သလို ဖြစ်မိပါသည်။ ကွမ်းသည်လောက်စားပြီး လင်းသန့်၏သွားတွေက ကွမ်းချေးတွေမတက်ဘဲ ဖြူဖွေးနေလို့ပါ။ သွားကို ဘယ်လောက်တောင် တိုက်သလဲမသိပါ။

မေပျိုက ဘာစကားကိုမှ ဆက်မပြောတော့ဘဲ ကားကို ဝေဇယန္တာလမ်းမကြီးအတိုင်း မောင်းလာပြီး ပါရမီမီးပွိုင့်သို့ရောက်သော် မီးစိမ်းသဖြင့် မြောက်ဥက္ကလာပခုံးတံတားဆီသို့ တည့်တည့်မောင်းလာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှာ မေပျိုမောင်းလာသော ကားနောက်ကနေ မော်တော်ဆိုင်ကယ်စူပါကပ်တစ်စီးက အရှိန်ဖြင့် ကျော်တက်ရင်းက ဆိုင်ကယ်ဘီးက ဘာဖြစ်သွားသလဲမသိ၊ အရှိန်ဖြင့် လမ်းဘေးသို့ ဆိုင်ကယ်က မှောက်သွားပြီး ဆိုင်ကယ်စီးဦးထုပ်မဆောင်းထားသော ဆိုင်ကယ်မောင်းသူမှာ ဆိုင်ကယ်ပေါ်ကနေ ကားလမ်းမဘေး မြက်ဖုတ်ထဲသို့ ခန္ဓာကိုယ်ဘေးစောင်းအနေအထားကျသွားသည်။

မေပျိုလည်း တစ်ခါဖူးမှ ထိုမြင်ကွင်းမျိုး မကြုံဖူးသဖြင့် ထိတ်လန့်တကြားဖြစ်ကာ ကားကို ဘရိတ်အမြန်အုပ်ရပ်လိုက်သည်။

"ဒုက္ခပါပဲ၊ ဆိုင်ကယ်သမား သေများသေသွားပြီလား မသိဘူး"

မေပျိုက စိုးရိမ်တကြီး ရေရွတ်နေစဉ်မှာပင် လင်းသန့်က ကားတံခါးအမြန်ဖွင့်ကာ မြက်ဖုတ်ထဲလဲကျနေသော ဆိုင်ကယ်မောင်းသမားရှိရာသို့ အမြန်ပြေးသွားလိုက်သည်။ မေပျိုလည်း ကားပေါ်မှဆင်းကာ လင်းသန့်နောက်သို့ လိုက်လာခဲ့သည်။

ဆိုင်ကယ်မှောက်သဖြင့် ဖြတ်သွားဖြတ်လာ ကားအချို့က ကားပေါ်ကနေ ကြည့်သွားကြသည်။ ဒတ်ဆန်းကားတစ်စီးကတော့ ဆက်မသွားဘဲ ဆိုင်ကယ်အနီးနားမှာ ရပ်လိုက်သည်။

"တော်ပါသေးရဲ့ . . . ညီလေး မင်းကံကောင်းတယ်၊ လက်နည်းနည်းပဲ ပွန်းသွားတာ"

လင်းသန့်က မြက်ဖုတ်ထဲလဲနေသော ဆိုင်ကယ်မောင်းသည့် လူငယ်လေးကို ဆွဲထူရင်းက ပြောလိုက်သည်။ ဆိုင်ကယ်မှောက်သည့် လူငယ်က နာလို့လားမသိ တော်တော်နှင့်မထနိုင်။

ဒတ်ဆန်းကားမောင်းသူက လမ်းမပေါ်လဲနေသော ဆိုင်ကယ်ကို ပြန်ထူလိုက်ရင်းက ဆိုင်ကယ်ဒေါက်ကို ထောက်လိုက်ပြီး . . .

"တော်သေးတယ် . . . ယာဉ်ထိန်းရဲမတွေ့လို့၊ ဆိုင်ကယ်ကို အရားဝင်စီးလို့ရတာ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ဦးလေးရဲ့၊ သူက ဆိုင်ကယ်ကို မတရားမောင်းရင်း ကျွန်မရဲ့ကားကို ကျော်တက်တာ ဆိုင်ကယ်'စလစ်'ဖြစ်သွားတယ် ထင်တယ်၊ ကျွန်မက သေပြီတောင် မှတ်တာ"

မေပျိုက ဒဏ်ဆန်းကားမောင်းသော ဦးလေးကြီးနှင့် တစ်ယောက်နှင့်တစ်ယောက် အပြန်အလှန် ပြောဆိုနေကြသည်။

"ညီလေး . . . မင်းလမ်းလျှောက်လို့ ရမလား"

"ရတယ် အစ်ကို၊ နည်းနည်းတော့ ခြေထောက်နာတယ်၊ ဒါနဲ့ အစ်ကို . . . အစ်ကို့မှာ ဟမ်းဖုန်းပါလား"

"ဘာလုပ်မလို့လဲ၊ အစ်ကို့မှာတော့ ဖုန်းပါမလာဘူး . . . နေဦး"

လင်းသန့်က မေပျို့ကို လှမ်းခေါ်လိုက်သည်။

"မေပျို . . . ဖုန်းပါရင် ခဏလောက်"

မေပျိုက ကားထဲကနေ ဟမ်းဖုန်းကို ပြန်ယူပြီး လင်းသန့်အား ပေးလိုက်သည်။

"ရော့ . . . ညီလေး . . . အိမ်ကိုဆက်မလို့လား၊ တကယ်လို့ ညီလေးဆိုင်ကယ်မမောင်းနိုင်ရင် ပြော၊ အစ်ကို ညီလေးရဲ့ဆိုင်ကယ်ကို မောင်းပြီး ညီလေးဆိုင်ကယ်ကို အိမ်ပြန်ပို့ပေးမယ်၊ ညီလေးက ဒီက အစ်ကို့မိတ်ဆွေရဲ့ကားနဲ့ လိုက်ခဲ့လေ၊ ညီလေးရဲ့အိမ်ရောက်မှ ညီလေး လက်က ဒဏ်ရာဆေးထည့်ပေးမယ်၊ အစ်ကိုက ဆရာဝန်ပါ"

"ကျေးဇူးတင်ပါတယ် အစ်ကို၊ အစ်ကိုတို့ဆီက ဖုန်းငှားရတာ ကျွန်တော့်မှာ အရေးကြီးတဲ့ကိစ္စရှိလို့ သတင်းပို့ရမှာမို့လို့ပါ"

"အေးပေါ့ . . . အိမ်ကိုပြောရမှာပေါ့"

"မဟုတ်ဘူး အစ်ကိုရဲ့၊ ကျွန်တော့်ရည်းစားဆီကို ဖုန်းဆက်သတင်း ပို့ရမှာ"

"ဘယ်လို . . . !"

ဆိုင်ကယ်မှောက်သည့် လူငယ်စကားကြောင့် လင်းသန့်ကော



www.burmeseclassic.com

www.burmeseclassic.com



မေပျိုသာမက ဒတ်ဆန်းကားမောင်းသူ ဦးလေးကြီးပါ အံ့အားသင့်သွားပါသည်။

"ဒီလို အစ်ကိုရဲ့ ကျွန်တော့်ရည်းစားက မှာထားတယ်၊ သူ့ဆီကို ဘာပြဿနာပဲဖြစ်ဖြစ် ဖုန်းဆက်အသိပေးရတယ်၊ အဲဒီလိုမှ အသိမပေးရင် သူသိလို့ကတော့ မလွယ်ဘူးတဲ့၊ အခုလို ဆိုင်ကယ်မှောက်တိုင်း အမြဲတမ်းဖုန်းဆက်အသိပေးရတယ်၊ အသိပေးတိုင်း သူက ဒေါသသံပါပါနဲ့ ပြောတော့တာပဲ၊ အခုလည်း ဖုန်းဆက်အသိပေးရင် သူက ဒေါသဖြစ်ပြီး ဆူဦးမှာ၊ ကျွန်တော်ကလည်း အဲဒီအသံလေးကို စွဲနေတာ၊ ဒဏ်ရာတွေဆိုတာ ဘယ်ရောက်သွားလဲ၊ နာတာတွေတောင် ဘယ်ရောက်သွားလဲ မသိဘူး၊ ဒီနေ့ဖုန်းမပါလာလို့ ကျေးဇူးပါပဲဗျာ"

"ဟာကွာ . . . မင်းကတော့"

လင်းသန့်ပါးစပ်မှ ထိုသို့ပြောရင်းက ရယ်ပါသည်။ လင်းသန့်သာမက မေပျိုကော ဒတ်ဆန်းကားမောင်းသည့် ဦးလေးကြီးပါ လူငယ်ကိုကြည့်ပြီး ရယ်မိပါသည်။

ဆိုင်ကယ်မှောက်သည့် လူငယ်ကတော့ တယ်လီဖုန်းခလုတ်တွေကိုနှိပ်ပြီး သူ့ရည်းစားကို သံတော်ဦးတင်တာ ဟိုက ဒေါသသံပါပါနှင့် ပြောသည့်စကားသံက ကျယ်ကျယ်ပြောလို့လားမသိ၊ လင်းသန့်တို့တွေကြားနေရပါသေးသည်။

သည်လိုအဖြစ်မျိုး မေပျို့ဘဝမှာ လင်းသန့်ကို သူ့ဆေးခန်းအားအားနှင့်လိုက်ပို့မှ ကြုံရတာ ပထမဦးဆုံးပင် ဖြစ်ပါတော့သည်။

❑

ပြောမပြောချင်ပါ။ ဆိုင်ကယ်မှောက်သည့် လူငယ်လေးအိမ်ရောက်တော့ လင်းသန့်က ချက်ချင်းမပြန်သေးဘဲ လူငယ်၏ဒဏ်ရာကို



www.burmeseclassic.com

www.burmeseclassic.com



သေသေချာချာ ကြည့်ပါသေးသည်။ ဒဏ်ရာက သိပ်အဆိုးကြီးမဟုတ်သဖြင့် စိုးရိမ်စရာမလိုကြောင်း မိဘတွေကို ရှင်းပြပြီး ဆိုင်ကယ်စီးလျှင် ပြဿနာများကြောင်းကို ဥပမာတွေနှင့်တကွ ဆရာတစ်ယောက်လိုမျိုး ရှင်းပြနေသဖြင့် အနီးနားတွင်ရှိနေသော မေပျိုတစ်ယောက် နည်းနည်းတော့ စိတ်ညစ်သွားသည်။

"ကိုလင်းသန့် . . . ဆေးခန်းဖွင့်ဖို့ နောက်ကျနေဦးမယ်နော်"

"ရပါတယ် . . . ကိုယ့်ဆေးခန်းပဲဟာ ဘယ်အချိန်ဖွင့်ဖွင့်ပါ"

မေပျိုက စကားစကိုဖြတ်ဖို့ မျက်နှာရိပ်မျက်နှာကဲပြပြီး စကားစကို လမ်းကြောင်းပေမယ့် လင်းသန့်က 'အ'တာလား သို့မဟုတ် မေပျို ပြန်ချင်မှန်းသိလို့ တမင်တကာ အချိန်ဆွဲသလား မသိပါ။ နောက်ထပ် နာရီဝက်လောက် မေပျိုသည်းညည်းခံရပါသည်။

"ကိုလင်းသန့် . . . အိမ်မှာ ကျွန်မအသိတစ်ယောက်နဲ့ ချိန်းထားသေးတယ်၊ အဲဒါ နောက်ကျနေမလားလို့"

"ဪ . . . ဟုတ်တာပေါ့၊ သွားမယ်လေ"

နောက်ဆုံးတော့ မေပျိုက စိတ်မရှည်သည့်အဆုံး လင်းသန့် မလိုက်ချင်လည်းနေ ထပြန်တော့မည်ဟု စိတ်ကူးပြီး ပြောတော့မှပဲ အဆင်ပြေပါတော့သည်။

ဆေးခန်းသို့ သွားသည့်လမ်းမှာ ကွမ်းယာထပ်ဝယ်ပြန်သဖြင့် သည်လူနှယ် ကွမ်းသည်လောက်တောင်ကြိုက်တာ ကွမ်းရောင်းသည့်မိန်းမကို ယူလိုက်ပြီးရောဟု စိတ်ထဲကနေ ပြောမိနေပါသေးသည်။

"ရပြီ . . . ရှေ့လမ်းကွေ့က ထိပ်က ဆေးခန်းပဲ"

လူဦးရေထူထပ်မှုများသည်ဟု ထင်ရသည့် ရပ်ကွက်၏လမ်းကျယ်ဘေးက လမ်းထိပ်အရောက်မှာ ဆယ့်ငါးပေကျယ်ဝန်းသည့် ဆေးခန်းဖွင့်ထားသော အဆောက်အဦရှေ့မှာ ရပ်ခိုင်းသဖြင့် ကားကိုရပ်ပေးလိုက်သည်။ လင်းသန့်က ဆေးခန်းထဲဝင်ဖို့ ပြောပေမယ့် မေပျိုက မဝင်



www.burmeseclassic.com

www.burmeseclassic.com



တော့ဘဲ ကားမောင်းထွက်ခဲ့သည်။

သည်လူ့ခမျာ သည်နေရာမှာမှ ဘာကြောင့်ဆေးခန်းဖွင့်မှန်း မသိ။ ရန်ကုန်မြို့မှာ ဆေးခန်းဖွင့်စရာရှားလို့လားဆိုပြီး မဆီမဆိုင် မေမို့က အပြစ်တင်နေမိပါသေးသည်။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

သူတို့မမက်ဖြစ်ခဲ့တဲ့

အိပ်မက်များ ...

တို့နှစ်ယောက်ကိုမှ

အိပ်မက်မက်စေရော့လား!!

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၄)

ကော်ဖီဆိုင်ထဲမှာ အချစ်သီချင်းသံက တိုးညှင်းစွာ ပျံ့လွင့်နေသည်။ မှာထားသော ကော်ဖီက ကောင်းလို့လားမသိ။ ကော်ဖီရနံ့က မွှေးလို့နေသည်။ မေပျို က ကော်ဖီကို တစ်ငုံသောက်ပြီး သစ်ကြားသီးကိတ်မုန့်ကို တစ်ဖဲ့ဖဲ့စားလိုက်သည်။ ကော်ဖီအရသာနှင့် သစ်ကြားသီးကိတ်မုန့်အရသာရှိပြီး လိုက်ဖက်ညီလိုက်တာလို့။

"မေပျို . . . ပြောပါဦး၊ ညည်း ငါနဲ့သက်သက်ချိုကို ဒီလိုခေါ်ပြီး ကျွေးမွေးမှတော့ ဘာလဲ . . . ညည်းရည်းစားအသစ်တစ်ယောက် ထပ်ရလို့ ကြွားမလို့လား"

"ကြူကြူဆွေရယ် . . . နင်လည်း မေပျို့ကိုပြောဦး၊ သူရည်းစားအသစ်ရတိုင်း ငါတို့ကိုကျွေးပြီး ပြောပြောနေတာ၊ ငါတို့လည်း စားရလွန်းလို့ မျက်နှာပူပြီ၊ တည်တည်တံ့တံ့လူကိုရှာပြီး ဘဝခရီးဖော်ရွေးခိုင်းဦး ဒီအရွယ်က အပျော်တွဲတာ တော်လောက်ပြီ"

သက်သက်ချိုက ကြူကြူဆွေအား ပြောသလိုလိုနှင့် မေပျို့ကို မသိမသာ ဆုံးမစကားဆိုပါသည်။ မေပျိုက ကော်ဖီကို နောက်တစ်ငုံ



www.burmeseclassic.com

www.burmeseclassic.com



သောက်လိုက်သည်။

"ဟဲ့ . . . နင်တို့ထင်တာတွေ စွတ်ပြောမနေနဲ့၊ ငါပြောတာကို သေသေချာချာ နားထောင်ဦး၊ ဒီတစ်ခါပြောမှာက လွန်ခဲ့တဲ့အနှစ်နှစ်ဆယ်လောက်ကနေ နောက်ကြောင်းပြန်သွားရမှာ၊ အဲဒီမှာ ရယ်စရာတွေ လွမ်းစရာတွေပါ နင်တို့ခံစားရမှာ"

"ကဲပါ . . . မေပျို့ရယ်၊ ပြောမှဖြင့်လည်း ပြော၊ စကားချီမနေနဲ့တော့"

ကြူကြူဆွေက နားထောင်ရမှာ သိပ်စိတ်မရှည်လို့လားမသိ။ ဂျယ်ရီကိတ်မုန့်ကို ဇွန်းနှင့် တစ်ဝက်ခန့်ဖဲ့ပြီး စားလိုက်ပါသည်။

"ဒီလိုဟ . . . ငါနဲ့ ငါ့ရဲ့အန်ကယ်လေးတို့နှစ်ယောက် × × × × × × × × × × × × × × × × × "

မေပျို့က လင်းသန့်နှင့်တွေ့ပုံ အစအဆုံးကို သူငယ်ချင်းနှစ်ယောက်အား အသေးဂိတ်ရှင်းပြပါသည်။

"မေပျို့ . . . ဒါဆို နင့်ဦးလေးနဲ့ သူ့ငယ်ချစ်ကြီးက ကြီးမှပြန်ဆက်ကြတာပေါ့၊ သူတို့နှစ်ယောက်ဇာတ်လမ်းကတော့ ရှယ်ပဲဟ၊ ဘာကြောင့်အချိန်တွေ ဒီလောက်ကြာသလဲ၊ သူတို့နှစ်ယောက် တစ်ယောက်နဲ့တစ်ယောက် ကျောခိုင်းသွားတဲ့ လျှို့ဝှက်ချက်ကို မေပျို့ . . . နင်ရအောင်မေး၊ ပြီးရင် ငါတို့ကို ရှင်းပြဦး"

"ကြူကြူဆွေ . . . အဲဒီအပိုင်းက ဇာတ်သိမ်းလို့ရပြီ၊ အဲဒါထက် အခုမှ ဇာတ်လမ်းစမယ့်အကြောင်းက ပိုစိတ်ဝင်စားဖို့ ကောင်းလာပြီ၊ ဦးလေးဖက်က တူမနဲ့ အဒေါ်ဖက်က တူနဲ့ ဟုတ်နေပြီ၊ ဘာလဲ . . . မေပျို့ . . . နင်က အဲဒီလင်းသန့်ကိုမြင်တာ သုံးခါလောက် ရှိသေးတယ်၊ နင်စိတ်ဝင်စားနေပြီ မဟုတ်လား"

သက်သက်ချိုက ကြူကြူဆွေစကားအဆုံး သူ့ထင်မြင်ချက်ကို ပြောရင်းက မေပျို့ကို မေးပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"သက်သက်ချိုရယ် . . . နင်လည်း ငါ့အကြောင်းသိရဲ့သားနဲ့ ငါက ဘယ်ယောက်ျားလေးကို ရည်းစားအဖြစ် ကြာကြာတွဲဖူးလို့လဲ၊ ငါနဲ့ တွဲတဲ့သူတွေကို ငါက အပျော်တွဲတာပဲ၊ ငါတကယ်ရင်ခုန်ရမယ့်သူ မရှိသေးပါဘူး၊ ဒါပေမယ့် ဒီလူကျတော့ ငါတွေ့ဖူးတာတွေနဲ့ ဆန့်ကျင်ဖက်ချည်းပဲ၊ စကားကို ပြောချင်သလို မပြောချင်သလိုနဲ့၊ လူပုံက ဆရာဝန်သာဆိုတယ် ဆရာဝန်ပုံစံမျိုး မဟုတ်ဘူး၊ ရှပ်အင်္ကျီနွမ်းနွမ်း၊ ပုဆိုးကလည်း နွမ်းနွမ်းနဲ့ တကယ့်ကို သာမန်လိုမျိုး ဝတ်တာစားတာ၊ ဒီကြားထဲ ငါအမုန်းဆုံးက ကွမ်းကို ပါးစပ်အနားမပေးဘဲ ဝါးတာ၊ ဒါပေမယ့် ချိုးကျူးစရာကျတော့ ရှိပြန်ရော၊ ဆရာဝန်စိတ်တော့ ရှိတယ်ဟ၊ လူနာကို အသေးစိတ်ဂရုစိုက်တာမျိုးတွေပေါ့ဟာ၊ ဆိုင်ကယ်မှောက်တဲ့ လူငယ်ကောင်လေးမှာ ငါတွေ့လိုက်ရတယ်၊ ပြီးတော့ ဆေးခန်းကိုလည်း တကယ့်အခြေခံလူတန်းစားတွေနေရာမှာ ဖွင့်ထားတာ သူ့ဆေးခန်းက သူနာပြုဆရာမ၊ အလုပ်သမားတောင် ရှိမယ့်ပုံမပေါ်ဘူး၊ လူနာမှ လာရဲ့လားမသိဘူး"

"ဟဲ့ . . . မေပျို၊ အဲဒါဆိုလည်း နင်က သွားပြီး အလုပ်သမားဒါမှမဟုတ် သူနာပြုသွားလျှောက်ပေါ့ဟာ"

"အမယ်လေး သက်သက်ချိုရယ်၊ တော်ကြာ . . . ငါ့ကို ကွမ်းယာဆိုင်ကနေ သူစားဖို့ ကွမ်းချည်းပဲ ဝယ်ခိုင်းလို့ ငါ့ဘဝမှာ ကွမ်းအဝယ်တော် ဖြစ်နေပါဦးမယ်၊ ဒီစကားဒီမှာတင်ရပ်"

မေပျိုက သက်သက်ချိုစကားကို ပြန်လည်ဝေဖန်ပြောဆိုလိုက်ပြီး လက်ကျန်ကော်ဖီကို သောက်ချလိုက်သည်။

"မေပျို . . . နင်အပြောမကြီးနဲ့၊ တော်ကြာ . . . တစ်နေ့နေ့မှာ သူက အိမ်ဦးခန်းမှာထိုင်ပြီး သူစားရမယ့်ကွမ်းကို ကွမ်းယာယာပေးရမယ့် အိမ်ရှင်မဖြစ်နေဦးမယ်နော်"

"ဟုတ်တယ် ကြူကြူဆွေ၊ တစ်ခုကောင်းတာက ဒါတို့နေထိုင်



www.burmeseclassic.com

www.burmeseclassic.com



မကောင်းဖြစ်ရင် မပူရတော့ဘူး၊ ပြီးတော့ ဆေးရုံတွေဘာတွေ မှာ ငါတို့အမျိုးတွေတက်ရင်လည်း ဘာမှစိုးရိမ်စရာမရှိတော့ဘူး၊ မေပျိုရဲ့ဒေါက်တာရှိနေပြီလေ"

သက်သက်ချိုက မေပျိုကိုကြည့်ပြီး စလိုက်တော့ . . .

"သိပ်အထင်ကြီးမနေနဲ့ တော်ကြာ . . . နင်တို့ပါ ကွမ်းဝယ်ပေးရမယ့်သူတွေ ဖြစ်နေဦးမယ်၊ လူနာကြည့်ခါနီး ကွမ်းစားချင်လို့ပါဆိုပြီးရော"

မေပျိုစကားကြောင့် သူငယ်ချင်းမနှစ်ဦးက ရယ်နေပါသည်။ ဟုတ်တယ်လေ။ မေပျိုက ကြုံဖူးတာ သူငယ်ချင်းမနှစ်ယောက်က သိမှမသိတာလို့။

❑

ဦးမင်းလွင်နည်းနည်းတော့ မူးချင်နေပြီ။ လက်ကျန်ဂျော်နီဝေါကားလေး သောက်နေတုန်းမှာပဲ ဒေါ်နုနုထားဆီက ဖုန်းလာသဖြင့် အရက်ကို ဆက်မသောက်ဘဲ ဖုန်းထဲကနေ စကားပြောရပါတော့သည်။ ဦးမင်းလွင်တော်တော်ကံကောင်းသွားသည်လို့ သူ့ကိုယ်သူ မှတ်ချက်ပေးနေမိသည်။ အရက်သောက်ကောင်းတုန်းမှာ ဒေါ်နုနုထားဆီက ဖုန်းလာလို့က သူကနည်းနည်းခပ်ထွေထွေဖြစ်ပြီး ဖုန်းပြောလို့က ဟိုက ရိပ်မိပြီး ဖုန်းထဲကနေဒေါ်သတကြီး စိတ်ဆိုးမာန်ဆိုးနှင့် ပြောလို့က နောက်ဆက်တွဲရှင်းရမှာတွေက အများကြီး။

တယ်လီဖုန်းထဲကနေ ဒေါ်နုနုထားညွှန်ကြားပြောဆိုသည့် စကားတွေကို အသေအချာ တသွေမတိမ်း နားထောင်ရင်းမှ ဒေါ်နုနုထားပြောသည့်အတိုင်း လုပ်ပါ့မည်ဟု ကတိပေးတော့မှ တစ်ဖက်က ဖုန်းပြောခြင်းကို ရပ်တန့်လိုက်သည်။ ထိုအခါမှပဲ ဦးမင်းလွင်တစ်ယောက် စိတ်အေး



www.burmeseclassic.com

www.burmeseclassic.com



လက်အေးနှင့် လက်ကျန်ကို အပြတ်ရှင်းနိုင်တော့သည်။

ဦးမင်းလွင်အဖို့ ပထမသောက်ထားသည့် အခံကရှိသဖြင့် တခဏအတွင်းမှာ ရီဝေဝေဖြစ်လာပါတော့သည်။ Dream Bed ပေါ်မှာထိုင်ရင်း နိုင်ငံခြားသီချင်းခွေ ဖွင့်နားထောင်ပြီး ဇိမ်ယူမယ်လို့ ကြံစည်ကာမှ တစ်စုံတစ်ရာကို သတိရသွားသဖြင့် မူလအကြံအစည်ကို ဖြတ်လိုက်ရသည်။ အကြံအစည်ကို မဖြတ်လို့ကလည်း မရ။

ညနေငါးနာရီခွဲပြီးပြီဖြစ်သဖြင့် အမိကအရေးကြီးသော ကိစ္စကို လုပ်ရမှာမို့လို့ ဖြစ်သည်။ ထိုအမိကကိစ္စက မွေးထားသော 'တယ်ရီ' ဆိုသည့်ခွေးကို အစာကျွေးဖို့ ဖြစ်သည်။ ခြံထဲမှာ လွှတ်ထားသော ခွေးကို ဦးမင်းလွင်က အသံပေးပြီးခေါ်ပေမယ့် ခွေးကရောက်မလာသဖြင့် ဦးမင်းလွင်တစ်အိမ်လုံးအနှံ့ကော ခြံထဲမှာပါ ရှာသော်လည်း မတွေ့။ နောက်မှ သတိရမိသည်။ အိမ်ရှေ့ခြံဝင်းတံခါးကို ဖွင့်ထားမိသဖြင့် ခြံထဲမှာပဲ တံခါးပိတ်ထားသဖြင့် နေနေရသော ခွေးက ခြံတံခါးဖွင့်ထားတုန်း အပြင်ကို ထွက်သွားတာပဲ ဖြစ်မည်ဟု။

ဦးမင်းလွင်စဉ်းစားရင်းမှ သောက်ထားသည့် အရက်မူးတာတောင် ပြေချင်သလို ဖြစ်သွားပါသည်။ အရက်မူးမပြေချင်လို့က မဖြစ်။ 'တယ်ရီ'ဆိုသော ခွေးက နိုင်ငံခြားကနေ တူမဖြစ်သူက ခွေးမွေးချင်သည် ပြောသဖြင့် မေပျို၏မိဘနှစ်ပါးက မြန်မာနိုင်ငံအလည်လာတုန်းက မေပျိုအတွက် ယူလာခဲ့ခြင်း ဖြစ်သည်။ ထိုခွေး၏တန်ဖိုးက မသေး။ အနည်းဆုံး မြန်မာငွေဆယ်သိန်းခန့်ရှိပြီး မြန်မာနိုင်ငံမှာ ထိုခွေးမျိုးက မရှိ။ ထို့ကြောင့် ပတ်ဝန်းကျင်က မြင်ဖူးသူတွေကတောင် ထိုခွေးကို သဘောကျသူကကျ ပြန်ရောင်းမလား ပြောသူကပြောနှင့် ထိုသို့ပြောတိုင်း မေပျိုနှင့် စကားများမလိုဖြစ်ရတာက ခဏခဏ။ မေပျိုဆိုသည့် ဦးမင်းလွင်တူမကလည်း ကြောင်ဆိုလျှင် မုန်းသလောက် ခွေးကျတော့ ဘာချစ်သလဲမမေးနှင့်။

အခု ခြံထဲကနေထွက်သွားသော ခွေးက ဟိုရောက်သွား၊ ဒီ

www.burmeseclassic.com



လျှောက်သွားတာက ကိစ္စမရှိ။ တစ်ယောက်ယောက်က ဖမ်းပြီး ယူသွားလျှင် မေပျို့နှင့်သူ ပြဿနာအကြီးအကျယ်တက်ပြီ ဖြစ်သည်။

ထို့ကြောင့် မဖြစ်သေးပါဘူးဟုဆိုပြီး ရပ်ကွက်ထဲသို့ ခွေးပျောက်ရှာပုံတော် အမြန်ထွက်လာခဲ့မိသည်။

ဦးမင်းလွင်က ပထမဦးဆုံး လမ်းမြောက်ဖက်မှာ ရှာကြည့်သေးသည်။ 'တယ်ရီ'ဆိုသော ခွေး၏အရိပ်အယောင်ကို လုံးဝမမြင်ရ။ ထို့ကြောင့် လမ်းထိပ်ဖက်သို့ ဆက်ရှာပြန်သည်။

မဆီမဆိုင် ပျောက်သောခွေးကိုရှာနေတာ အကယ်၍များ ချစ်လှစွာသော ဒေါ်နုနုထားတစ်ယောက်များသိလျှင် ဘာပြောလေမလဲလို့ ပြုံးမိရင်းက ဦးမင်းလွင်မျက်ဝန်းထဲမှာ ဒေါ်နုနုထားရုပ်ပုံလွှာက ပေါ်လာပြီး သီချင်းဆိုချင်စိတ်ဖြစ်လာသည်။

"အရင်အတိုင်းလှနေတယ် × × × အခုလည်း လှပါတယ် × × × × ဆံပင်ရှည်တွေတော့ မညှပ်ပါနဲ့ × × × အိုကွာ သိပ်ချစ်နေတာ × × × × အရင်အတိုင်း လှနေတာ × × ×"

ဦးမင်းလွင်နှုတ်ဖျားကနေ တစ်ဝက်တစ်ပျက်သာရသော ထူးအိမ်သင်၏ 'အရင်အတိုင်း' သီချင်းကိုသီဆိုရင်း ခွေးပျောက်ရှာပုံတော်ဖွင့်နေမိသည်။

"ဗျို့ . . . ကိုမင်းလွင်၊ သီချင်းလေး တအေးအေးနဲ့ ဟိုရှာဒီရှာ ဘာရှာနေတာလဲဗျ"

လမ်းထဲမှ ဦးဘလှက ဘယ်ကနေ ပြန်လာသလဲမသိ။ ဦးမင်းလွင်၏အပြုအမူကိုကြည့်မိပြီး မေးပါသည်။

"ခွေးရှာနေတာ ကိုဘလှရေ၊ ခြံတံခါးမေ့ပြီး ဖွင့်ထားမိတာ ခွေးက အပြင်ထွက်သွားလို့"

"ဟာဗျာ . . ဒီလောက်တန်ဖိုးကြီးတဲ့ခွေးကို တစ်ယောက်ယောက်က ဖမ်းမသွားဘူးလို့ ပြောလို့မရဘူး၊ ရှာမှရှားတဲ့ ခွေးမျိုးပဲ၊ ဒါနဲ့များဗျာ



www.burmeseclassic.com

www.burmeseclassic.com



. . . ခင်ဗျားက ခွေးပျောက်ရှာတာ သီချင်းတွေဘာတွေ ဆိုနေသေးတယ်၊ ခွေးပျောက်သွားလို့ကတော့ နှမျောစရာကြီး၊ ခင်ဗျားရဲ့တူမကလည်း ဒီခွေးကို တော်တော်ချစ်တာနော်"

"ဟုတ်တယ် ကိုဘလှရေ၊ ခွေးကို အပြင်ထွက်လို့ တစ်ယောက်ယောက်ကပဲ ဖမ်းသွားလား၊ ဒါမှမဟုတ် ခွေးက မသွားတတ်၊ သွားတတ်နဲ့ ဟိုသွားဒီသွား သွားလေသလား မသိဘူး၊ ကျွန်တော် လိုက်ရှာကြည့်ဦးမယ်၊ တွေ့ရင်တော့ တွေ့ပေါ့ဗျာ၊ မတွေ့ရင်တော့ စောစောကလို သီချင်းဆိုသံမျိုး ကြားရမှာမဟုတ်ဘူး၊ ခင်ဗျားကြားရမှာက ကျွန်တော့်ရဲ့ငိုသံပဲ၊ နားဆင်ချင်တယ်ဆိုရင် ကျွန်တော်ခွေးပျောက်လို့ရှာတာ ပြီးတဲ့အချိန်အထိသာ စောင့်ကြည့်ပေတော့"

"ကိုမင်းလွင်ရာ . . . ခင်ဗျားကောင်းနေပြီထင်တယ်၊ ခင်ဗျားငိုတာကြီးတော့ မကြည့်ချင်ပါဘူး၊ ကောင်မလေးတစ်ယောက်ငိုရင် တော်သေးရဲ့၊ ကိုယ်က ချော့လို့ရဦးမှာ၊ ခင်ဗျားဘာသာဆက်ရှာ၊ ခွေးတွေ့လို့ပဲဖြစ်ဖြစ်၊ မတွေ့လို့ပဲဖြစ်ဖြစ် ငိုငိုရယ်ရယ်သွားပြီ"

လမ်းထဲမှာနေထိုင်သူ ကိုဘလှက ဦးမင်းလွင်အား ရယ်ရယ်မောမောပြောရင်းမှ အနီးနားကနေ ထွက်သွားပါသည်။

ဦးမင်းလွင်ကတော့ သီချင်းကလေးညည်းလိုက် ခွေးကိုရှာလိုက်နှင့် နောက်ဆုံးတော့ ခြံဝင်းထဲကနေ သခင်မသိအောင် ခိုးထွက်သွားသော 'ဘယ်ရီ'ဆိုသည့်ခွေးကို လမ်းထိပ်ညောင်ပင်ကြီးနားမှာ တွေ့လိုက်ရသည်။

ရှားရှားပါးပါး မျိုးကောင်းမျိုးသန့်ဖြစ်သော 'တယ်ရီ'ဆိုသည့်ခွေးကို ရပ်ကွက်ထဲက ဘယ်ကနေဘယ်လို ပေါက်ဖွားလာမှန်းမသိသည့် ခွေးမနှစ်ကောင်က ပလူးပလဲလုပ်ရင်း ကျီစားနေသည်အား 'တယ်ရီ'က ခွေးဘို့သဘာဝပီပီ ကျော့ကျော့နပ်နပ်ကြီး အမြီးနန့်ရင်းက ဖိုသံပေးပြီး အဟီးတိုးနှင့် 'အူ'လိုက်၊ မြေကြီးပေါ်မှာ လှိမ့်လိုက်နှင့် ရှိနေတုန်းမှာ ခွေးမနှစ်ကောင်အနက် ခွေးမတစ်ကောင်က 'တယ်ရီ'နားရွက်ကို သို့လျှာနှင့်



www.burmeseclassic.com

www.burmeseclassic.com



လျှော်ပေးတာကို ကျန်သည့်ခွေးမတစ်ကောင်က ခွေးမိန်းမသားတို့ပီပီ မနာလိုဝန်တိုဖြစ်ရင်းက 'တယ်ရီ'နှင့် ပလူးပလဲလုပ်သည့် ခွေးမအား ဝင်ကိုက်ပါတော့သည်။ ခွေးမနှစ်ကောင်၏ 'တယ်ရီ'အချစ်လုပွဲကြီးအတွက် တစ်ကောင်နှင့်တစ်ကောင် ဒေါသသံပါပါဖြင့် ဟောင်ကြရင်း ကိုက်ကြ တာ နောက်ဆုံး ထိုခွေးမနှစ်ကောင်နှင့်ပတ်သက်သည့် ခွေးမျိုးခွေးနွယ် တွေ ရောက်လာပြီး 'တယ်ရီ'ကြောင့် ခွေးအချင်းချင်း 'ဟောင်'သံများဖြင့် စစ်ခင်းကြပါတော့သည်။ လမ်းထိပ်ညောင်ပင်ကြီးနားရှိ မြေကွက်လပ် သည် ခွေးမနှစ်ကောင်အချစ်လုပွဲကြောင့် ခွေးစစ်တလင်းမြေပြင် ရုတ် ချည်းဖြစ်သွားပါတော့သည်။

ထိုမြင်ကွင်းကိုမြင်ရသော ဦးမင်းလွင်ခမျာ သူ့ခွေး'တယ်ရီ'၏ အခြေအနေကို ကောင်းကောင်းသိလိုက်သည်။ ခွေးမနှစ်ကောင်၏ အမျိုး အနွယ်များကြောင့် အရေးပေါ်ဒဏ်ရာရမှာကို မလိုလားသဖြင့် ယောက်ျား တို့သတ္တိပြမည်ဆိုပြီး အနီးအနားမှာရှိသော ခဲလုံးများနှင့် ကောက်ပေါက် ပြီး ခွေးစစ်ပွဲကို ဖျန်ဖြေရတော့သည်။ ခဲလုံးမှန်သော သူရဲကောင်းခွေး အချို့ 'ဂိန်' 'ဂိန်' အော်ပြီး ပြေးပါတော့သည်။ 'တယ်ရီ'၏အချစ်ကိုလုပြီး စစ်ပွဲစတင်ခဲ့သော ခွေးမနှစ်ကောင်လည်း 'တယ်ရီ'အား လှည့်တောင် မကြည့်တော့ဘဲ ကျောခိုင်းပြီး ပြေးတာကို 'တယ်ရီ'က စိတ်နာလို့လား မသိ။ ဦးမင်းလွင်က ပါးစပ်က အသံပေးပြီး ခေါ်သောအခါ ချက်ချင်း ရောက်လာပါသည်။ ဦးမင်းလွင်လည်း တယ်ရီကို ပွေ့ပိုက်ပြီး အိမ်သို့ ပြန်ခေါ်လာရတာ တူမဖြစ်သူမသိတာ ကံကောင်းလေစွဟု . . .။

❑

ဦးမင်းလွင်အဖို့ သည်နေ့ထိပေါက်တာနှင့် အတူတွေလို့။ ဘယ် လိုမှ သူ့အဖို့ မမျှော်လင့်ထားသောကိစ္စက ကြုံလာသည်။ ညက နည်း



www.burmeseclassic.com

www.burmeseclassic.com



နည်းများသွားသဖြင့် အိပ်ယာထနောက်ကျသွားသည်။ အိပ်ယာကနိုး တော့ မနက်ဆယ်နာရီတောင် ထိုးတော့မည်။ ရေမိုးချိုး၊ အဝတ်အစား လဲပြီးသည့်အချိန်မှာ သူကိုင်သော ဟမ်းဖုန်းထဲ ဖုန်းလာပါသည်။ မည်သူ ဆက်သလဲ နံပါတ်ကိုကြည့်လိုက်တော့ ဒေါ်နုနုထား၏ဖုန်းနံပါတ်ဖြစ်နေ သည်။ ဝမ်းသာအားရနှင့် ဖုန်းကိုနားထောင်လိုက်တော့ ထပ်မံဝမ်းသာ စရာအဖြစ်မျိုး ကြုံရပြန်သည်။

သည်နေ့ ဒေါ်နုနုထားမွေးနေ့ဖြစ်သဖြင့် ဒေါ်နုနုထားက ရွှေ တိဂုံဘုရားသွားပြီး သူမဂျိုဟ်တိုင်မှာ ဆီမီးပန်းကပ်ပူဇော်မည်။ ဘုရားကို ရွှေပြားလှူမည်။ ထို့ကြောင့် ဟိုးတုန်းကတွေ့နေကျ ရွှေတိဂုံဘုရားရင်ပြင် တော်ပေါ်က တနင်္ဂနွေထောင့်နားက တန်ဆောင်းကနေ စောင့်နေပါ။ တစ်ခုခုပါကျွေးမည်။ တူမဖြစ်သူကိုပါ ခေါ်လာပါဆိုသဖြင့် ဦးမင်းလွင် က ဖုန်းထဲကနေ ဒေါ်နုနုထားမွေးနေ့ကို ဆုတောင်းပေးလိုက်ရင်း ချက် ချင်းလာခဲ့မည်ဟု ပြောလိုက်သည်။

ပြီးတော့ တူမဖြစ်သူမေပျိုအား ထိုသတင်းကို ဝမ်းသာစွာနှင့် ပြောဖို့ ခေါ်သော်လည်း မေပျို့အသံကို လုံးဝမကြားရ၊ အိမ်မှာ ဝိုင်းကူ လုပ်သော မရီကိုမေးတော့ မနက်ကိုးနာရီလောက်ကပဲ ကားနှင့်ထွက်သွား သည်ဟု ပြောသည်။ မေပျို့ဖုန်းကိုဆက်ဖို့ လုပ်သေးသော်လည်း နောက် တော့မဆက်တော့ပါဘူး ကိုယ့်ဖာသာကိုယ် တစ်ယောက်တည်းသွားမည် ဆိုပြီး ရွှေတိဂုံဘုရားသို့ ထွက်လာခဲ့သည်။

ရွှေတိဂုံဘုရားရင်ပြင်တော် တနင်္ဂနွေထောင့်နားက တန်ဆောင်း ကိုရောက်တော့ ဒေါ်နုနုထားက ကြိုရောက်နေသည်။ ဒေါ်နုနုထားတစ် ယောက်တည်း။ မွေးနေ့မို့လို့လား မသိ။ ဒေါ်နုနုထားက အပီကို'လန်း' နေအောင် ဝတ်ထားစားထားသည်။ တူဖြစ်သူလင်းသန့်ကိုတောင် ဒေါ်နု နုထားဘေးမှာ မတွေ့ရပါ။

"ထား . . . စောင့်နေရတာ ကြာသွားပြီလား . . . နေဦး"



www.burmeseclassic.com

www.burmeseclassic.com



ဦးမင်းလွင်က ရောက်ရောက်ချင်း ပြောလိုက်ရင်းမှ တစ်စုံတစ်ရာကို သတိရသွားသဖြင့် ဒေါ်နုနုထားအနီးမှ ပြေးထွက်သွားကာ ဘုရားရှင်ပြင်ထိပ် တောင်ဘက်မုခ်ဝနားက ပန်းရောင်းသည့်ဆိုင်ကနေ နှင်းဆီပန်းအပွင့်ကြီးတစ်ပွင့်ကို တောင်းဝယ်ယူပြီး ဒေါ်နုနုထားရှိရာ ပြန်လာခဲ့သည်။

"ထား . . . မှတ်မိတယ်နော်၊ ထားရဲ့မွေးနေ့ရောက်တိုင်း ဟောဒီလိုမျိုး နှင်းဆီပန်းတစ်ပွင့်ကို ကိုယ်က ထားရဲ့ဆံကေသာအထက်မှာ ပန်ပေးခဲ့တာလေ"

"ဒါပဲလား ကိုမင်းလွင်၊ ဘယ်နေရာမှာ ပန်ပေးတာလဲ"

"ဒီလိုဘုရားရင်ပြင်တော်ပေါ်က ထားရဲ့မွေးနံထောင့်မှာပေါ့"

"ထားယုံပါတယ် ကိုမင်းလွင်၊ ဒါကြောင့်လည်း ထား ကိုမင်းလွင်ကို ဖုန်းဆက်လိုက်တာပေါ့"

"ကဲ . . . ဒါဖြင့်ရင် ထားရေ၊ ဟိုတုန်းကအတိုင်းပေါ့နော်"

ဦးမင်းလွင်က ဒေါ်နုနုထားရဲ့လက်ကိုကိုင်ပြီး ဒေါ်နုနုထားမွေးနံထောင့်သို့ ခေါ်လာခဲ့သည်။ ပြီးတော့ ဒေါ်နုနုထား၏ဦးခေါင်းဆံကေသာပေါ် နှင်းဆီပန်းကို ပန်ပေးပြီး ဒေါ်နုနုထားလက်ထဲမှ ဘုရားပန်းများကို စနေဂြိုဟ်တိုင်ထောင့် ပန်းအိုးတွေမှာ ထိုးလိုက်သည်။ ဒေါ်နုနုထားက လက်အုပ်ချီပြီး ကန်တော့တာကိုကြည့်ရင်း သည်မနက် ခါတိုင်းလိုမျိုး သောက်နေကျ 'မောနင်းပက်' မသောက်မိတာ ကံကောင်းလေစွလို့တွေးရင်း ဒေါ်နုနုထားတစ်ယောက် ကျန်းမာပါစေလို့ ဆုတောင်းနေမိသည်။

"ကိုမင်းလွင် . . . ရောက်တုန်းရောက်ခိုက် ဘုရားဝတ်ပြုပါဦးလား"

"နေပါစေထားရယ်၊ အိမ်မှာ ညတိုင်းဝတ်ပြုနေကျပဲလေ"

ဒေါ်နုနုထားက အလိုမကျသလို ဖြစ်သွားရင်းက . . .

"ကိုမင်းလွင် . . . ရှင်ဟာလေ အရင်အတိုင်းပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါကတော့ ထားရယ်၊ အစဉ်အလာကို ထားမေ့မှာစိုးလို့ပါ"

"တော်ပါ . . . အပယ်ကျနေမှာစိုးလို့ ပြောတာ"

"ကဲ . . . ဒါဖြင့်လည်း ထားအလိုကျဖြစ်စေရမယ်"

ဦးမင်းလွင်က ဒေါ်နုနုထားအလိုကျ ဦးချကန်တော့လိုက်ပါသည်။ ဒေါ်နုနုထားက သူ့စကားကို ဦးမင်းလွင်နားထောင်လို့ ကျေနပ်နေပါသည်။

"ကိုမင်းလွင် . . . ရွှေပြားလှူဖို့ သွားရအောင်၊ ပြီးမှ ထားက နေ့လယ်စာလိုက်ကျွေးမယ်၊ ဒါနဲ့ ကိုမင်းလွင်ရဲ့တူမလေးကော"

"ကိုယ်အိပ်ယာထနောက်ကျသွားတော့ ကိုယ့်တူမက ကားတစ်စီးနဲ့ ဘယ်အချိန်ကတည်းက ထွက်သွားလဲ မသိဘူး၊ ဖုန်းဆက်ခေါ်ဦးမလို့ဘဲ နောက်ကျနေမှာစိုးလို့၊ ဒါနဲ့ ထားရဲ့တူကော"

"သူက ဒီနေ့ဆေးရုံမှာ ဂျူတီကျတယ်လေ၊ ဘယ်လိုမှ ထွက်လို့ မရဘူး၊ ကဲ . . . လာပါ သွားရအောင်"

ဒေါ်နုနုထားစကားအဆုံးမှာ ဦးမင်းလွင်က ဒေါ်နုနုထားလက်ကိုကိုင်ပြီး နှစ်ယောက်သား လက်ချင်းချိတ်ရင်းက ရွှေပြားဆက်ကပ်လှူဒါန်းမည့်နေရာသို့ ထွက်လာခဲ့ပါသည်။

"ရွှေဆိုင်းတစ်ရာဆိုင်းတစ်ဆိုင်း လှူချင်ပါတယ်"

"ရပါတယ် ခင်ဗျာ"

ရွှေပြားလှူဒါန်းဖို့ ရောင်းချသည့်နေရာရောက်တော့ ဒေါ်နုနုထားကမေးပြီးနောက် လှူဒါန်းဖို့ ကျသင့်ငွေကို ပေးလိုက်သည်။

"ဒီက နာမည်ကိုပြောပါ"

ရွှေပြားရောင်းသည့်နေရာမှ လူကမေးသဖြင့် ဦးမင်းလွင်က သူ့နာမည်ကိုပြောလိုက်သလို ဒေါ်နုနုထားနာမည်ကိုလည်း မေးသဖြင့် ဒေါ်နုနုထားက ဖြေလိုက်ပြီး အိမ်လိပ်စာပါ ပေးလိုက်သည်။ ထို့နောက် အလှူခံဖြတ်ပိုင်းမှာရေးပြီး ဖြတ်ပိုင်းဖြဲထားသည့် တစ်ဝက်ကို ဒေါ်နုနု



www.burmeseclassic.com

www.burmeseclassic.com



ထားအား ပေးလိုက်သည်။

"သာဓုပါခင်ဗျာ၊ အလှူ့ဒါယိကာဦးမင်းလွင်နဲ့ အလှူ့ဒါယိကာမ ဒေါ်နုနုထားတို့ဇနီးမောင်နှံက ရွှေတိဂုံစေတီတော်မြတ်ကြီးအား ရွှေဆိုင်း အပြားတစ်ရာ လှူဒါန်းသွားပါတယ်၊ ဒီလင်ဒီမယား အိုအောင်မင်းအောင် ပေါင်းနိုင်ပါစေလို့ × × ×"

ရွှေပြားလှူသည့်နေရာမှ လူက မိုက်ကရိုဖုန်းကနေ အဆက်မပြတ် အော်နေတာကို ဦးမင်းလွင်က ကျေနပ်နေမိသည်။ ဒေါ်နုနုထားကတော့ အနည်းငယ်ရှက်လို့လားမသိ။

"ကိုမင်းလွင် . . . သွားမယ် . . . သွားမယ်"

"ထားကလည်း ဒီလောက် နားထောင်ကောင်းနေတာ"

ဦးမင်းလွင်က ရယ်ရယ်မောမောပြောဆိုရင်းက ထိုနေရာကနေ နှစ်ယောက်သား ထွက်လာခဲ့သည်။

အခုတော့ အသက်အရွယ်နည်းနည်းရလာလို့သာ ဒေါ်နုနုထား က အနည်းငယ်လောက်သာ ရှက်ရွံ့တာလို့။ ဟိုးတုန်းကများ ဒီလိုပုံစံမျိုး ဆို အရှက်အကြောက်ကြီးသော ဒေါ်နုနုထားတစ်ယောက် ထိုနေရာမှာ တင် 'ရှက်'လို့ တစ်ခုခုဖြစ်ပြီလို့။

အချိန်ကာလဆိုသည်မှာ အရာရာကို ကုစားပေးပြီး ပြောင်းလဲ အောင် လုပ်တတ်တာပဲလို့ ဦးမင်းလွင်တွေးနေမိပါသည်။

❑

စားသောက်ဆိုင်ထဲမှာ ဒေါ်နုနုထားကို မနည်းခွင့်ပန်ပြီး ဘီယာ သောက်ရတာ အရက်နှစ်ပက်လောက်သောက်ရတာမျိုးလောက် အာသီ သမရှိလှသဖြင့် ဦးမင်းလွင်အဖို့ တစ်ခုခုလိုနေသလိုမျိုး ခံစားနေရသည်။ ထိုဖြစ်အင်ကို ဒေါ်နုနုထားက သိပုံမပေါ်ဘဲ မှာထားသည့်အစားတွေကို



www.burmeseclassic.com

www.burmeseclassic.com



သာ စားနေသည်။

"ထားရဲ့မွေးနေ့ကတော့ ဟုတ်နေပြီ၊ ရှေ့လာမယ့်အပတ် ဗုဒ္ဓဟူး နေ့မှာ ထားရဲ့တူမွေးနေ့လေ၊ ဘာလိုလိုနဲ့ ထားရဲ့တူ လင်းသန့်ဘောင် နှစ်ဆယ့်ငါးနှစ်ပြည့်ပြီ"

"ဟုတ်လား . . . ထား၊ တိုက်ဆိုင်လိုက်တာ . . . ရှေ့လာမယ့် ကြာသပတေးနေ့လည်း ကိုယ့်ရဲ့တူမ နှစ်ဆယ့်ငါးနှစ်ပြည့်ပြီ"

ဒေါ်နုနုထားက စားလက်စကို ဆက်မစားဘဲ တစ်စုံတစ်ခုကို တွေးပြီးနောက် . . .

"ကိုမင်းလွင် . . . တိုက်တိုက်ဆိုင်ဆိုင်ပါပဲ၊ ရှင့်ရဲ့တူမနဲ့ ထားရဲ့ တူ မွေးနေ့အတွက် ထားတို့တစ်တွေ ဘာလုပ်ပေးရင် ကောင်းမလဲ၊ ဒီနေ့ သူတို့နှစ်ယောက်ပါလာရင် သိပ်ကောင်းမှာ"

ဒေါ်နုနုထားစကားကို နားထောင်နေသော ဦးမင်းလွင်ပြုံးလိုက် ပါသည်။

"ကိုယ်စဉ်းစားထားပြီးပါပြီ ထားရယ်၊ ကိုယ်တို့နှစ်ယောက်လိုမျိုး သူတို့တွေမဖြစ်ရအောင် သူတို့နှစ်ယောက်စလုံးအတွက် ဦးလေးနဲ့အဒေါ် က လက်ဆောင်ပေးရမှာပေါ့"

"ဘာလက်ဆောင်မို့လို့လဲ ကိုမင်းလွင်ရဲ့"

"ထားရယ် . . . ဒါက လွယ်ပါတယ်၊ ထားရဲ့တူနဲ့ ကိုယ့်တူမကို လက်ထပ်ပေးမယ့် လက်ဆောင်ပေါ့"

"မဖြစ်ဘူးထင်တယ်၊ သူတို့တွေ တွေ့တာမှ မကြာသေးတာ"

"ဒီမှာထား . . . နေရာတကာ ကိုယ်နဲ့ထားရဲ့ခေတ်ကလိုမျိုး မှတ်ထင်နဲ့၊ ဒီခေတ်မှာ ကိုယ်တို့တွေတုန်းကလိုမျိုး မဟုတ်တော့ဘူး"

"ထားဖက်ကတော့ လက်ခံပါတယ်၊ မေပျိုလို ခပ်ထက်ထက် မိန်းကလေးမျိုး ထားရဲ့တူ လက်တွဲသင့်တယ်၊ သူက အေးတယ်သွက်တဲ့ သူနဲ့မှ၊ ကိုမင်းလွင်ရဲ့တူမကကော"



www.burmeseclassic.com

www.burmeseclassic.com



"ဒီအတွက်မပူနဲ့၊ ကိုယ်တို့နှစ်ယောက် စောစောစီးစီး မမက်ခဲ့ရတဲ့ အိပ်မက်တွေ သူတို့နှစ်ယောက်မက်ရစေမယ်"

ဦးမင်းလွင်စကားကို ဒေါ်နုနုထားမငြင်းပါ။ ဟဲ့နှစ်ယောက်ကတော့ ထိုကိစ္စနှင့်ပတ်သက်ပြီး လုံးဝမသိမှာ သေချာပါသည်။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

ပတ်ဝန်းကျင်သည်

ဥတုနှင့်မျှတစွာ

သာယာ၊ ကြည်လင်၊ အေးမြ၊

နှစ်လိုစဖွယ်နှင့် ရှိနေ၏။

အကျွန်ုပ်သည်

ချစ်ခြင်းမေတ္တာတရားကို

အဝေးကပင်သာမက

အနီးအနားကပါ

မြင်နေတော်မူ၏။

သို့သော် ...

"ဒင်း" ကတော့

ကျောက်ရုပ်လို တုပ်တုပ်မျှမလှုပ်။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၅)

ရယ်ဖို့တော့ ကောင်းနေသည်။ မေပျိုက လုံးဝမထင်ထားပါ။ သူမအသက်နှစ်ဆယ့်ငါးနှစ်ပြည့်မြောက်သော မွေးနေ့ရက်မှာ ဦးလေး ဦးမင်းလွင်က ထူးထူးခြားခြား လက်ဆောင်ပေးစရာရှိသည်ဆိုပြီး ပြော လာပါသည်။ မေပျိုကတော့ ခါတိုင်းနှစ်တွေလိုပဲ ဖြစ်ရိုးဖြစ်စဉ်၊ လုပ်ရိုး လုပ်စဉ်အတိုင်းထင်ပြီး အထူးအဆန်းမဟုတ်တာကိုများ ပြောနေရသလား ဆိုပြီး ဦးလေးဖြစ်သူအား ပြန်ဝေဖန်မိသေးသည်။ ထိုအခါ ဦးလေးဖြစ် သူက ရယ်မောရင်းက ပြောပါသည်။

"ဒီတစ်ခါ အန်ကယ်လေးပေးမယ့် လက်ဆောင်ဆိုတာထက် ဒီလက်ဆောင်က နိုင်ငံခြားမှာရှိနေတဲ့ အန်ကယ်လေးတူမရဲ့ ဒယ်ဒီနဲ့ မာမီက ပေးရမှာ၊ သူတို့ကိုလည်း အန်ကယ်လေးဖုန်းဆက်ပြီး ပြောပြီး ပါပြီ၊ သူတို့ကလည်း လိုလိုလားလား သဘောတူပါတယ်"

မေပျိုစိတ်မရှည်တော့ပါ။

"အန်ကယ်လေး ဘာပေးမှာလဲ၊ ပေးစရာရှိလည်း မြန်မြန်ပေး၊ အန်ကယ်လေးစကားကို ပျိုးနေတာက ကိုရီးယားဇာတ်လမ်းတွဲတွေလို



www.burmeseclassic.com

www.burmeseclassic.com



အပိုင်းတစ်ဆယ်လောက်ရောက်နေပြီ၊ ဇာတ်လမ်းက မစသေးဘူး"

"ဇာတ်လမ်းက စပါပြီ ငါ့တူမရယ်၊ ဒီလိုပော့ . . . မနေ့က ထား ရဲ့တူတော်မောင် လင်းသန့်က နှစ်ဆယ့်ငါးနှစ်ပြည့်သွားတယ်၊ ဒီနေ့ အန်ကယ်လေးရဲ့တူမက နှစ်ဆယ့်ငါးနှစ်ပြည့်တယ်"

"အဲဒါဘာဖြစ်လဲ အန်ကယ်လေးရဲ့၊ လင်းသန့်နဲ့မေပျို့မှ မဟုတ် ဘူး . . . ကမ္ဘာပေါ်မှာရှိတဲ့ လူအချို့လည်း လင်းသန့်နဲ့မေပျို့မွေးတဲ့ အချိန်နေ့ရက်မျိုးမှာမွေးလို့ တူတာတွေလည်း ရှိတာပဲဟာ"

"မတူဘူး မေပျို့ရဲ့၊ မွေးနေ့မွေးရက်ခုနှစ်ချင်းသာတူမယ် လင်း သန့်နဲ့ မေပျို့တို့လိုတော့ တူနိုင်မှာမဟုတ်ဘူး"

"ရှင်! . . . အန်ကယ်လေးစကားက ဘယ်လို"

မေပျို့နားမလည်ဖြစ်သွားသလို ခေါင်းလည်း စားသွားပါသည်။

"အန်ကယ်လေးက ထားနဲ့တိုင်ပင်တယ်၊ ထားရဲ့တူ လင်းသန့်နဲ့ အန်ကယ်လေးရဲ့တူမ မေပျို့ကို လက်ထပ်ပေးမလို့လေ၊ အဲဒါကို လက် ဆောင်ပေးမလို့၊ ဒီလက်ဆောင်က ထူးတယ်မဟုတ်လား"

"သမီးကို လင်းသန့်နဲ့ လက်ထပ်ပေးမယ်"

"ဟုတ်တယ် မေပျို့၊ ဒီကိစ္စကို မေပျို့မိဘတွေက မငြင်းဘူး၊ ဘာငြင်းစရာလိုလဲ၊ အန်ကယ်လေးစီစဉ်တာပဲဟာ၊ လင်းသန့်ဟာ မေပျို့ ရဲ့ခင်ပွန်းဖြစ်ထိုက်သူတစ်ယောက်ပဲလေ"

မေပျို့ဘာပြန်ပြောရမှန်း မသိပါ။ သေချာတာက သည်အကြောင်း ကို သူငယ်ချင်းမနှစ်ယောက်က သိလျှင်တော့ အစခံရပြီလို့။ သို့သော် မေပျို့သိချင်နေတာတစ်ခုက ရှိပါသေးသည်။

"အန်ကယ်လေးနဲ့ အန်တီထားတို့ကသာ စီစဉ်နေတာ တစ်ဖက် လူလင်းသန့်ကကော၊ တော်ကြာ . . . သိပ်လွယ်တယ် ထင်နေလိမ့်မယ် ပြီးတော့ ဆရာဝန်မို့လို့ ဦးလေးနဲ့တူမက အမိဖမ်းတာဆိုပြီး ပတ်ဝန်းကျင် က ဝေဖန်ရှုတ်ချတာမျိုး မေပျို့အဖြစ်မခံနိုင်ဘူး၊ မေပျို့ဘဝမှာ ရည်းစား



www.burmeseclassic.com

www.burmeseclassic.com



တွေ့သာ ထားခဲ့တာ၊ မေပျို့ရဲ့ဂုဏ်သိက္ခာကို အပွန်းအပဲ့ခံခဲ့တာ မဟုတ်ဘူး"

မထူးပါဘူးဆိုပြီး မေပျိုက ဦးမင်းလွင်အား ရင်ထဲရှိသမျှ ပြောချလိုက်သည်။

"မေပျိုထင်သလို မဟုတ်ပါဘူး၊ အန်ကယ်လေးက တူမရဲ့အနာဂတ်အတွက် သင့်တော်မယ်ထင်လို့ပါ၊ ထားကလည်း ပြောပါတယ်၊ သူ့တူလို အေးတဲ့လူတစ်ယောက်ဟာ မေပျို့လို သွက်လက်ချက်ချာတဲ့လူမျိုး ဘဝခရီးအတွက် လိုတယ်တဲ့၊ အန်ကယ်လေး ဖုန်းဆက်မေးပြီးပါပြီ၊ လင်းသန့်ကလည်း လူကြီးတွေစီမံတာကို လက်ခံပါတယ်တဲ့၊ ဒါပေမယ့် အလောတကြီးတော့ မစီစဉ်ပါနဲ့ဦးတဲ့၊ ဟုတ်တာပေါ့ . . . မေပျိုနဲ့ လင်းသန့်တို့ အခုထက်ကိုပိုပြီး ရင်းရင်းနှီးနှီး ရှိဖို့လိုတယ်၊ ဒီတော့ မေပျိုက အခုကတည်းက လင်းသန့်ရဲ့အလုပ်တွေအပေါ် နားလည်မှုရှိဖို့ လိုအပ်သလို လင်းသန့်ကလည်း မေပျို့အပေါ် နားလည်မှုရှိဖို့ တူမတို့နှစ်ယောက် တစ်ဦးနဲ့တစ်ဦးလေ့လာရမယ်"

ဦးမင်းလွင်စကားကို နားထောင်နေသော မေပျိုပြုံးလိုက်တာကို ဦးမင်းလွင်က . . .

"မေပျို . . . အန်ကယ်လေးပြောတဲ့စကားထဲမှာ ဘာများရယ်စရာပါလို့လဲ"

"မဟုတ်ပါဘူး . . . အန်ကယ်လေးရယ်၊ အန်ကယ်လေးကသာ သူနဲ့ ရင်းရင်းနှီးနှီးဆက်ဆံရင်း အကဲခတ်ဖို့သာပြောတာ၊ တော်ကြာ . . သူက ကွမ်းစားလွန်းလို့ သူ့စကားနားထောင်ရင်း သူ့ပါးစပ်ထဲက ကွမ်းတံထွေးတွေ စင်ရင်တော့ ပြီးပြီလို့၊ အဲဒါ တွေးမိလို့ပါ"

"အင်း . . . ငါ့တူမ ဒါတွေကို အသေးစိတ်တွေးမိနေမှတော့ မေပျို . . . မဟုတ်မှလွဲရော လင်းသန့်ကို ကြိုက်နေပြီထင်တယ်၊ ကောင်းပါသေးရဲ့ . . . အန်ကယ်လေးရဲ့အစီအစဉ်ဦးသွားလို့၊ နို့မို့ ဖြိုးဟူမတစ်ယောက် မိန်းကလေးစရမှာလားဆိုတဲ့ ပုံစံမျိုးဖြစ်ရင်တော့ ပြီးပြီပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အန်ကယ်လေးကလည်း ဘာတွေလာပြောနေမှန်း မသိဘူး"

မေပျိုတစ်ယောက် ရှက်ရှက်နှင့် ဦးမင်းလွင်နားကနေ ပြေးထွက်သွားပြီး အိမ်ပေါ်ထပ်သို့ ပြေးတက်ကာ အခန်းတံခါးဖွင့်ပြီး ကုတင်ပေါ် လှဲချလိုက်ပါသည်။ ပြီးတော့ သူငယ်ချင်းမနှစ်ဦးထံ ဖုန်းဆက်ရင်း သံတော်ဦးတင်နေမိပါတော့သည်။

□

ရာသီဥတုက ကိုယ့်ဖက်မှာ ရှိနေသည်ဟုသာ ပြောရမည်ဖြစ်သည်။ သည်နေ့က သီချင်းထဲကလို တိမ်ပြာပြာ Sunday နေ့ဖြစ်သည်။ ကောင်းကင်ကြီးက အပြာရောင်တိမ်တိုက်များဖြင့် လှနေသည်။ အင်းလျားရေပြင်ကို လျှပ်တိုက်ပြေးလွှားဆော့ကစားလာသော လေနုအေးက အင်းလျားကန်ပေါင်ရိုးရှိ အပန်းဖြေနေသူအပေါင်းကို အေးမြသည့် အထိအတွေ့များကို ပေးစွမ်းလျက် ရှိနေပါသည်။

သည်နေ့ပဲ လင်းသန့်ဖွင့်ထားသော ဆေးခန်းမှာ သွားရောက်ပြီး လူနာစာရင်းမှတ်ဖို့၊ ဝိုင်းကူလုပ်ပေးဖို့ ဦးလေးဖြစ်သူဦးမင်းလွင်က ဒေါ်နုနုထားနှင့်တိုင်ပင်ပြီး မေပျိုအား လင်းသန့်နှင့် ထည့်လိုက်သည်။ ဦးလေးဖြစ်သူက တစ်ချိန်မှာ လင်းသန့်နှင့် အိမ်ထောင်လျက်သားကျသည့်အခါ လင်းသန့်အလုပ်များအတွက် သိကျွမ်းပြီးသား ရင်းနှီးပြီးသား ဖြစ်မည် ဆိုပြီး စိတ်ကူးထားသောကြောင့် ဖြစ်သည်။

မေပျိုကလည်း ထိုအစီအစဉ်ကို လက်ခံပါသည်။ တစ်ချိန်မှာ ကိုယ့်ခင်ပွန်းဖြစ်ရမည့်သူဆိုတော့ ဒါမျိုးသိသင့်တာ မမှားဘူးဟု . . .။

လင်းသန့်ဆေးခန်းဖွင့်ထားသော ဆေးခန်းသို့သွားဖို့ ဒေါ်နုနုထားတို့အိမ်မှာ လင်းသန့်ကို မေပျိုက သွားခေါ်ရပါသည်။ လင်းသန့်က သူ၏ စီးနေကျ ဗောက်စ်ဝက်ဂွန်ကားနှင့် မေပျို့ကားနောက်က လိုက်ခဲ့မည်ဟု



www.burmeseclassic.com

www.burmeseclassic.com



ပြောတာကို ဒေါ်နုနုထားက လက်မခံပါ။ မေပျိုမောင်းသော ကားနှင့်သာ လိုက်ရမည်ဆိုပြီး ညွှန်ကြားသဖြင့် လင်းသန့်က မေပျိုမောင်းသော ကားနှင့် လိုက်ပါလာခဲ့ရသည်။

တမင်တကာ လင်းသန့်ကို အကဲခတ်ချင်သဖြင့် မေပျိုက စောစောလာခေါ်တာ လင်းသန့်က ဆေးခန်းဖွင့်ချိန် အစောကြီးရှိသေးသည်ဟု အကြောင်းပြပါသေးသည်။ မေပျိုက ဆိုင်တစ်ဆိုင်မှာ တစ်ခုခုစားချင်လို့ စောစောလာခေါ်တာပါ အကြောင်းပြလိုက်ရသည်။

သို့သော် ဆိုင်မှာမစားဖြစ်ဘဲ အင်းလျားကန်ပေါင်ရိုးက ရှမ်းဆိုင်မှာစားပြီး ကန်ပေါင်က ခုံတန်းလျားမှာ ခဏထိုင်မည်ဟု မေပျိုက တောင်းဆိုသောအခါ လင်းသန့်က ခေါင်းညိတ်ပြပါသည်။ သို့နှင့် ဤခုံတန်းလျားမှာ လင်းသန့်နှင့် မေပျိုတို့ လာထိုင်မိလျက်သား ဖြစ်သွားပါသည်။

မေပျိုအံ့ဩပါ၏။ လင်းသန့်တစ်ယောက် ရှမ်းဆိုင်မှာ သူမကျွေးတာကို ဘာမှမစားပါ။ ကွမ်းကိုသာ တစ်ယာပြီးတစ်ယာဝါးရင်း ပါလာသော ဆေးပညာစာအုပ်တစ်အုပ်ကိုသာ ဖတ်၍နေသည်။ စကားလည်း မေးမှပြောသည်။ မေပျိုက အားကောင်းကောင်းနှင့် စားနေသလောက် လင်းသန့်ကလည်း ကွမ်းဝါးမပျက် စာဖတ်မပျက်ခဲ့ပါ။

ဟော . . . အခုခုံတန်းလျားမှာထိုင်တော့လည်း ကွမ်းစားရင်း စာဖတ်မပျက်လို့ မေပျိုတစ်ယောက် မခံချိမခံသာဖြစ်ကာ လင်းသန့်အား ဖြစ်နိုင်လျှင် သူ့ကျောပြင်ကို လက်နှင့်ရိုက်ရိုက်ပြီး သူ့ပုခုံးကို ကိုင်လှုပ်ချင်စိတ်တွေတောင် ပေါက်လာပါသည်။

ထိုအချိန်မှာ မေပျိုနှင့် လင်းသန့်တို့ရှိနေသော ကပ်လျက်ခုံတန်းလျားသို့ ကိုရီးယားစတိုင်မျိုးဝတ်ဆင်ထားသော ကောင်လေးနှင့်ကောင်မလေးစုံတွဲတစ်တွဲရောက်လာပြီး ဝင်ထိုင်လိုက်ပါသည်။ မေပျိုအကဲခတ်မိသလောက် လှည်းတန်းက သင်တန်းတစ်ခုခုတက်ပြီး သည်နေရာသို့



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာတာပဲ ဖြစ်လိမ့်မည်ဟု။ လင်းသန့်ကလည်း ထိုစုံတွဲကို တစ်ချက်အကဲခတ်ပြီး ဆက်မကြည့်တော့ဘဲ ကွမ်းကိုနောက်ထပ်တစ်ယာ ထုတ်စားလိုက်ပြီး ဝါးမြုံဝါးနေပါသည်။

မေပျိုကတော့ မနေနိုင်ပါ။ မိန်းမပီပီ စပ်စုချင်စိတ်လေးက ဝင်လာပါသည်။

ကြည့်ဦးလေ . . ကောင်လေးက ကောင်မလေးကို ခုံတန်းလျားမှာ ထိုင်မလို့လုပ်တုန်း မထိုင်ခိုင်းသေးဘဲ လွယ်ထားသည့် ကျောပိုးအိတ်ထဲကနေ စာရွက်တစ်ရွက်ကို ထုတ်လိုက်ပြီး ခုံတန်းလျားကို ဖုန်သုတ်ပေးလိုက်ကာ ပြီးမှထိုင်ခိုင်းပါသည်။ ထို့နောက် တစ်ရှူးစကိုထုတ်လိုက်ပြီး ကောင်မလေးနဖူးပြင်မှ ချွေးတွေကို သုတ်ပေးနေတာတောင် အားမရဘူးလားမသိ။ စာအုပ်တစ်အုပ်နှင့်တောင် ကောင်မလေးအား ယပ်ခပ်ပေးနေပါသေးသည်။

တော်တော်သည်းတဲ့ စုံတွဲပဲလို့။ သည်လောက် လေတိုက်လို့ အေးနေတာတောင် အကဲပိုနေတာ သည်ကောင်လေးနှင့် ကောင်မလေးစုံတွဲ သမီးရည်းစားဖြစ်တာ မကြာသေးလောက်ပါဘူးဟု မေပျိုတွေးရင်းက လင်းသန့်ကကော ထိုကဲ့သို့မျိုး သူမအား ယုယလျှင် ဘယ်လောက်ကောင်းလိုက်မလဲလို့။ မဆီမဆိုင် စိတ်ကူးယဉ်ကြည့်မိပါသေးသည်။

ထိုအချိန်မှာ ခပ်လန်းလန်းဝတ်ဆင်ထားသော ကောင်မလေးသုံးယောက်က မေပျိုတို့ရှိနေသော ခုံတန်းလျားနားကနေ ဖြတ်လျှောက်သွားပါသည်။ ထိုကောင်မလေးသုံးယောက်ကို စာအုပ်နှင့် ယပ်ခပ်ပေးနေသော ကောင်လေးက ယောကျ်ားတို့ဘာသာဘာဝ ကြည့်လိုက်မိတာ သူ့ရည်းစားကောင်မလေးက မြင်သွားပြီး ချက်ချင်းဆိုသလို စောစောက လို ကျေနပ်သည့်ပုံစံမျိုး မဟုတ်တော့ဘဲ ကောင်လေးယပ်ခပ်ပေးနေသော စာအုပ်ကို ပုတ်ချလိုက်ပါသည်။

"ဩော် . . . 'ချစ်'ရှိတာတောင် လိုက်ပြီး ငေးနေသေးတယ်



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်လား။ တော်ပြီ . . . အဲဒီနောက်ကို ရှင့်ဖာသာရှင်လိုက်သွား၊ နောက်ကို လာလည်းမခေါ်နဲ့၊ ဆက်လည်းမဆက်သွယ်နဲ့ . . . မုန်းတယ်"

"ချစ် . . . နေဦး၊ မဟုတ်သေးဘူး . . . နေဦး"

မိန်းမသားပီပီ ကောင်မလေးက သဝန်ကြောင်ပြီး ဒေါသတကြီး ဖြစ်ရင်းက ထိုင်ရာကနေ ပြေးထွက်သွားတာ ကောင်လေးခမျာ မနေနိုင်ဘဲ နောက်ကနေ ပြေးလိုက်သွားတာ ကောင်မလေးက လှည့်ပင်မကြည့်။ မေပျိုတွေးမိပါသည်။ ကောင်လေးခမျာ ကောင်မလေးသဝန်ကြောင်မှု အတွက် တစ်ပတ်လောက်တော့ ခံစားရပြီလို့။ တော်တော်လည်း ချော့ရ တော့မှာပဲလို့။

ထိုမြင်ကွင်းကို ကွမ်းစားနေသော လင်းသန့်တစ်ယောက်လည်း မြင်တွေ့နေပါသည်။

မေပျိုတစ်ခုသိချင်လာပါသည်။ မေပျိုသိချင်စိတ်ကို မျိုမထား နိုင်တော့ပါ။ ထို့ကြောင့် ကွမ်းစားနေသော လင်းသန့်အား မေးကိုမေး တော့မည်လို့။

"ကိုလင်းသန့် . . ."

"ဟာဗျာ . . . ကျွန်တော့်ကို ကိုလင်းသန့်တွေဘာတွေ လုပ်မနေနဲ့ လင်းသန့်ပဲခေါ်၊ ခင်ဗျားကိုလည်း မမေပျိုအစား မေပျိုပဲခေါ်မယ်"

စကားကို မေပျိုက ပြောမည်ကြံကာသာရှိသေး လင်းသန့်က သူပြောချင်တာပြောပြီး ကွမ်းယာတစ်ယာ ထပ်ဝါးလိုက်ပြန်ပါသည်။

"ဒါဆိုလည်း ပြီးရော၊ မေးစရာရှိလို့"

"ဘာမေးမှာမို့လို့လဲ"

"ဒီလိုလေ . . . စောစောက ဘေးနားက ကောင်လေးနဲ့ ကောင်မလေးအတွဲတွေ့လား"

"မေပျိုရာ . . . ကောင်လေးနဲ့ ကောင်မလေးလို့ မပြောပါနဲ့၊ ခင်ဗျားနဲ့ ကျွန်တော်ကကော အသက်ဘယ်လောက်ကြီးသေးလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်၊ အရေးထဲ ရှင်က 'ဘု'တောနေပြန်ပြီ၊ ဒီဘာ သိချင်လို့ဟာ"

"ခင်ဗျားတို့ မိန်းမတွေများဗျာ၊ သိချင်တာတွေက မကုန်နိုင်ဘူး"

"ဟုတ်တယ် . . . စောစောက အတွဲလိုမျိုး ရှင်သာဆိုရင်ကော၊ ကျွန်မက ရှင်နဲ့အခုလိုထိုင်နေတုန်း ယောက်ျားလေးတွေ ဖြတ်သွားတာကို လိုက်ကြည့်နေမယ်ဆိုရင်ကော ရှင်က စောစောက ကောင်မလေးလို သဝန်တိုမှာလား"

မေပျို့စကားနားထောင်နေသော လင်းသန့်က ကွမ်းကိုထွေးလိုက်ပါသည်။ ပြီးမှ . . .

"ဘာသဝန်တိုစရာရှိမှာလဲ၊ ကျွန်တော်က အဲဒီကောင်မလေးရဲ့ ရည်းစားမဟုတ်သလို မေပျိုကလည်း ကျွန်တော့်ချစ်သူမဟုတ်သေးဘူးလေ၊ ဘာသဝန်တိုစရာရှိလို့လဲ အနေသာကြီးဟာ"

မေပျို ရင်ခံသွားပါသည်။ လင်းသန့်ဆီကနေ နူးနူးလှလှစကားမျိုးများ ကြားရမလား မေးမိပါ၏။ တိုတုတ်ပြတ်သားသော အဖြေစကားကိုသာ ကြားရပြီး ရင်ထဲမကောင်းဖြစ်သွားပါသည်။

သူကသာ ရင်ထဲမကောင်းသလို ဖြစ်သွားပေမယ့် လင်းသန့်ကတော့ ကွမ်းကိုတောင် နောက်တစ်ယာထပ်မံပြီး ထုတ်ကာဝါးနေပါသေးသည်။

မေပျိုဒေါသထွက်ထွက်နှင့် တွေးမိပါသည်။ ဘာဖြစ်လို့ လူကြီးတွေက လင်းသန့်ကို ကွမ်းရောင်းသည့်မိန်းမနှင့် မစီစဉ်ပေးဘဲ သူနှင့်မှ စီစဉ်ပေးရလေသလဲလို့။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

ကိုယ့်ကြည်နူးခြင်းများ
အိပ်မက်ထဲမှာပဲ
စုဆောင်းသိမ်းထားရတော့မှာလား။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၆)

နည်းနည်းတော့ အထာမကျဘူးလို့ မေပျိုမကျေမနပ်ဖြစ်နေမိပါသည်။ ဘယ့်နှယ် . . . ဆေးခန်းဖွင့်ထားပါလျက်နှင့် ဆေးခန်းအပြင်အဆင်ကို သူများဆေးခန်းတွေလို လှလှပပပြင်ဆင်ထားတာမျိုးမဟုတ်ဘဲ လူမမာဆေးထိုးသည့်နေရာကို ခန်းဆီးစတစ်ခုသာ 'အရှင်'လုပ်လို့ရသည့်ပုံစံမျိုး ကာထားသည်။ ဆေးခန်းအဆောက်အဦကလည်း ဝါးထရံအဖြစ်မျိုးသာ ကာရံထားပြီး အဆောက်အဦဖြစ်လျှင်ပြီးရောပုံစံမျိုး အိမ်ရှင်ကဆောက်ထားသည်။ ဆေးခန်းသို့လာသည့် လူမမာများကိုမေးမည့် ဆေးဝါးများအတွက် ထည့်ရန်ဗီရိုမရှိ။ ဆေးပုလင်းတွေ၊ ဆေးကဒ်တွေကို စားပွဲခုံပေါ်သာ တင်ထားသည်။ ဆေးဝါးများတင်ထားသော စားပွဲခုံက စာရေးစားပွဲငွေရှင်းကောင်တာအဖြစ် အသုံးပြုထားခြင်း ဖြစ်သည်။ ဆေးခန်းခေါင်းရင်းဘက်တွင် ပက်လက်ကုလားထိုင်တစ်လုံးကို အဆင်သင့်ခင်းထားပြီး ဘေးနားတွင် ထွေးခံတစ်လုံးရှိသည်။ သေချာတာက ဤပက်လက်ကုလားထိုင်တွင်ထိုင်ပြီး ကွမ်းဝါးလိုက်၊ ထွေးခံထဲကို ထွေးလိုက်နှင့် ကိုယ်တော်ချောက ဇိမ်ယူမည်မှာ အမှန်လို့။ မေပျို့စိတ်ထဲမှာ ရောဂါ



www.burmeseclassic.com

www.burmeseclassic.com



လာပြသော လူနာတွေတော့ မသိ။ မေပျိုသာဆိုလျှင်တော့ သည်လိုအမြင်အာရုံပသာဒမရှိသော သည်လိုဆေးခန်းမျိုးကို ရောဂါဘယ်လောက်ပဲ ပျောက်ပျောက် လုံးဝလာပြမည် မဟုတ်လို့။

လွန်ခဲ့သည့် သုံးရက်လောက်က ဤ'ရှင်သန်ခြင်း'အမည်ရသော ဆေးခန်းသို့ လင်းသန့်နှင့်အတူ လင်းသန့်အလုပ်ကို နားလည်ဖို့ လိုက်လာသော်လည်း လင်းသန့်က အားနာလို့လားမသိ ပြန်လွှတ်သည်။

ဘည်နေ့ကျတော့ လင်းသန့်အဒေါ် ဒေါ်နုနုထားက ဆေးခန်းသို့သွားပြီး ဝိုင်းကူလုပ်ပေးပါ။ လင်းသန့်က ဆေးရုံကနေ ဆေးခန်းမှာရှိနေပြီဆိုလို့ မေပျိုဆေးခန်းသို့ ရောက်လာရင်းမှ ယခုလို အသေးစိတ်ကြည့်ရှုပြီး လေ့လာနေခြင်း ဖြစ်သည်။

"ဆရာရှိလား . . ."

ညခြောက်နာရီခွဲလောက်အချိန်တွင် လူနာအဒေါ်ကြီးတစ်ဦးက ဆေးခန်းထဲသို့ဝင်လာပြီး မေးသဖြင့် မေပျိုဝမ်းသာသွားသည်။ သူမရောက်နေတာ တစ်နာရီလောက်ရှိပြီး စားပွဲခုံက ကုလားထိုင်မှာထိုင်ရင်း သူမက ဟိုတွေးဒီတွေး တွေးနေရင်း ပျင်းနေသည့်အချိန်မှာ လူနာရောက်လာလို့ ဖြစ်သည်။ လင်းသန့်ဆိုသော သူကလည်း တော်တော်လေးကို ဧည့်ခံကြိုဆိုတာ ဖော်ရွေပါသည်။ မေပျိုရောက်လာတာ ဖုန်းဆက်ထားတာ ကြိုသိသဖြင့် ရောက်ရောက်ချင်းမှာပင် မေပျိုကြိုက်သလိုနေဆိုပြီး သူက ခန်းဆီးစ,ကာထားသော နောက်ကွယ်က လူနာကုတင်ခုံပေါ်မှာ ပက်လက်လှဲရင်း စာဖတ်နေတာ ဘာသံမှမကြားရ။

"လူနာလား . . . အထဲကိုလာပါ"

လူနာအဒေါ်ကြီးအသံကြားလို့ ထင်ပါသည်။ လင်းသန့်က စာဖတ်နေရာမှထလာပြီး အဒေါ်ကြီးကို သူရှိရာသို့ ခေါ်လိုက်သည်။ အဒေါ်ကြီးက လင်းသန့်ရှိနေရာသို့ သွားပါသည်။ မေပျိုလည်း လင်းသန့်ဘယ်လိုဆေးကုသလဲဆိုတာ သိချင်သဖြင့် လူနာကုတင်ရှိရာသို့ သွားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒေါ် . . . ကုတင်ပေါ်တက်၊ သွေးပေါင်ချိန်မယ်"

"ဟုတ်ကဲ့ပါဆရာ . . ."

လင်းသန့်က လူနာအဒေါ်ကြီးကို သွေးပေါင်ချိန်၊ နားကြပ်နှင့် ရင်ဘတ်ကို စမ်းပါသည်။

"သွေးပေါင်က ပုံမှန်ပါပဲ၊ နှလုံးခုန်တာလည်း မဆိုးဘူး၊ ဆေးကျန်သေးလား"

"ကုန်သွားပြီဆရာ . . ."

"ဒါဆို ဆေးတစ်လုံးထိုးပေးမယ်၊ သောက်ဆေးဆက်ယူသွား"

လင်းသန့်က လူနာအဒေါ်ကြီးအား ဘာစကားမှမပြောတော့ဘဲ သူ့အလုပ်တာဝန်အတိုင်း ဆေးထိုးပေးပြီးတော့ ရှေ့သို့ပြန်ထွက်လာကာ စားပွဲခုံပေါ်မှ ဆေးတွေကိုရွေးပြီး ပေးလိုက်ပါသည်။

"ဆရာ . . . အစားအသောက်ကကော"

"အဆီအဆိမ့် သိပ်မစားနဲ့"

"ဟုတ်ကဲ့ . . ."

လင်းသန့်က လူနာအဒေါ်ကြီးကိုသောက်ရန် ဆေးပေးလိုက်ပြီး ကျသင့်ငွေကို ယူလိုက်ပြီး ပါးစပ်ထဲကွမ်းတစ်ယာထည့်ကာ ဆေးခန်းအတွင်းရှိ ပက်လက်ကုလားထိုင်မှာ ထိုင်လိုက်ပြီး ဖတ်လက်စစာအုပ်ကို ဆက်ဖတ်နေပါသည်။

မေပျိုကောင်းကောင်းကြီး သဘောပေါက်လိုက်ပါသည်။ ဤမျှလူနေထူထပ်ပြီး အခြေခံလူတန်းစားနှင့် လူလတ်တန်းစားများနေထိုင်သော ရပ်ကွက်မှာ လင်းသန့်၏'ရှင်သန်ခြင်း'ဆေးခန်း ဘာကြောင့်လူမလာသလဲဆိုသည့် အဖြေကို ရလိုက်သည်။

နောက်ထပ်ဆယ့်ငါးမိနစ်အကြာမှာ အသက်ငါးဆယ်အရွယ် အမျိုးသားတစ်ယောက် ရောက်လာပါသည်။

"ဆရာ . . . ကျွန်တော်ပြချင်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို အထဲကိုလာ"

လင်းသန့်က ဖတ်လက်စစာအုပ်ကို ပက်လက်ကုလားထိုင်မှာပဲ ချထားလိုက်ပြီး ကုတင်ရှိရာသို့ ဦးဆောင်သွားလိုက်သည်။

"ကဲ . . . ကုတင်ပေါ်တက်"

လူနာအမျိုးသားက ကုတင်ပေါ်တက်ပါသည်။

"ဘာဖြစ်လို့လဲ"

"ကျွန်တော် . . . ရင်ဘတ်တွေ အောင့်တယ်၊ အသည်းနားက လေထိုးသလိုမျိုး နာတယ်၊ ချောင်းလည်း ခဏခဏဆိုးတယ်"

လင်းသန့်က ဘာမှမပြောဘဲ လူနာအမျိုးသား၏ရင်ဘတ်ကို နားကြပ်နှင့် စမ်းသပ်ပြီး ရင်ခေါင်းနှင့် ဝမ်းဗိုက်ကိုလက်ဖြင့် ထောက်လိုက်စမ်းလိုက်နှင့် လုပ်နေပါသည်။

"အရက်သောက်လား၊ ဆေးလိပ်ကော သောက်လား"

"နှစ်ခုစလုံး မပျက်မကွက်ပါဘူး၊ ကျွန်တော်က အဲဒါကို အကြိုက်ဆုံးပဲ"

"ဒါဆို ခင်ဗျား အဲဒါတွေကို ဖြတ်ရမယ်"

"ဒါတွေကို ဖြတ်ရမယ် . . . ဟုတ်လား"

ထိုလူနာက စိတ်ပျက်သည့် အမူအရာမျိုးဖြစ်သွားရင်းက လှဲနေရာမှ အမြန်ထကာ ချွတ်ထားသော ဖိနပ်ကို အမြန်ကောက်စီးပြီး ခန်းဆီးစ,ကာထားသော နေရာကနေ အပြင်သို့ ထွက်လိုက်သည်။

"ဟော့ . . . နေဦး . . . နေပါဦး"

လင်းသန့်က စိတ်မြန်လက်မြန်ရှိသော လူနာကို လှမ်းခေါ်သော အခါ . . .

"ဘာလဲ . . . ဆရာက စမ်းသပ်ခတောင်းမလို့လား၊ ဆရာပြောတဲ့အကြံ ကျွန်တော်လက်မှမခံတာ၊ ဟိုဟာတွေကို ကျွန်တော်ဖြတ်နိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



စောစောတုန်းကလာသည့် လူနာက ဆေးခန်းထဲကနေ သူပြော ချင်တာပြောပြီး အမြန်ထွက်သွားပါသည်။

မေပျိုကတော့ လူနာနှင့် ဆရာဝန်တော့ တော်တော်လိုက်ဖက် ညီတာပဲဟု တွေးပြီး ပြုံးမိပါသည်။

"ခင်ဗျားက ဘာပြုံးတာလဲဗျ"

လင်းသန့်က ကွမ်းထုပ်ကိုဖြည်ပြီး ကွမ်းတစ်ယာကို ဝါးလိုက်ရင်း မှ မေပျိုအားမေးပါသည်။

"ရှင်စိတ်မဆိုးနဲ့နော်၊ ရှင့်ဆေးခန်း ဒီအတိုင်းသွားရင်တော့ လူ မမာမလာဘဲ ပင့်ကူအိမ်တွေနဲ့ အိမ်မြှောင်တွေရဲ့ အိမ်ယာစခန်းဖြစ်တော့ မှာပဲ"

"ဘာလဲဗျ . . . မေပျိုပြောပုံအရ ကျွန်တော်ကပဲ လူနာတွေ များများလာပါစေ၊ ရောဂါတွေ ဖြစ်ကြပါစေလို့ ဆုတောင်းနေရမှာလား၊ မဟုတ်သေးပါဘူးဗျာ"

"ရှင် . . . အဲဒီလိုစကားကို ပြတ်ပြတ်ပြောလို့ လူမလာတာ၊ ကိုယ့်ဆီရောဂါလာပြတဲ့ ဘယ်ဝေဒနာရှင်မဆို သူ့ကိုကုသတဲ့ ဆရာဝန်ရဲ့ ယုယမှု၊ ပြောဆိုမှုကို လိုချင်ကြတာပဲ၊ ဟုတ်သည်ဖြစ်စေ မဟုတ်သည် ဖြစ်စေပေါ့၊ ဥပမာ-စောစောက လာပြတဲ့ အဒေါ်ကြီးမျိုးကို ပြောရမှာ အမှန်တကယ်က ဒေါ်ဒေါ်ရောဂါဘယ်လိုနေသေးလဲ၊ ဆေးတွေကကော သောက်ရတာ အဆင်ပြေတယ်မဟုတ်လား၊ အဲဒါ ဒေါ်ဒေါ့်ရောဂါနဲ့ ပျောက်မယ့်ဆေးကို အကောင်းဆုံးညွှန်ပေးတာပဲ၊ ဒေါ်ဒေါ်ဘာမှမပူနဲ့ ဒီဆေးတွေကိုသာသောက်၊ ပျောက်တာပေါ့ ဒေါ်ဒေါ်ရယ်၊ ဪ . . . ဒေါ်ဒေါ်အဆီအဆိမ့်တွေ မစားနဲ့နော်၊ ကျွန်တော်တို့လို မြန်မာလူမျိုးတွေ ကလည်း ဆီကိုလက်ကြားထဲယိုမှ စားတတ်တာမျိုးဆိုတော့ ဒီခလေ့ဘယ် ဖျောက်လို့ရမလဲ၊ ဒါပေမယ့် ဒေါ်ဒေါ်ရယ် . . . ရောဂါအတွက်ရှောင် လိုက်နော် . . . ဆိုပြီး ရှင်က အဲဒါမျိုးပြောရမှာ၊ အဲဒီလိုလူနာမျိုး ရှင့်



www.burmeseclassic.com

www.burmeseclassic.com



ဆေးခန်းက တုတ်နဲ့ရိုက်တာတောင် သွားမှာမဟုတ်ဘဲ ဖေါက်သည်ခေါ် လာဦးမယ်၊ အခုဟာက ရှင်က ဒီရောဂါဒီဆေးသောက် ဆိုတာလောက်နဲ့ လူမမာက စိတ်ချမ်းသာမှုမျိုး အပြည့်အဝဘယ်ရပ့်မလဲ"

ဖြစ်ချင်တာဖြစ် ထင်ချင်တာထင်ဆိုပြီး မေပျိုက လင်းသန့်ကို သူမရင်ထဲရှိသမျှ ပြောချလိုက်သည်။

"ကျွန်တော့်အစား မေပျိုက ဆရာဝန်ဖြစ်ရမှာ၊ မေပျိုပြောတာ တွေက လိုမှမလိုတာ၊ အဲဒါတွေက အပိုတွေပဲ၊ ကျွန်တော်က အပိုတွေ သိပ်မပြောချင်ဘူး၊ ဘာလိုသလဲ . . . လိုတာကိုပဲ ပြောချင်တာ"

လင်းသန့်က ပက်လက်ကုလားထိုင်ပေါ် ထိုင်လိုက်ပြီး ထွေးခံ ထဲ ကွမ်းတံထွေး,ထွေးချလိုက်သည်။

"နောက်ပြီး အရေးကြီးတာ ရှိသေးတယ်၊ ရှင် . . . လူမမာတွေ ဆေးကုတဲ့အခါမျိုး ကွမ်းမစားပါနဲ့ ရှပ်ဆိုးတယ်၊ ပြီးတော့ လူနာက အခုမှ စပြတဲ့ လူနာမျိုးဆို ရှင့်ကို အထင်သေးသွားနိုင်တယ်၊ တစ်ချို့က ကွမ်း စားတာ မကြိုက်တာတွေ ရှိတယ်"

"မကြိုက်လည်း နေပေ့ါဗျာ၊ တစ်ခြားဆရာဝန်တွေ သွားပြပေ့ါ၊ အများကြီးပဲဟာ"

"ရှင်က စကားကို အဲဒီလိုမပြောနဲ့လေ၊ ဒါတွေက ကျွန်မအတွက် မဟုတ်ဘူး၊ ရှင့်အတွက်ပြောတာ၊ ရှင်က လူပေါင်းစုံနဲ့ ဆက်ဆံနေရတာ လေ"

လင်းသန့်ထံမှ ဘာစကားမှ မကြားရတော့ပါ။ လင်းသန့်က ဖတ်လက်စစာအုပ်ကို ဆက်မဖတ်ဘဲ ကွမ်းကိုဝါးရင်းက ဘာကိုတွေးနေ သလဲ မသိတော့ပါ။ မေပျိုကတော့ လင်းသန့်ဆေးခန်းအတွက် တစ်ခုခု တော့ လုပ်ရတော့မည်လို့။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

တယ်အချိန်
ကိုယ့်ကမ်းမှာ ဆိုက်ကပ်လေမလဲ။
မျှော်ချင်ရာမျှော
လွင့်ချင်ရာလွင့်ပေါ့
ကိုယ့်ကမ်းပါးကတော့
မင်းအတွက် ဖြစ်တည်ခဲ့ရတာပါ။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၇)

ဖျော်ထားသော ကော်ဖီမစ်သုံးခွက်က တစ်ယောက်မှမသောက်ရသေးသဖြင့် လုံးဝမလျော့သေးပါ။ သည်နေ့ကျမှ ကြူကြူဆွေကော သက်သက်ချိုပါ မေပျိုရှိနေသော အိမ်သို့ ရောက်လာကြသည်။ ပြောရလျှင်တော့ လာစပ်စုတာဟုပြောလျှင် ပိုမှန်လိမ့်မည်။ စကားတွေ ဟိုပြောဒီပြော ပြောရင်းက နောက်ဆုံးတော့ လင်းသန့်နှင့် သူမ၏အခြေအနေကိုသာ ဦးတည်ပြီး မေးပါတော့သည်။

"မေပျိုရယ် . . . နင်နဲ့လင်းသန့်ကိစ္စကလည်း ဘယ်လိုမှ ရင်ခုန်စရာမကောင်းဘဲ မလိုင်တွေအများကြီးစားရလို့ အီလည်လည်ကြီး ဖြစ်နေတဲ့အတိုင်းကျနေတာပဲ"

"ကြူကြူဆွေပြောတာ ဟုတ်တယ်၊ အချစ်ဆိုတာ စိတ်ကောက်ပြန်ချော့၊ နည်းနည်းလေး ကသိကအောက်ဖြစ်မှ အရသာရှိတာ၊ မေ . . . ဒီတစ်ခါတော့ ရည်းစားတွေထားခဲ့သမျှ နမ်ဝင်ရှုလည်ပြီထင်တယ်"

သက်သက်ချိုက ကော်ဖီမစ်ခွက်ကိုယူပြီး တစ်ဝက်ခန့်သောက်ပြီးခွက်ကိုပြန်ချထားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ . . . ဟိုတုန်းက ရည်းစားတွေထားတယ်ဆိုတာ အပျော်သဘောမျိုးပဲဟ၊ အခု လင်းသန့်နဲ့က ငါတွဲနေကျ အပျော်သဘောမျိုး မဟုတ်ဘူး၊ သူက ငါ့ဘဝရဲ့ဘဝခရီးဖော် အဖြစ် လက်တွဲရမယ့်သူ၊ သူနဲ့ ငါနဲ့ဟာ အနာဂတ်မှာ ဆိုးအတူ၊ ကောင်းအတူ လောကဓံတွေကို ရင်ဆိုင်ရမှာ၊ ဒီတော့ ငါ့ဖက်က သူ့ကို ကောင်းတာတွေ လမ်းညွှန်အသိပေးဖို့ လိုအပ်သလို သူ့ဖက်ကလည်း ငါ့ကို ငါ့ရဲ့လိုအပ်ချက်တွေ လမ်းညွှန်ပေးဖို့ လိုတယ်၊ တစ်ချို့ကတော့ ပြောကြတာပဲ၊ မိန်းမနဲ့ယောကျ်ားလက်ထပ်တာ ဈာပနအရောင်းအဝယ်လုပ်တာပဲတဲ့၊ ကိုယ်အရင်ကွယ်လွန်ရင် သူလိုက်ပို့ သူအရင်ကွယ်လွန်ရင် ကိုယ်လိုက်ပို့တဲ့၊ အဲဒီစကားက မမှန်သေးဘူး၊ အဓိကပြောရရင် နှစ်ယောက်သားနားလည်မှုပဲ၊ ဒီတော့ ငါ့အနေနဲ့ လင်းသန့်ရဲ့ဘဝကို ဒီထက်မြှင့်တင်ရမယ်၊ ပထမဦးဆုံးအနေနဲ့ သူ့ဆေးခန်းကိုစပြီး ပြင်ဆင်ပြောင်းလဲရမှာ"

"အဲဒါတွေ ထားပါဦး၊ နင်ရဲ့လင်းသန့်က မေပျို . . . နင့်ကိုစိတ်ဝင်စားတာမျိုး အရိပ်အယောင်မပြဘူးလား"

"သက်သက်ချိုရယ် . . . ဒါမေးစရာမှ မဟုတ်တာ၊ သူစိတ်ဝင်စားလို့ ဒီလောက်သူ့ဖက်ကလည်း လက်ခံနေတာပေါ့ဟ"

ကြူကြူဆွေက သူမအထင်ကို ပြောပါ၏။ ထိုအခါ မေပျိုက ပြုံးလိုက်ရင်း . . .

"နင်တို့နှစ်ယောက်က လင်းသန့်နဲ့ငါ့ကို တော်တော်အထင်ကြီးနေတာပဲ၊ ပြောမပြောချင်ဘူး . . . တစ်နေ့ကပေါ့ဟာ × × × × × × × × × × × × × ×"

မေပျိုက အင်းလျားကန်ပေါင်ရိုးမှာ ကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်ကိုပြောပြတော့ သက်သက်ချိုနှင့် ကြူကြူဆွေတို့နှစ်ယောက်စလုံးက စိတ်ဝင်တစားနားထောင်နေပါသည်။

"ဟဲ့ . . . အခု မေပျိုပြောတာကို နားထောင်ပြီးငါစဉ်းစားကြည့်



www.burmeseclassic.com

www.burmeseclassic.com



ခ်ိတယ်”

“သက်သက်ချိုရယ် . . . နင့်စကားက ဘာလဲဟ”

ကြူကြူဆွေက နားမလည်နိုင်သဖြင့် မေးလိုက်သည်။

“ဒီလိုလေဟာ . . . ဘယ်ယောက်ျားပဲမဆို သဝန်ကြောင်တတ်တာချည်းပဲ၊ မေပျို့ကို လင်းသန့်ချစ်လား၊ မချစ်လား သဝန်ကြောင်သလား၊ မကြောင်သလား သိရအောင် စမ်းသပ်ကြည့်ပါလား၊ သူသာ သဝန်ကြောင်ပြီဆိုရင် သေချာတယ်၊ မေပျို . . . နင့်ကို သူချစ်ပြီပဲ”

“သက်သက်ချို . . . မေပျိုက ဘယ်လိုသဝန်ကြောင်အောင် လုပ်ရမှာလဲဟ”

“ဒါမျိုးဟယ် . . . ဘာခက်တာမှတ်လို့၊ မေပျိုက ရည်းစားထားခဲ့တာတွေ အများကြီးပဲဟာ၊ အဲဒီရည်းစားဟောင်းတွေနဲ့ မေပျိုနဲ့လင်းသန့်က အတူတွဲပြီးရှိနေတဲ့အခါမျိုးမှာ တစ်ဦးချင်းစီကို မေပျိုက ဒါက ဟိုးတုန်းက သူ့ရည်းစားဟောင်းပါ၊ ဘာညာမျိုးသိအောင် လုပ်မယ်ဆိုရင် ဟိုက သဝန်မကြောင်ဘဲ နေပါ့မလား၊ အဲဒီလို သဝန်ကြောင်ရင် သေချာပြီ၊ မေပျို့ကို လင်းသန့်ချစ်ပြီဆိုတာ”

“နင်တို့နှစ်ယောက်အကြံပေးတာက ကိစ္စမရှိဘူး၊ ဟိုဘုဂလန့်လင်းသန့်က စိတ်မရှည်ဘဲ ထိုးမယ်ကြိတ်မယ်လုပ်မှ ငါ့နာမည်ပျက်နေပါဦးမယ်”

သက်သက်ချိုက မေပျို့အား ကြည့်လိုက်ပြီး . . .

“မေပျို . . . နင်က လင်းသန့်ရဲ့နင့်အပေါ် စိတ်ဝင်စားပြီး ချစ်တဲ့အချစ်ကို လိုချင်တယ်မဟုတ်လား၊ သူသဝန်ကြောင်လာအောင် လုပ်ကြည့်လိုက်စမ်းပါ”

မေပျို ဘာမှပြန်မပြောတော့ပါ။ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ကြူကြူဆွေပေးသော အကြံနှင့်ပတ်သက်ပြီး လင်းသန့်ကို စမ်းသပ်ကြည့်တာ အကောင်းဆုံးထဲက နည်းလမ်းတစ်ခုတော့ ဖြစ်လာမှာပဲ



www.burmeseclassic.com

www.burmeseclassic.com



လို့။

သည်အဖြစ်အပျက်ကို လင်းသန့်သိလို့က ဘယ်လိုနေမလဲသိပါ

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

ချစ်သူနဲ့အတူတူ

သဘာဝကျကျ

နေထိုင်တော်မူဖို့

ပင့်ိုပက္ခလေးတွေလည်း

ပန်တီးတတ်ရတာပေါ့ကွယ်။

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၈)

ရန်ကင်းစင်တာထဲကို မေပျိုက လင်းသန့်ကို အဖော်ခေါ်လာတာ လင်းသန့်ကတော့ အဖြစ်မှန်အကြောင်းရင်းကို လုံးဝမသိပါ။ သည်နေ့က တနင်္ဂနွေနေ့ဖြစ်တော့ လင်းသန့်တစ်ယောက် ဆေးရုံသို့ ဂျူတီသွားစရာမလိုဘဲ နားရက်ဖြစ်သည်။ ညနေရောက်မှ ဆေးခန်းသို့ သွားရမှာဖြစ်သဖြင့် မေပျိုကလည်း လင်းသန့်ဆေးခန်းသို့ ဟိုတစ်ခါကလို အတူလိုက်ဖို့ရှိသဖြင့် ဆေးခန်းမသွားခင် ရန်ကင်းစင်တာမှာ ဝယ်စရာရှိသည်ဆိုပြီး လင်းသန့်ကို ခေါ်လာခဲ့ခြင်း ဖြစ်သည်။

လင်းသန့်က ကွမ်းဝါးရင်းမှ ငြင်းပါသည်။ သူ့ဖာသာသူ ကားထဲမှာ နေခဲ့မည်ဆိုပြီး ပြော၏။ မေပျိုက မရပါ။ သူမနှင့် အဖော်လိုက်ခဲ့ရမည်ဆိုပြီး အတင်းခေါ်မှသာ မလိုက်ချင်လိုက်ချင်နှင့် လိုက်ပါလာခဲ့သည်။

"မေပျို . . . ဘာဝယ်မလို့လဲ၊ မိန်းကလေးအသုံးအဆောင်တွေဝယ်မယ်ဆို ကျွန်တော်မျက်နှာပူတယ်၊ ကျွန်တော်က ဒါမျိုးတွေ့အကြုံရှိတာ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး . . . ရှင့်ကို အတွေ့အကြုံသစ်ပေးချင်လို့ ခေါ်လာတယ် ထင်မနေနဲ့၊ ဒီမှာ လိုအပ်တာဝယ်စရာရှိလို့၊ ကွမ်းစားရင်း ကျွန်မနောက်ကနေ လိုက်မှာသာ လိုက်စမ်းပါ"

မေပျိုက စိတ်မရှည်သည့်လေသံဖြင့် ပြန်ပြောရင်း အကျီရောင်းသည့်ဆိုင်ဖက်ဆီသို့ လာခဲ့သည်။

မေပျိုအဖို့ သတင်းက အတိအကျရထားပြီးပြီ ဖြစ်သည်။ သူမတက္ကသိုလ်နှစ်ဝက်ကျောင်းသူဘဝတုန်းက သူမ၏ပဉ္စမမြောက်ရည်းစားဖြစ်ခဲ့ဖူးသော ရွှေတိုးနိုင်တစ်ယောက် သည်ရန်ကင်းစင်တာထဲမှာ အကျီအရောင်းဆိုင်ဖွင့်ထားလို့ ဖြစ်သည်။ သူငယ်ချင်းမနှစ်ဦး အကြံပြုသလိုမျိုး ထိုရည်းစားဟောင်း ရွှေတိုးနိုင်နှင့် အကျီဝယ်ရင်းက ဟိုလိုဒီလိုစကားလမ်းစဖေါ်ရင်း ရည်းစားဟောင်းမှန်း သိသွားလို့က လင်းသန့်တစ်ယောက် ကွမ်းပင်မစားနိုင်တော့ဘဲ ကျွဲမြီးတို သဝန်ကြောင်မှာ မလွဲလို့။

"လင်းသန့်လာ . . . ဒီအကျီဆိုင်ထဲဝင်ရအောင်"

မေပျို့စကားကြောင့် လင်းသန့်က နားမလည်သလို ဖြစ်သွားရင်း . . .

BURMESE CLASSIC

"ဘာလုပ်မလို့လဲ၊ ဒါအမျိုးသမီးအကျီရောင်းတဲ့ ဆိုင်မှမဟုတ်တာ"

"ရှင်ကလည်း စကားရှည်လိုက်တာ၊ ရှင့်ကို လက်ဆောင်ဝယ်ပေးမလို့"

"ဟာဗျာ . . . ကျွန်တော့်မှာ အကျီတွေ ရှိပါတယ်"

"ရှင် တော်တော်ရှည်တာပဲ . . . လာပါ"

အဖြစ်မှန်ကို မသိသေးသည့် လင်းသန့်ခမျာ မေပျို့နောက်ကနေ အကျီရောင်းသည့်ဆိုင်ထဲသို့ လိုက်ပါလာခဲ့ရသည်။

"ဟာ! . . . မေပျို . . ."

အကျီဆိုင်ထဲမှာရှိနေသော မေပျို၏ရည်းစားဟောင်း ရွှေတိုးနိုင်



www.burmeseclassic.com

www.burmeseclassic.com



က မထင်မှတ်ဘဲ မေပျို့ကို မြင်လိုက်ရသဖြင့် အံ့အားတသင့် အလန့်တကြား ဖြစ်သွားပါသည်။

"ဘယ်လိုဖြစ်တာလဲ ရွှေတိုးနိုင်ရယ်၊ နင့်ဆိုင်ကို အကျီဝယ်တဲ့ လူတွေတွေ့တိုင်း ဒီလိုအလန့်တကြား ဖြစ်တာချည်းပဲလား"

"မဟုတ်ပါဘူး မေပျို့ရယ်၊ မေပျို့ကို မြင်လိုက်ရတော့ မထင်မှတ်ထားလို့ပါ"

"မထင်မှတ်တာတွေ အသာထား၊ ရှပ်အကျီအကောင်းစားတွေ ရှိလား"

"ရှိတာပေါ့၊ ဘာလဲ . . . ဒီက . . ."

ရွှေတိုးနိုင်က သူ့စကားကို ရှေ့မဆက်ဘဲ လင်းသန့်ကိုကြည့်ပြီး စကားစအား ရပ်တန့်လိုက်သည်။

"ဒါက မေပျို့နဲ့ လူကြီးချင်းသဘောတူထားတာ၊ ဒေါက်တာလင်းသန့်တဲ့၊ အဲဒါ သူ့အတွက် ရှပ်အကျီကောင်းကောင်းဝယ်ပေးချင်လို့"

"ရှိတယ် ရှိတယ် . . . တစ်ယောက်လောက် လာပါဦးဟေ့၊ မနေ့ကမှ အီတလီကဝင်လာတဲ့ ရှပ်အကျီတွေ ယူလာပါဦး"

ရွှေတိုးနိုင်က ချက်ချင်းဆိုသလိုပဲ အရောင်းဝန်ထမ်းကောင်မလေးတစ်ဦးကို ညွှန်ကြားလိုက်ပါသည်။

"ကြည့်လေ . . . မေပျို့၊ ဘယ်အရောင်ကြိုက်လဲ"

"သူက အလယ်အလတ်ဆိုဒ်ဆို တော်မယ်၊ ဒီတော့ ဒီအစိမ်းနုရောင်လေးဆို မဆိုးဘူး၊ ဈေးကကော"

မေပျို့က အရောင်းဝန်ထမ်းကောင်မလေးယူလာပေးသော ရှပ်အကျီများကို ရွေးရင်းမှ နှစ်သက်သည့်အကျီတစ်ထည်ကို ရွေးချယ်ပြီး ရွှေတိုးနိုင်အား မေးလိုက်သည်။

"မေပျို့ရယ် . . . မသိတဲ့လူတွေမှမဟုတ်တာ ပိုက်ဆံလေးမနေနဲ့၊ ဒီက မေပျို့ရဲ့လူအတွက် လက်ဆောင်ပေးလိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



ရွှေတိုးနိုင်က ဘာစိတ်မှမပါဘဲ စိတ်ရင်းစေတနာမှန်နှင့် လက်ဆောင်ပေးသည်ဆိုတာ ရွှေတိုးနိုင်အမူအရာကိုကြည့်ခြင်းအားဖြင့် မေပျို သိလိုက်သည်။ မသိဘဲနေပါ့မလား၊ ရည်းစားဖြစ်ခဲ့ဖူးတာပဲလို့။

အရောင်းဝန်ထမ်းကောင်မလေးက မေပျိုရွေးချယ်ထားသော အကျီကို စက္ကူအိတ်ထဲထည့်ပြီး ယူလာကာ မေပျို့အား ပေးလိုက်သည်။

"ကျေးဇူးပါပဲ၊ နင့်ဆိုင်မှန်းမသိဘဲ လာဝယ်တာ၊ အခုတော့ မထင်မှတ်ဘဲ အကျီလက်ဆောင်ရသွားတာပဲ၊ ဒါနဲ့ . . ."

မေပျိုက အကျီထည့်ထားသော စက္ကူဆွဲအိတ်ကို လက်ကဆွဲပြီး ရွှေတိုးနိုင်ဝတ်ထားစားထားတာကိုကြည့်ကာ စကားစကို ရပ်တန့်လိုက်သည်။

"ဒါနဲ့ ဘာဖြစ်တာလဲ မေပျိုရဲ့ စကားစက တို့လို့တန်းလန်းနဲ့"

"ဒီလိုပါဟာ . . . နင်က ငါနဲ့ရည်းစားဖြစ်တုန်းက နင်နဲ့ငါတွေ့တိုင်း ဘယ်တော့မှ အကျီကို မီးပူတိုက်ပြီးမဝတ်ဘဲ တွန့်ကြေနေတဲ့အကျီတွေချည်းပဲဝတ်လို့ နင်နဲ့ငါနဲ့ ခဏခဏ စကားများတာ၊ အခုကျတော့ နင်နဲ့ငါနဲ့ ရည်းစားဘဝကလိုမဟုတ်ဘဲ ဝတ်ထားစားထားတာက မီးပူထိုးခေါက်ရိုးကျိုးနေပါလားလို့၊ နင်အိမ်ထောင်ကျသွားပြီ မဟုတ်လား"

မေပျို့စကားနားထောင်နေသော ရွှေတိုးနိုင်တစ်ယောက် လင်းသန့်ကို အားနာလို့လားမသိ၊ မျက်နှာပူသွားသလိုမျိုး ဖြစ်သွားပါသည်။

မေပျိုတစ်ယောက် သူမနှင့် လူကြီးချင်းသဘောတူထားသည့် လူရှေ့မှာ ဘာဖြစ်လို့ အတိတ်က ရည်းစားဖြစ်ဖူးတာ ပြောရသလဲဟု စိတ်ထဲကနေ မေပျို့အား အပြစ်တင်နေမိပါသည်။

"မေပျို . . . ငါအိမ်ထောင်ကျတာ နင်ဘယ်လိုလို့ သိသွားတာလဲ"

"နင်အရင်တုန်းက မီးပူမတိုက်ဘဲ ဝတ်တယ်လေ၊ အခုတော့ ကောနေတော့ ဒါအိမ်ထောင်ကျလို့ပေါ့ဟ"



www.burmeseclassic.com

www.burmeseclassic.com



"နင်ပြောတာ တစ်ဝက်မှန်တယ်၊ ဒါပေမယ့် မီးပူက ငါ့မိန်းမ တိုက်ပေးတာ မဟုတ်ဘူး၊ သူက စက်ဘပူမှာ အလုပ်လုပ်နေတာ၊ အင်္ကျီ က ငါ့ဖာသာငါ တိုက်ဝတ်တာ၊ မိန်းမရှိတုန်းကတော့ သူတိုက်ပေးတာ ပေါ့၊ အခုတော့ ကိုယ်ထူကိုယ်ထပဲ"

ရွှေတိုးနိုင်က မေပျိုနှင့် စကားပြောနေရင်းမှ အတိတ်ကို ပြန် လည်တူးဆွမိလို့ပဲ အားတက်သရော ဖြစ်လေသလား၊ ဘာလားတော့ မသိ တက်တက်ကြွကြွနှင့်ကို ပြောနေပါသည်။

မေပျိုကတော့ စိတ်ထဲကနေ ကျိတ်ကျေနပ်နေပါသည်။ သည် အဖြစ်အပျက်ကို သူမနှင့် အဖော်လိုက်လာသော လင်းသန့်က သိပြီဖြစ် သဖြင့် ရည်းစားဟောင်းနှင့် စကားကောင်းနေသော မေပျိုကို အခုသဝန် ကြောင်လျှင်တောင် လမ်းမှာကားမောင်းရင်း သဝန်ကြောင်ပြီလို့။

လင်းသန့်ကို အကဲခတ်ကြည့်တော့ လင်းသန့်က ကွမ်းစားမပျက် ပါ။

"မေပျို . . . ဒီက မေပျို့ရဲ့ဟို . . . ဟို . . . ဘယ်လိုပြောရ မလဲ၊ အင်္ကျီလက်ဆောင်ပေးတော့ မေပျိုက တစ်ခုခုလိုက်ကျွေးမှကောင်း မယ် . . . အားနာစရာကြီး၊ မေပျိုတို့ မတွေ့ရတာကြာတော့ စကားလေး ဘာလေး ပြောရတာပေါ့၊ ကျွန်တော့်ကို အားမနာနဲ့၊ ကျွန်တော်ကားထဲ ကနေ စောင့်နေပေးမယ်"

လင်းသန့်က ရွှဲ့ပြီးပြောတာလား၊ 'ဘု' ပြောတာလား၊ သို့မဟုတ် စိတ်ထဲကနေ ဆန္ဒအမှန်နှင့် ပြောတာလား မေပျိုမဝေခွဲတတ်ပါ။

မေပျိုကတော့ လင်းသန့်ဗိုက်ခေါက်ကိုသာ လိမ်ဆွဲချင်ပါသည်။

အရေးထဲ 'သင်း'က သူ့ကို ရွှေတိုးနိုင်နှင့်ထားခဲ့ပြီး ကိုယ်လွတ် ရုန်းသွားချင်လို့ပါ။

"နေပါစေ . . . လင်းသန့်ဆေးခန်းဖွင့်နောက်ကျနေမယ်"

"ရွှေတိုးနိုင် . . . နောက်မှဆုံမယ်နော်၊ သူ့ဆေးခန်းဖွင့်နောက်



www.burmeseclassic.com

www.burmeseclassic.com



ကျမှာစိုးလို့"

"ရပါတယ် မေပျို့ရယ်၊ မင်္ဂလာဆောင်ရင် ဖိတ်စာပို့ဦး"

ပွဲကိုအမြန်ဖြတ်ကာမှ ရွှေတိုးနိုင်က ဘုမသိ၊ ဘမသိ မေပျို့အား လှမ်းပြောနေပါသေးသည်။

မေပျို့ကတော့ ပွဲကိုအမြန်ဖြတ်လိုက်ရလို့ လင်းသန့်များ သဝန်ကြောင်လေမလား စမ်းသပ်ကြည့်မိပါသည်။

လင်းသန့်က စိတ်ထဲပါသလား၊ တကယ်လားမသိ။ သဘောကောင်းတော်မူသော ဝေသန္တရာလက်သစ်မျိုး ဖြစ်တော်မူနေလို့ပါ။

သည်အကြံကိုပေးသော သူငယ်ချင်းမနှစ်ဦးအား ကောင်းကောင်းရန်တွေ့ရဦးမည်လို့။

မေပျို့တကယ်မသိပါ။ အဲဒါက ချစ်တာနှင့် သဝန်ကြောင်ခြင်း ဆိုတာက သီးခြားစီဖြစ်တည်နေသလားဆိုတာ ဖြစ်ပါသည်။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

ပျော်စရာဆိုပြီး

ပြုမူခဲ့တဲ့အမှားဟာ

ကိုယ့်အတွက်

စံစားမှု၊ ယုံကြည်ချက်၊

မျှော်လင့်ခြင်းများ

(အဲဒါတွေ ...)

ကိုယ့်နှလုံးသားထဲမှာ

အကျယ်ချုပ်ကျခံခဲ့ရပေါ့။

အခုမှ

နှလုံးသားအကျယ်ချုပ်က

လွတ်မြောက်တာ ဘာကြာသေးလို့လဲ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

တူမဖြစ်သူမေပျို့ ဝတ်ထားစားထားတာကြည့်ပြီး ဦးမင်းလွင် ကျေနပ်နေမိသည်။ တူမဖြစ်သူအတွက် ယခုတော့ ရင်အေးသွားရပြီလို့။ တစ်ဦးတည်းသော တူမမို့ အစစ၊ အရာရာ အလိုလိုက်ခဲ့ရုံသာမက မေပျို့ ရည်းစားထည်လဲတွဲခဲ့တာကိုတောင် မဟန့်တားဘဲ လူငယ်ပီပီ စိတ်ကစား တာပဲလေဆိုပြီး ဘေးနားကနေ အမှားမပါအောင် လိုက်လံစောင့်ရှောက် ပေးခဲ့တာ ချစ်ရပါသော၊ မြတ်နိုးရပါသော ဒေါ်နုနုထား၏တူနှင့်ကျမှ စိတ်အေးရပြီလို့။

ဦးမင်းလွင်လည်း လူငယ်ဘဝကို ဖြတ်သန်းလာလို့ လူငယ်တွေ အကြောင်း ကောင်းကောင်းသိတာပေါ့။

လူငယ်ဆိုသည်မှာ တော်လှန်ဆန့်ကျင်သော ညာဉ်ရှိသည့်အတွက် ပျော့ပျောင်းချိုသာအလျော့ပေးသော နည်းလမ်းဖြင့် ကိုင်တွယ်ဖို့ အရေး ကြီးသည်ဆိုတာပဲ ဖြစ်ပါသည်။

ထိုကဲ့သို့ ပြုမူဆက်ဆံခဲ့လို့လည်း တူမဖြစ်သူ မေပျို့က မည်သည့် ကိစ္စကိုမဆို ထိန်ချန်ထားခြင်းမရှိဘဲ အကုန်အသိပေးခဲ့သည်။ ဦးမင်းလွင်

www.burmeseclassic.com



က အကောင်းအဆိုးကို အကြံပြုသဖြင့် အသက်နှစ်ဆယ့်ငါးနှစ်ကျော် လာသော မေပျိုတစ်ယောက် ရည်းစားများခဲ့ဖူးတာကလွဲလို့ ဘာအစွန်း အထင်းမှ မရှိခဲ့တာကိုပဲ ဂုဏ်ယူမဆုံးဖြစ်နေပါသည်။

"အန်ကယ်လေး . . . ဆက်တီခုံမှာထိုင်ပြီး ဘာတွေတွေးနေတာ လဲ၊ ကြည့်ရတာ မနက်ပိုင်းရေချိန်ပြည့်သွားပြီ ထင်တယ်"

မေပျိုက ငြိမ်ချက်သားကောင်းနေသည့် ဦးမင်းလွင်ကိုကြည့်ပြီး ပြောလိုက်သည်။

"မဟုတ်ပါဘူး မေပျိုရယ်၊ အန်ကယ်လေး ကျေနပ်နေလို့ပါ"

"ဘာကိုကျေနပ်တာလဲ အန်ကယ်လေးရဲ့"

"မေပျိုနဲ့ လင်းသန့်ကိစ္စပေါ့ကွယ်၊ မေပျို့ကို တစ်စုံတစ်ယောက် နဲ့များ ငြိစွန်းပြီး တစ်အိုးတစ်အိမ်ထူထောင်လို့ ဒုက္ခသုခတွေရောက်မှာ၊ မေပျို့ရဲ့စည်းစိမ်ကိုမက်လို့ ချဉ်းကပ်ပြီး လာမယ့်သူတွေ အဲဒါတွေကို စိုးရိမ်ခဲ့ရတာ၊ အခုတော့ ထားရဲ့တူကြောင့် စိတ်အေးရပြီလေ၊ ဘယ့်နှယ် လဲ . . . တူမတို့နှစ်ယောက်ရဲ့အခြေအနေက သံယောဇဉ်အရှိန်တွေ ပို မြင့်လာပြီလား"

ဦးမင်းလွင်က အခြေအနေမှန်ကို သိချင်သဖြင့် မေးမိသည်။

"အန်ကယ်လေးကသာ ကိုယ့်အထင်နဲ့ကို ဟုတ်နေတာ၊ မေပျိုတို့ နှစ်ယောက်က ဒီအတိုင်းပါပဲ၊ အန်ကယ်လေးရဲ့တူက ဘဝမှာ သူစားတဲ့ ကွမ်းလောက်မှ မေပျို့ကို တန်ဖိုးထားရဲ့လား မသိဘူး၊ ဘာပဲပြောပြော ကွမ်းစားမပျက်ဘူး၊ သူ့ကို အကောင်းနဲ့ပြောရင်တောင် သူက ဘုကော သေးတယ်၊ ဟွင်း . . . တကယ်မုန်းဖို့ကောင်းတယ်"

မေပျို့စကားကြောင့် ဦးမင်းလွင်က ရယ်လိုက်ပြီး . . .

"မေပျို . . . တကယ်မုန်းဖို့ကောင်းနေတာလား၊ တကယ်ကို နက်နက်ရှိုင်းရှိုင်း ချစ်နေတာလား၊ သမီးရဲ့အပြုအမူတွေက မုန်းတာမျိုးမှ မဟုတ်တာ၊ လင်းသန့်အကြောင်းပြောရတာကို ကျေနပ်နေပုံပဲ၊ အန်ကယ်



www.burmeseclassic.com

www.burmeseclassic.com



လေးတူမရယ် . . . ယောက်ျားတစ်ယောက်ဟာ သူ့တာဝန်သူကျေ သူ့အလုပ်သူလုပ်ရင်း မှန်တာကို ဘူတောတောတာ ဘာဖြစ်လဲ၊ လင်းသန့်က အန်ကယ်လေးတို့ ငယ်ငယ်တုန်းကလိုမျိုး မဟုတ်ဘူး၊ အလုပ်တစ်ခုခုကို တည်တည်ငြိမ်ငြိမ်လုပ်မယ့်ပုံပဲ၊ အန်ကယ်လေးတုန်းက သူ့အရွယ်ကဆို ဘာပေါက်ကရပြောသလဲ၊ ဗရုပ်ကျသလဲ မမေးနဲ့၊ အဲဒါကြောင့်လည်း ထားရဲ့မျက်မာန်တော်ရှခံခဲ့ရတာ"

ချက်ချင်းဆိုသလို ဦးမင်းလွင်လေသံက ပျော့သွားပါသည်။

"အန်ကယ်လေးပြောမှ သတိရပြီး မေပျိုမေးတော့မယ်၊ အန်ကယ်လေး ဒီနေ့တော့ အဖြစ်မှန်ပြောရမယ်"

"ဘာအဖြစ်မှန်လဲ မေပျိုရဲ့"

"ဒီလိုလေ . . . အန်ကယ်လေးနဲ့ အန်တီထားတို့နှစ်ယောက် ဘယ်လိုဖြစ်လို့ အချိန်တွေအကြာကြီး ဝေးသွားကွဲသွားကြတာလဲလို့၊ အဲဒါ မေပျိုသိပ်သိချင်တယ်"

ဦးမင်းလွင်က ထိုင်ရာကနေထလိုက်ပြီး ညှိခန်းနံရံပေါ်မှာ ချိတ်ဆွဲထားသည့် ဘွဲ့ဝတ်စုံနှင့် ရိုက်ကူးထားသော သူ့ဓါတ်ပုံကို ကြည့်လိုက်သည်။

"မေပျို . . . အန်ကယ်လေးက ပျော်စရာဆိုပြီး မူးမူးနဲ့ပြုမူခဲ့တဲ့ အန်ကယ်လေးရဲ့အမှားက ချစ်သူရဲ့အမုန်းကိုခံရပြီး နှလုံးသားအကျယ်ချုပ်ကျခဲ့တာ အခုမှပဲ နှလုံးသားအကျယ်ချုပ်ကနေ လွတ်မြောက်လာတာ"

"ဟုတ်ပါပြီ . . . အန်ကယ်လေးရဲ့လိုရင်းကို ပြောပါ၊ ဒီမှာ သိချင်လှပြီ"

"ထားက တက္ကသိုလ်မှာတုန်းက သူ့မေဂျာမှာကော သူနေတဲ့ ရတနာဆောင်မှာပါ Queen ပေါ့၊ တော်ရုံတန်ရုံယောက်ျားလေးပိုးလို့ကို မရဘူး၊ အဲဒီမှာ အန်ကယ်လေးက နောက်ပြောင်လွန်းတဲ့ ခင်ရင်းက ချစ်သူဖြစ်ခဲ့ကြတာ၊ ထားက အန်ကယ်လေးကို သိပ်ချစ်တာ၊ ကျောင်းသား



www.burmeseclassic.com

www.burmeseclassic.com



ဘဝကတည်းက အန်ကယ်လေးအရက်သောက်တတ်တာ ခွင့်လွှတ်ပေးတယ်၊ တစ်နေ့ပေါ့ တူမရယ် . . . အန်ကယ်လေးတို့နေတဲ့ သထုံဆောင်မှာ ညစာစားပွဲလုပ်တော့ ဧည့်သည်တွေ ဖိတ်လို့ရတယ်၊ ထားကလည်း သူ့သူငယ်ချင်းတွေနဲ့ ညစာစားပွဲကိုလာတယ်၊ အန်ကယ်လေးတို့ စားပွဲဝိုင်းမှာက အန်ကယ်လေးရဲ့သူငယ်ချင်းတွေရဲ့ ရည်းစားတွေလည်း ရှိတယ်၊ အဲဒီနေ့က အန်ကယ်လေးက မန္တလေးရမ်သောက်ပြီး တော်တော်မူးနေပြီ၊ ကျွေးတာကလည်း 'ဘူဖေး'ကြိုက်ရာယူရုံပဲ၊ အန်ကယ်လေးက အန်ကယ်လေးတို့ရဲ့ဝိုင်းမှာ စားဖို့အတွက် ခဏခဏထထပြီး သွားယူတော့ ထားက အန်ကယ်လေးကို ပြောတယ်၊ ကိုမင်းလွင် . . ဒီလောက်အစားအသောက်တွေ တစ်ပန်းကန်ပြီးတစ်ပန်းကန် သွားယူနေတာ မရှက်ဘူးလားတဲ့၊ တော်ကြာ . . . လူပြောစရာဖြစ်နေမယ်ဆိုပြီး သတိပေးတယ်၊ အန်ကယ်လေးက မူးကလည်းမူး စကလည်း စချင်တော့ ထားကိုနောက်လိုက်တယ်၊ မရှက်ပါဘူး ထားရယ်၊ ဒီလိုစားစရာတွေ တစ်ပန်းကန်ပြီးတစ်ပန်းကန်ယူတာ ထားက ယူခိုင်းလို့ ထားအတွက် လာလာယူရတာပါဆိုပြီး ပြောယူတာလို့ပြောတော့ ထားက တော်တော်ဒေါသထွက်သွားတယ်၊ ထိုင်ရာကနေ ထလိုက်ပြီး လူကြားထဲမှာ သူ့ကိုနောက်ပြောင်အရှက်ကွဲအောင် ကန်ဖိုးမထားဘူးဆိုပြီး ပြေးထွက်သွားတာ၊ နောက်တစ်နေ့လည်း ရောက်ရော . . . အန်ကယ်လေးနဲ့ ထားရဲ့ဇာတ်လမ်းက ခွဲခွာခြင်းအလွမ်းတွေဖြစ်ခဲ့ရတာ၊ အဲဒီမှာ အန်ကယ်လေးတစ်ယောက် စုဋ္ဌသုဘဒ္ဒါတစ်ယောက် ဆဒ္ဒန်ဆင်မင်းကို ဘာကြောင့်နာနာကျည်းကျည်း မုန်းရသလဲဆိုတာ သဘောပေါက်သွားတယ်၊ အချစ်မှာ ပျော်စေပျက်စေဆိုပြီး သွားမနောက်လေနဲ့၊ တစ်ဘဝစာ နှလုံးသားအကျယ်ချုပ်ကျလိမ့်မယ်"

"အန်ကယ်လေးနဲ့ အန်တီထားအကြောင်းက ထူးတော့ထူးတာပဲ မေပျို့တော့ အန်တီထားက အန်ကယ်လေးရဲ့အပေါ်မှာ စောင့်စည်းထားအပ်တဲ့ မေတ္တာတရားနဲ့ အန်ကယ်လေးက အန်တီထားအပေါ်မှာ ဒီနေ့ထိ



www.burmeseclassic.com

www.burmeseclassic.com



စောင့်စည်းတဲ့ မေတ္တာတရားကိုတော့ လေးစားတယ်၊ တော်ရုံတန်ရုံလူဆို ဒါမျိုးဘယ်ရမလဲ"

မေပျို့ချီးကျူးစကားကြောင့် ဦးမင်းလွင်ကျေနပ်သွားပါသည်။ ဟုတ်ပါသည်။ သူတို့နှစ်ဦးလိုမျိုးက နည်းနည်းတော့ ယခုလို ရုပ်ဝတ္ထု ပစ္စည်းအတွက် နှလုံးသားရေးထက် ဦးနှောက်ကို ဆုံးဖြတ်တာက များ နေလို့ ဖြစ်ပါသည်။

"အန်ကယ်လေးနဲ့ ထားနဲ့က လက်ထပ်မှာ၊ ဒါကလည်း မေပျို့နဲ့ လင်းသန့်ရဲ့ကိစ္စကို စီစဉ်ပြီးမှပါ၊ တကယ်တော့ အန်ကယ်လေးနဲ့ ထားနဲ့ လက်ထပ်ကြမှာက ဒီအသက်ဒီအရွယ်မှ တဏှာကိစ္စကြောင့်လို့ ထင်ချင် တဲ့သူက ထင်ကြလိမ့်မယ်၊ မေပျို့နဲ့ လင်းသန့်တို့ အိမ်ထောင်ကျရင် ကိုယ့် အိုးကိုယ့်အိမ်၊ ကိုယ့်မိသားစုနဲ့ ဘဝကိုဖြတ်သန်းရချိန်မှာ အန်ကယ်လေး နဲ့ထားတို့က အထီးကျန်ဆန်နေမှာပေါ့၊ ဒီတော့ အနာဂတ်အတွက် အထီး ကျန်ဆန်မှုကို ဖြေဖျောက်ဖို့ တစ်ယောက်နဲ့တစ်ယောက် ရှင်သန်နေတဲ့ အချိန်တွေမှာ နွေးထွေးကြင်နာမှုတွေလိုတယ်၊ အချစ်ဆိုတာ ကိုယ်မြတ်နိုး တဲ့သူကို ရာဂစိတ်မပါဘဲနဲ့လည်း ပေါင်းဖက်နိုင်ရမယ်ကွဲ့"

မေပျို့တစ်ယောက် ဦးမင်းလွင်စကားကို နားထောင်နေရင်းမှ ကြည်နူးမိပါသည်။ ဒေါ်နုနုထားသာ သည်စကားကြားရလျှင် သူမလိုပဲ ကြည်နူးမိမှာ အမှန်ပါပဲလို့။

မေပျို့ဆုံးဖြတ်လိုက်ပါသည်။ ပထမဦးဆုံးအနေဖြင့် သူမလုပ် စရာရှိသည့် အဆင့်တစ်ဆင့်ကို စလုပ်ရမည်ဟု။

ပြီးတော့ သဝန်ကြောင်မည့်အရေးကိုလည်း 'အကွက်'တွေ ဖန် တီးရဦးမည်လို့။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

တစ်သံသရာလုံး

သူ့လက်ကိုကိုင်ဆွဲ

သင်းပျံ့တဲ့ ပန်းရနံ့တွေ

ရှူရှိုက်မိချင်တာ

အပြစ်တော့မဟုတ်နိုင်ပါဘူးကွယ်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

ပြင်ဆင်ထားသော ဆေးခန်းကိုကြည့်ပြီး မေပျို့ကျေနပ်နေမိသည်။ ယခုမှပဲ ဆေးခန်းနှင့်တူသွားတော့သည်။ ဆေးခန်းပြင်ဖို့ လင်းသန့်က လုံးဝမသိ။ မေပျို့က အိမ်တွင်းအလှပြင်ဆင်သော မိတ်ဆွေတစ်ဦးအား လုပ်ငန်းကို ဘယ်လိုလုပ်သင့်ကြောင်း တိုင်ပင်ကြည့်တော့ မိတ်ဆွေဖြစ်သူက အလုပ်သမားနှစ်ယောက်လွှတ်ပြီး လိုအပ်တာတွေ ပြင်ဆင်ဖို့ စီစဉ်ပေးသည်။ အလုပ်သမားနှစ်ယောက်က ဆေးခန်းကိုကြည့်ပြီး သူတို့စိတ်ထဲမှာ တကယ့်ကြီးကြီးမားမား ပြင်ဆင်ရမည်ထင်ထားတာ ယခုတော့ ဘာမှမဟုတ်ပါလားဆိုပြီး လိုအပ်သည့် ပစ္စည်းများကို ဝယ်ခိုင်းသဖြင့် ဝယ်ပေးရသည်။ လုပ်တတ်သည့် သူများကျတော့ ခဏလေးပင်။ မနက်ဆယ်နာရီလောက်ကတည်းက လုပ်တာ နေ့လယ်ဆယ့်နှစ်နာရီမှာ ပြီးသွားသည်။ မေပျို့က ပြင်ထားဆင်ထားတာကိုကြည့်ပြီး တစ်ခုခုလိုအပ်နေတာ သိလိုက်ရသည့်အတွက် ပရိဘောဂဆိုင်သို့သွားကာ မှန်ဘီဒိုတစ်လုံး ကျွန်းစားပွဲတစ်လုံးနှင့် ပလပ်စတစ်ထိုင်ခုံဆယ်လုံးသာမက အိမ်ရှင်ပြောပုံအရ မီးခဏခဏပျက်သည်ဆိုသဖြင့် အင်ဗက်တာ၊ ဘက်ထရီအိုးပါ

www.burmeseclassic.com



ဝယ်ရသေးသည်။ အားလုံးသူ့ဟာနှင့်သူ ပြင်လိုက်ဆင်လိုက်တာ နေ့လယ်သုံးနာရီခွဲလောက်မှာ ပြီးသွားသည်။

ပြင်ထားဆင်ထားသော 'ရှင်သန်ခြင်း' ဆေးခန်းကို လူနာတွေ ရောက်လာလျှင်ဖြင့် ယခင်လိုမဟုတ်ဘဲ စိတ်ထဲမှာ တစ်ခုခုကျေနပ်သွားမှာပါလို့ မေပျိုထင်ထားပါသည်။

မနက်ကတည်းက ဆေးခန်းပြင်ဆင်ရေးမှာ ဟိုပါဒီပါ ပါရသဖြင့် နည်းနည်းပင်ပန်းသွားသောကြောင့် ဆေးခန်းထဲက ပက်လက်ကုလားထိုင်မှာ မေပျိုထိုင်ရင်းက မှေးခနဲ အိပ်ပျော်သွားသည်။

ကားဟွန်းသံကြားသဖြင့် မေပျိုလန့်နိုးသွားသည်။ ဖောက်စ်ဝက်ဂွန်လိပ်ခုံးကားကို ဆေးခန်းနှင့် မလှမ်းမကမ်းမှာ ရပ်ထားလိုက်ပြီး ဆေးခန်းရှိရာသို့ လာနေသော လင်းသန့်ကို မြင်လိုက်ရသည်။

"ဟာ . . . ဒါဘယ်လိုဖြစ်သွားတာလဲ"

တံခါးဖွင့်ထားသော ဆေးခန်းထဲကို ဝင်လာရင်းက ပြင်ဆင်ထားတာတွေကိုကြည့်ပြီး အံ့အားတသင့်ဖြင့် မေးလိုက်သည်။

"ဘယ်လိုဖြစ်ရမှာလဲ၊ ဆေးခန်းကို ဆေးခန်းနဲ့တူအောင် ပြင်ထားရတာပေါ့၊ အိမ်ရှင်ဆီက သော့တောင်းပြီး အသိအိမ်တွင်းအလှပြင်တဲ့သူကို အကူအညီတောင်းလိုက်ရတာ၊ ပြင်တာဆင်တာ ဘာကြာတာမှတ်လို့၊ ရှင်မို့လို့ ဘာမှမဟုတ်ဘဲ ပြင်လို့ရတာကိုမပြင်ဘဲ ဒီအတိုင်းထားတာ မနေနိုင်လို့ သိလား"

"ဟာဗျာ . . . ပိုက်ဆံတွေ ကုန်မှာပေါ့၊ ဘယ်လောက်ကျလဲ . . . ကျွန်တော်ပြန်ပေးမယ်၊ ဒီမှာလည်း မှန်ဘီဒို၊ ဟာ . . . ဆေးတွေကို ကျွန်တော်က သူ့ဟာနဲ့သူ မှတ်ထားတာ၊ မေပျိုက မှန်ဘီဒိုအကုန်စုထည့်လိုက်တော့ ပြန်ခွဲရဦးမယ်"

"ဘာလဲ . . . ရှင်က ဒီလိုလုပ်တာ မကြိုက်လို့လား"

"မဟုတ်ပါဘူးဗျာ . . . ဒီလိုမထင်ပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



မပျို၏လေသံက နည်းနည်းမာသွားတာကို လင်းသန့်က မပျို စိတ်ဆိုးသွားသည်ထင်ပြီး တောင်းပန်ပါသည်။

"ဒီလိုမျိုး ရှင့်ဆေးခန်းကို ပြင်ပေးတာ ကုန်ကျငွေတွေ ကျွန်မ ကို ဘာမှပေးစရာမလိုဘူး၊ လူနာတွေ ရှင့်ဆေးခန်းလာရင် အမြင်ပသာဒ လှစေဖို့ ကျွန်မလှူတာလို့သာ သဘောထားပေး၊ ကျွန်မ သွားမယ်"

မပျိုက ဆေးခန်းထဲက ထွက်သွားဖို့ ဘေးနားမှာ ချထားသည့် ဟမ်းဖုန်းကို ကောက်ယူလိုက်သည်။

"မသွားပါနဲ့ဦးဗျာ . . . ကျွန်တော်က သဘောရိုးရိုးပြောတာပါ။ ကျွန်တော်က ဆေးကုတာလေ၊ စားသောက်ဆိုင်ဖွင့်တာမှ မဟုတ်တာ၊ မလိုအပ်ဘူး ထင်လို့ပါ၊ မပျိုက လိုအပ်တော့လည်း လိုအပ်တာပေါ့၊ ဒီတော့ ညဆေးခန်းပိတ်ချိန်ရောက်ရင် ကျွန်တော်တစ်ခုခုလိုက်ကျွေးမယ်၊ ကဲ . . . ကုလားထိုင်မှာ စောစောကလို ပြန်နားလိုက်ဦး၊ ကျွန်တော်လုပ် စရာရှိတာ လုပ်လိုက်ဦးမယ်"

သည်တစ်ခါ လင်းသန့်ဘယ်လိုစိတ်ကူးပေါက်သွားသလဲ မသိ ပါ။ လေသံက စောစောကလိုမျိုး မဟုတ်တော့။ သူ့စိတ်ထဲမှာ မပျို တကယ်စိတ်ဆိုးပြီး ပြန်မည်ဟုထင်နေလို့ ဖြစ်ပါလိမ့်မည်။

ဘာပဲဖြစ်ဖြစ် လင်းသန့်ပြောလိုက်သော စကားက ပြန်ဖို့ဟန် ပြင်သော မပျို့အတွက် တစ်နေ့တာ ပင်ပန်းသမျှ အမောပြေကျေနပ်လို့ သွားရပါသည်။

လင်းသန့်ကတော့ မှန်ဘီဒိုထဲက ဆေးကဒ်တွေ၊ ဆေးပုလင်းတွေ ကို သူ့ဟာနှင့်သူ နေသားတကျစီး၊ ဘက်ထရီအိုးနှင့် အင်ဗက်တာကို မီးလင်းသလား၊ မလင်းသလား စမ်းသပ်ရင်း ကွမ်းစားလိုက်၊ ကွမ်းတံတွေး ထွေးလိုက်၊ ဟိုလုပ်ဒီလုပ်နှင့် ဘာစကားမှမပြော၊ အသံမထွက်ဘဲ အလုပ် ရှုပ်နေပါသည်။

❑



www.burmeseclassic.com

www.burmeseclassic.com



ညနေခြောက်နာရီခွဲလောက်တွင် ဆေးခန်းထဲသို့ လူတစ်ယောက် အရေးတကြီးပုံစံမျိုးနှင့် ရောက်လာပါသည်။ ထိုလူက ဆေးခန်းကို ဟိုဟို ဒီဒီကြည့်ရင်း တစ်ခုခုမှားသည့်ပုံစံမျိုးဖြစ်ရင်းက ဆေးခန်းထဲက ပြန်ထွက်ဖို့ နောက်ကြောင်းလှည့်စဉ် . . .

"ကိုထွန်းရှိန် . . . ဘယ်လိုဖြစ်လို့ ဆေးခန်းထဲဝင်လာပြီး ပြန်ထွက်ဖို့ လုပ်ရတာလဲ"

အသစ်ကာထားသော ဖိုက်ဘာသုံးထပ်သားနံရံနောက်ဘက် အတွင်းရှိ လူနာကုတင်ထားသော အခန်းထဲကနေ ထွက်လာသော လင်းသန့်က မြင်သဖြင့် လှမ်းခေါ်လိုက်သည်။

"တော်ပါသေးရဲ့ ဒေါက်တာရယ်၊ ကျွန်တော်က ဆေးခန်းမှားပြီး ဝင်လာတာမှတ်လို့ ပြန်ထွက်တော့မလို့၊ အရင်ဆေးခန်းက ဒါမျိုးမှ မဟုတ်တာ၊ မှောင်မည်းနေတာ"

ထိုလူ့စကားကြောင့် လင်းသန့်က ရယ်ရင်း . . .

"အခုလင်းသွားပြီ မဟုတ်လား၊ အဲဒါ သူ့ကြောင့်ဗျို့"

လင်းသန့်က မေပျို့ကို လက်ညှိုးထိုးပြလိုက်သည်။

"ဩော် . . . ဟုတ်လား၊ ဒါပေါ့ ဒေါက်တာရယ် . . . တစ်ချို့ ကိစ္စတွေမှာ ယောကျာ်းတွေက မိန်းမတွေကို ဆရာတင်ရတာမျိုးတွေ ရှိတယ်"

"ဒါနဲ့ ဆေးခန်းကိုလာတာက ပြောပါဦး . . . ဘာကိစ္စလဲ"

"ဒီလို ဒေါက်တာရေ၊ ဒေါက်တာ့ကို အိမ်လာပင့်တာ"

"ဘယ်သူဘာဖြစ်လို့ ကျွန်တော့်ကို လာပင့်ရတာလဲ၊ ဆေးခန်း ခေါ်လာလို့ မရဘူးလား"

"မရဘူး ဆရာရေ၊ ကိုယ်ဝန်နဲ့ ကျွန်တော့်မိန်းမက ဗိုက်သိပ်နာ နေလို့ မထနိုင်ဘူး၊ အဲဒါ ဒီနေ့မွေးနိုင်လား၊ မမွေးနိုင်ဘူးလား ဒေါက်တာ လိုက်ကြည့်ပေးပါဦး"



www.burmeseclassic.com

www.burmeseclassic.com



လူနာလာပင့်သူစကားကြောင့် လင်းသန့်က အံ့အားသင့်သလို ပုံစံမျိုးဖြင့် ထိုလူကိုကြည့်ပြီး . . .

"ကိုထွန်းရှိန် . . . ခင်ဗျားရူးနေပြီလား၊ ခင်ဗျားမိန်းမ,မဝင်းကလေးမွေးပြီးတာ ခြောက်လပဲရှိသေးတာ၊ ခင်ဗျားဟာက မဟုတ်သေးပါဘူး၊ မဖြစ်နိုင်တာဗျာ"

ကိုထွန်းရှိန်ဆိုသူက ကွမ်းတစ်ယာထုတ်ပြီး ဝါးလိုက်သည့် လင်းသန့်ကိုကြည့်ကာ ခေါင်းကုတ်လိုက်ရင်း . . .

"ဒေါက်တာကတော့ အရေးကြီးပါတယ်ဆိုမှ စစ်ဆေးရေးဝင်နေရသေးတယ်၊ လူတစ်ယောက်မှာ နောက်မိန်းမတစ်ယောက်ရှိနိုင်တယ်ဆိုတာကော မဖြစ်နိုင်ဘူးလား"

"ဩော် . . . ခင်ဗျားက အစောကြီးကတည်းက ပြောပါလားဗျာ၊ သိမှမသိတာ"

လင်းသန့်က ရှက်သလိုဖြစ်သွားရင်းက အရှက်ပြေရယ်လိုက်သည်။

"ကဲ . . . ဆရာရယ် . . . လိုက်ခဲ့ပါ၊ ဟိုမှာ ဗိုက်က တော်တော်နာနေပြီ"

"တကယ်တော့ ကိုထွန်းရှိန်ရ . . . ဒါမျိုးက ဆေးရုံကို အမြန်ပြေးရမှာ၊ သူ့ကိုအပ်တဲ့ OG နဲ့ ပြရမှာ၊ အခုတော့ မထူးဘူး . . . ခဏလေးစောင့်"

လင်းသန့်က အခန်းထဲဝင်ပြီး ဆေးအိတ်ကိုယူလိုက်သည်။

"မေပျို . . . စောင့်လက်စနဲ့ စောင့်ပေးပါဦး၊ လူနာလာရင် ညှိခံထားပေးပါ၊ ဒါမျိုး မေပျိုကျွမ်းပါတယ်၊ ကဲ . . . ကိုထွန်းရှိန်လာ"

လင်းသန့်က မေပျိုအား မှာစရာရှိတာမှာပြီး ဆေးခန်းထဲက အမြန်ထွက်သွားပြီး ကိုထွန်းရှိန်ဆိုသူကိုပါ သူ့ကားပေါ်ခေါ်တင်ပြီး ကားကို အမြန်မောင်းထွက်သွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မေပျိုခမျာမှာတော့ လင်းသန့်လှူနာသွားကြည့်နေစဉ်အတွင်းမှာ ဆေးခန်းသို့ လာရောက်သည့် လူမမာသုံးဦးအား ထိုင်စောင့်ခိုင်းရင်း ဧည့်ခံစကားပြောရတာ ပါးတွေတောင် ညောင်းမတတ်ပင် ဖြစ်ပါသည်။

သို့သော် မေပျိုကျေနပ်နေပါသည်။ မကျေနပ်လို့ ဘယ်ရပါ့မလဲ။

နောင်ဆိုလျှင် သည့်ထက်မကတောင် လင်းသန့်တာဝန်တွေ လုပ်ဆောင်ပေးရမှာ မဟုတ်ပါလားလို့။

❑

မေပျို့အဖို့ ဝမ်းသာစရာသတင်းကို လင်းသန့်က ယူဆောင်လာပေးပါသည်။

သူလှူနာလိုက်ကြည့်သော အမျိုးသမီးကို အိမ်မှာပဲ မွေးဖွားပေးရတာ ကလေးက ယောကျ်ားလေးတစ်ဦးနှင့် မိန်းကလေးတစ်ဦး အမြွှာပူး ဖြစ်နေလို့ပါ။

လင်းသန့်တစ်ယောက် ထိုသတင်းစကားကို ပြောချိန်မှာ သူ့မျက်နှာမှာ ကြည်စင်ဝင်းပကျေနပ်ကြည်နူးနေသော ခံစားမှုမျိုးကို တွေ့ရပါသည်။

လင်းသန့်ဘဝမှာ ငွေကုန်ကြေးကျခံပြီး ကုသိုလ်ရဖို့ လှူစရာမလိုဘဲ သူတတ်မြောက်ထားသည့် ပညာတွေနှင့် ကုသိုလ်တွေ အတော်ရနေပြီလို့ မေပျိုတွေးလိုက်မိပါသေးသည်။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

ရင်ဆိုင်တွေ့ကြုံရမယ့်

နေ့ရက်တွေကို

အိပ်မက်အဖြစ် အသိအမှတ်မပြုဘဲ

လက်တွေ့ကျကျ

ရင်ခုန်ခြင်းများစွာနဲ့

ဖြတ်သန်းပါရစေကွယ်။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၁)

သည်နေ့မှ 'သင်း'က ဗွေဖေါက်ပြီ။ တကယ်ပဲ အလုပ်မအားတာလား။ သို့မဟုတ် လူများများနဲ့ စကားမပြောချင်လို့လားလို့။ ဒါကလည်း ဖြစ်နိုင်ပါ။ လူများများနှင့် စကားမပြောချင်ရအောင် သူတာဝန်ထမ်းဆောင်သော နေရာက လူတွေအများကြီးဆက်ဆံရသည့် နေရာဖြစ်သည်။

သည်နေ့ မေပျိုက လင်းသန့်ကို သူငယ်ချင်းမနှစ်ယောက်နှင့် ဆုံပေးမည်။ ထို့ကြောင့် သူမက ဆေးရုံကနေ နေ့လည်စာစားမည့်အချိန်မှာ ခဏထွက်ခဲ့ဖို့ မနက်ကတည်းက ဖုန်းဆက်ပြီး ကြိုမှာထားသည်။ လင်းသန့်ကလည်း ကတိပေးသည်။ အားလုံးစုစုဝေးဝေး တစ်ပေါင်းတစ်စည်းတည်း စားရအောင်လို့ဆိုပြီး ဒေါ်နုနုထားကော ဦးမင်းလွင်ပါ မေပျိုက ခေါ်ခဲ့သည်။

စားသောက်ဆိုင်ရောက်လို့ မှာပြီးပြုပြီးကာမှ လင်းသန့်ဆီက ဖုန်းဝင်လာသည်။ အရေးပေါ်လူနာတစ်ဦးကို နှလုံးခွဲစိပ်ရမှာမို့ သူ့အကူဆရာဝန်အဖြစ်ကျလို့ မလာဖြစ်ကြောင်း ရှင်းပြပါသည်။ ပထမတော့ နည်းနည်းစိတ်တိုချင်သလို ဖြစ်မိသေးသည်။ သို့သော် လူတစ်

www.burmeseclassic.com



ယောက်အသက်ရှင်သန်မှုဟာ သူတို့စားသောက်သော ထမင်းပွဲဟင်းပွဲတွေထက် တန်ဖိုးရှိကြောင်း မေပျိုနားလည်သဖြင့် ခွင့်လွှတ်ဖြေသိမ့်ပေးလိုက်သည်။

ထို့ကြောင့် လင်းသန့်မပါဘဲ မှာထားသော အစားအသောက်များကို စားနေမိကြသည်။

"မေပျိုရယ် . . . တကူးတက ငါတို့နဲ့ ပေးတွေ့မယ်လို့ စီစဉ်ပေးကာမှ အရေးပေါ်ဖြစ်ရတယ်လို့"

စားပြီးသောက်ပြီးလို့ အချိုပွဲစားသည့်အခါ ကြူကြူဆွေက ပြောပါသည်။

"အန်တီရဲ့တူလေးက အဲဒီလိုပဲ၊ အိမ်မှာလည်း ဒီအတိုင်းပဲ၊ တနင်္ဂနွေနေ့မျိုး အိမ်မှာနားပါတယ်ဆိုမှ သွေးလွန်တုပ်ကွေးရာသီမျိုးဆိုဆေးရုံမှာ ဆရာဝန်မလောက်လို့ လှမ်းခေါ်လို့ သွားရတာမျိုးတောင် ရှိသေးတယ်"

"ထားက အဲဒါကို ကျေနပ်နေတာ မဟုတ်လား"

ဒေါ်နုနုထားကို ဦးမင်းလွင်က ပြောလိုက်သည့်အခါ ဒေါ်နုနုထားက မေပျို့ကိုကြည့်ရင်း . . .

"ထားကျေနပ်ဖို့ထက် ကိုမင်းလွင်ရဲ့တူမ မေပျိုနားလည်ဖို့ကပိုအရေးကြီးတယ်၊ သူတို့က တစ်ဘဝလုံးလက်တွဲရမှာလေ၊ အခု ဒီနေ့လိုဟာမျိုးက တောက်လျှောက် သူတို့နှစ်ယောက်ဘဝမှာ ကြုံရဦးမှာ"

"ထားရေ . . . နားလည်လား မလည်လားတော့ မသိဘူး၊ ကိုယ့်တူမကတော့ ဆေးခန်းတွေ ပြင်ပေးရတာနဲ့၊ အင်ပက်တာ ဘတ္တရီအိုးကစလို့ ဝယ်ပေးရတာနဲ့ ပြောမပြောချင်ဘူး"

ဦးမင်းလွင်စကားအဆုံးမှာ အားလုံးက မေပျို့ကို ဝိုင်းကြည့်သဖြင့် မေပျိုရှက်သွားပါသည်။

"အင်း . . . ငါ့တူမများ ရှက်တော့ ပြုံးနေလိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



ဦးမင်းလွင်က မေပျို့ကို ပြောရင်းမှ လက်ကျန်ဘီယာကို တစ်ကျိုက်တည်း မော့ချလိုက်သည်။

ထိုအချိန်မှာပင် ဒေါ်နုနုထားက သက်သက်ချိုဝယ်လာသော 8 DAYS ဂျာနယ် စားပွဲပေါ် ချထားတာကို ကောက်ယူပြီး မျက်နှာဖုံးကို ကြည့်လိုက်သည်။ ဂျာနယ်မျက်နှာဖုံးတွင် ဖော်ပြထားသော ရုပ်ရှင်မင်းသမီးစိုးမြတ်သူဇာ၏ဓါတ်ပုံကို အသေအချာကြည့်လိုက်၊ ဂျာနယ်ထဲမှ စိုးမြတ်သူဇာဝတ်ဆင်ထားသော အဝတ်အစားနှင့် လက်ဝတ်ရတနာကို ကြည့်လိုက်၊ သူ့ကိုယ်သူ ပြန်ကြည့်လိုက်နှင့် ဖြစ်နေပါသည်။

ဒေါ်နုနုထားက ဂျာနယ်မျက်နှာဖုံးတွင် ဖော်ပြထားသော စိုးမြတ်သူဇာပုံအား ဦးမင်းလွင်ကိုပြရင်း . . .

"ကိုမင်းလွင် . . . ဟောဒီဂျာနယ်ထဲမှာပါတဲ့ စိုးမြတ်သူဇာနဲ့ ထားနဲ့ ဘယ်သူပိုလှသလဲ၊ ထားတို့ တက္ကသိုလ်တက်တုန်းက ဆံပင်ပုံစံမျိုးနဲ့နော်"

ဦးမင်းလွင်က 8 DAYS ဂျာနယ်မျက်နှာဖုံးကို သေသေချာချာ ကြည့်လိုက်ရင်း . . .

"ဘယ် . . . ဒီစိုးမြတ်သူဇာရဲ့အလှက ထားကို အခုလည်း မမီဘူး၊ ဟိုးတက္ကသိုလ်ကျောင်းသူဘဝကဆို အဝေးကြီးမှာ သွားနားလို့ရတယ်၊ ထားရဲ့အလှက အရင်အတိုင်းပဲ၊ နောက်လည်း လှနေဦးမှာ"

သက်သက်ချိုနှင့် ကြူကြူဆွေတို့ရှေ့မှာ ဒေါ်နုနုထား၏အလှကို ချီးကျူးလိုက်သဖြင့် မိန်းမသားပီပီ ဒေါ်နုနုထားကျေနပ်သွားသည်။

"ထား သိပါတယ်၊ ကိုမင်းလွင်ဟာ အမှန်ကိုပြောတတ်တယ်ဆိုတာ၊ ဒီလိုအပြောမျိုးနဲ့ပဲ တစ်ချိန်က ထားအချစ်ကို ရယူခဲ့တာ မဟုတ်ဘူးလား"

"ဟုတ်တာပေါ့ ထားရယ်၊ နေဦး . . . ကိုယ် ဘီယာထပ်မှာဦးမယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟွင်း! . . . လုပ်ပြန်ပြီ"

ဒေါ်နုနုထားက ဦးမင်းလွင်ကို စိတ်ဆိုးချင်သလို ပုံစံမျိုးနှင့် မျက်စောင်းထိုးလိုက်သည်။ ဦးမင်းလွင်ကတော့ လာချပေးသော ဘီယာကို ဖန်ခွက်ထဲထည့်ပြီး မော့ချလိုက်သည်။ မေပျိုကတော့ သိလိုက်ပြီ၊ ဦးမင်းလွင်တစ်ယောက် လျှာသွက်အာသွက်ဖြစ်ပြီလို့။

"အန်ကယ်လေး . . . အန်တီထား ကျေနပ်သွားအောင် ထပ်ပြောလိုက်ဦးလေ၊ ဒီက သူငယ်ချင်းတွေကလည်း ထပ်ကြားချင်နေသေးတယ်"

ထိုအခါ ဦးမင်းလွင်က ဒေါ်နုနုထားကိုကြည့်လိုက်ပြီး ပြုံးလိုက်ရင်းက . . .

"စိုးမြတ်သူဇာနဲ့ ထားရဲ့အလှကို နှိုင်းယှဉ်ပြီး ထပ်ပြောဖို့က တကယ်တမ်းကျတော့ အန်ကယ်က အမှန်အတိုင်းပြောဖို့ သတ္တိမရှိဘူးကွ"

ဦးမင်းလွင်စကားကြောင့် ဒေါ်နုနုထားက ရုတ်တရက်ဆိုသလို စောစောကလို မျက်နှာအမူအရာမျိုး မဟုတ်တော့ဘဲ . . .

"ကိုမင်းလွင် . . . ဒါဆို စောစောက ပြောတာတွေက ရှင့်စိတ်ထဲမှာ ရှိတာမဟုတ်ဘဲ ထင်ရာပြောတာပေါ့ . . . ဟုတ်လား၊ ဩော် . . ရှင်က ဒီလိုလား၊ ရတယ်လေ"

"ထား . . . ထား . . . နေပါဦး၊ ကိုယ်ရှင်းပြမယ်၊ ကိုယ်နောက်တာ"

ဒေါ်နုနုထားက လက်ထဲမှာ ကိုင်ထားသည့် ဂျာနယ်ကိုပစ်ချပြီး ဆိုင်ထဲက ထွက်သွားတာကို ဦးမင်းလွင်က နောက်ကနေခေါ်ရင်း ပြေးလိုက်သွားပါသည်။

"ဟဲ့ . . . မေပျို ဘယ်လိုလုပ်လိုက်တာလဲ၊ ဟိုမှာ အမျိုးနက တက်ပြီ"

သက်သက်ချိုက စိုးရိမ်တကြီး ပြောပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"နင်တို့ မသိပါဘူးဟာ၊ အန်တီထားက သူ့ကိုမလှဘူးပြောလို့ စိတ်ကောက်မယ်၊ အန်ကယ်လေးက စိတ်ကျေနပ်အောင် ချော့လိမ့်မယ်၊ အဲဒါကို အန်တီထားက ကျေနပ်နေလိမ့်မယ်၊ နင်တို့မယုံရင် လောင်းမလား"

"အမယ်လေး မေပျိုရယ်၊ နင်ကတော့လေ . . . ကိုယ့်အလုပ်ကိုယ်မလုပ်ဘူး၊ အဲဒါမျိုးက နင်ဖြစ်ရမှာ၊ အခုလိုပွဲမျိုးမှာ ရောက်မလာတဲ့ လင်းသန့်ကို နင်က စိတ်ကောက်ပြ၊ ဟိုက မလာနိုင်တာကို အကြောင်းပြရင်း နင့်ကိုပြန်ချော့ရမှာ၊ အခုဟာက ပြောင်းပြန်ဖြစ်နေပြီ"

"ကြူကြူဆွေရယ် . . . ဒါကတော့ သူက အလကားနေနေတာမှ မဟုတ်တာ၊ လူ့အသက်တစ်ချောင်းကို ကယ်နေတာလေ"

သက်သက်ချိုက . . .

"မေပျိုရယ် . . . နင့်မလည်း လင်းသန့်က သဝန်ကြောင်မလားလို့ လုပ်ပါရဲ့၊ ဟိုက ရှောင်တောင်ပေးသေးတာဆိုတော့ စောစောက ဦးမင်းလွင်နဲ့ ဒေါ်နုနုထားတို့လိုမျိုး နင်တို့နှစ်ယောက်ဖြစ်အောင် ဒီထက်ဇာတ်ရှိန်မြင့်တဲ့အပိုင်းကို ရောက်အောင်လုပ်ရမှာ"

"သက်သက်ချို . . . မေပျို့အတွက် နင်က ဘယ်လိုစီစဉ်ဦးမလို့လဲ၊ ဒီတစ်ခါ လင်းသန့်သဝန်ကြောင်ဖို့ ဇာတ်ရှိန်က တော်တော်တက်မှ ရမှာ . . ."

ကြူကြူဆွေက ထိုသို့ပြောရင်းမှ . . .

"ငါနဲ့ သက်သက်ချိုအဖြစ်က သူများတွေသာသိရင် ပြောစရာတော့ ဖြစ်ပြီ၊ တကယ်တမ်း ကိုယ့်ကိုယ်ကို စွံအောင်မလုပ်ဘဲ သူများစွံဖို့ အဆင်ပြေဖို့အတွက် လျှောက်စဉ်းစားပေးနေရတာ ဟုတ်တော့မဟုတ်သေးဘူး"

"ဒီလိုဆိုရင် ငါရှာပေးရမလား ကြူကြူဆွေ၊ လင်းသန့်ရဲ့ဆရာဝန်သူငယ်ချင်းတွေ ရှိတယ်"

"တော်ပါ မေပျိုရယ်၊ ငါတို့ကို အသာထားလို့ ဟိုကနင့်ကို ဂရု



www.burmeseclassic.com

www.burmeseclassic.com



စိုက်လာတာမျိုးကိုပဲ လုပ်စမ်းပါဦး၊ တကယ်တည်းမှပဲ"

"ကြူကြူဆွေ . . . ငါတို့တစ်နေ့ လင်းသန့်ရဲ့ဆေးခန်းကိုသွားပြီး မေပျိုရှိတဲ့နေ့မျိုး သွားအကဲခပ်ဦးမယ်၊ ဒါမှ မေပျိုတို့အကြောင်း အသေးစိတ်သိအောင်ပေါ့"

"သက်သက်ချို . . . နင်တို့လာလို့ကတော့ ကားခကုန်တာပဲ အဖတ်တင်မယ်၊ ငါက နေ့တိုင်းသွားတာမှ မဟုတ်တာ၊ စိတ်ပါတဲ့နေ့မျိုးမှ သွားတာ၊ တော်ကြာ . . . ငါ့ကိုမတွေ့ဘဲ နေဦးမယ်"

"ဒါဆိုလည်း နင်ရှိမယ့်အချိန် ဖုန်းသာဆက်လိုက် မေပျိုရယ် ထားပါဟာ . . . ဒါက သိပ်အရေးမကြီးသေးပါဘူး၊ အရေးကြီးတာက လင်းသန့်သဝန်တိုဖို့ကိစ္စ ဒီရက်အတွင်း အကောင်အထည်ဖော်ဖို့ပဲ"

"အဲဒါကို နင်တို့ကသာ အကြံပေးတာ၊ ဒီလိုလုပ်လို့ အဖြစ်မှန်သိသွားရင် လင်းသန့် ငါ့ကိုများ အထင်သေးသွားမလား မသိဘူး . . . သက်သက်ချိုရယ်"

"မေပျို . . . အခုမှတော့ ကြောက်မနေနဲ့တော့၊ ရှေ့ဆက်တိုးဖို့သာ ပြင်ပေတော့"

ကြူကြူဆွေက အားတက်သရော ပြောပါသည်။ မေပျိုကတော့ ရှေ့လျှောက်ဘယ်လိုဖြစ်လာမလဲ မသိရေးချမသိတာက အမှန်ပင် ဖြစ်ပါသည်။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

လေပြည်ညင်းကို

အလွယ်တကူ

ထိတွေ့နမ်းရှိုက်ရသလိုမျိုး

ညစဉ်ညတိုင်း

အိပ်မက်ချိုချိုများ

ကိုယ့်အားပေးသနားတော်မူပါ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

သည်နေ့ကိစ္စကို သူငယ်ချင်းမနှစ်ယောက်စီစဉ်ထားတာ အဆင်မှပြေပါ့မလားဟု မေပျိုတွေးနေမိသည်။ ဟိုဖက်ကတော့ အားလုံးအကွက်ကျအောင် စီစဉ်ထားသည်ဟု ပြောပါသည်။ တိုက်ဆိုင်ချင်တော့ သည်နေ့မှ ဦးမင်းလွင်က ဘာစိတ်ကူးပေါက်သည်မသိ။ သူ၏ဒေါ်နုနုထားကို လက်ဆောင်ပေးဖို့ဆိုပြီး မေပျိုအား စပရိန်မွေ့ယာဝယ်ခိုင်းသည်။ ဒေါ်နုနုထားက မွေ့ယာမပါလျှင် မအိပ်တတ်ကြောင်းနှင့် သူမ crazy ကမွေ့ယာလည်း ပါသည်ဟုပြောသဖြင့် မေပျိုက လင်းသန့်ကိုခေါ်ကာ စိန်နှင့်မြမွေ့ယာဆိုင်ကနေ စပရိန်မွေ့ယာဝယ်ပြီး ဒေါ်နုနုထားအိမ်ကို ပို့ခိုင်းရသည်။ ပြီးတော့ မေပျိုက လင်းသန့်ကို မျှော်စင်ကျွန်းထဲခေါ်လာပြီး ကချင်ရိုးရာ 'မလိခူး' စားသောက်ဆိုင်မှာ မနက်စာစားသည်။ မနက်စာစားပြီးချိန်ထိ သူငယ်ချင်းမနှစ်ဦး အစီအစဉ်ဆွဲထားသလိုမျိုး မပြေလာသေး၍ မေပျိုက အချိန်ဆွဲပြီး စောင့်နေရသည်။ စိန်နှင့်မြမွေ့ယာဆိုင်ကနေ လင်းသန့်မသိအောင် သည်နေရာမှာရှိသည်ဆိုတာ ဖုန်းဆက်လိုက်ရသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



မသိမသာ မေပျိုဆိုင်ရှေ့လှမ်းကြည့်လိုက်တော့မှ သက်ပြင်းချမိသည်။ ဘာဖြစ်လို့လည်းဆို သူငယ်ချင်းမနှစ်ဦးနှင့် စီစဉ်ထားသလိုမျိုး ဖြစ်လာသောကြောင့်ပင်။

ကျောင်းတုန်းက သူငယ်ချင်းဟောင်းဖြစ်သော စံမင်းကိုတစ်ယောက် ဘယ်ကနေဖမ်းလာမှန်းမသိသော ကြောင်တစ်ကောင်ကို လက်က ပွေ့ချီပိုက်ထွေးထားရင်း 'မလိခူး' ဆိုင်ထဲဝင်လာလို့ ဖြစ်သည်။ လက်မှာပိုက်ထားသော ကြောင်၏လည်ပင်းကို ကြိုးချည်ထားပြီး လုံးကိုင်ထားပေမယ့် ကြောင်က လူနှင့်ယဉ်ပါးနေလို့လားမသိ လုံးဝမရုန်း။

"ဟယ် . . . မေပျို"

"စံမင်းကို ဘယ်လာတာလဲ"

စံမင်းကိုက မေပျိုနှင့် လင်းသန့်ကိုတွေ့သဖြင့် အံ့အားသင့်သလိုပုံစံမျိုး နှုတ်ဆက်လိုက်တာကို မေပျိုကလည်း သူ့အတိုင်း အံ့အားသင့်သလိုမျိုး ပြန်နှုတ်ဆက်လိုက်သည်။

"ဟဲ့ . . . မေပျို . . . နင်က အိမ်ထောင်ကျသွားတာတောင် မပြောပါလား"

"မဟုတ်ပါဘူးဟယ်၊ ဒါက ငါ့မိတ်ဆွေပါ၊ ဒေါက်တာလင်းသန့်တဲ့၊ လင်းသန့် . . . ဒါက မေပျိုတို့ တက္ကသိုလ်တက်တုန်းက အခန်းဖော်သူငယ်ချင်းလေ . . . စံမင်းကိုတဲ့"

"တွေ့ရတာ ဝမ်းသာပါတယ်ဗျာ . . . ထိုင်ပါဦး"

လင်းသန့်က ခေါင်းညိတ်ပြရင်းမှ ထိုင်ခိုင်းလိုက်သည်။

"ကျေးဇူးပါပဲဗျာ၊ မထိုင်တော့ပါဘူး၊ ဒီဆိုင်က စားစရာပါဆယ်ဝယ်ပြီး ပြန်မှာ၊ အိမ်က မပေါ့သီက မှာလိုက်လို့"

စံမင်းကိုက စားပွဲထိုးကိုခေါ်ပြီး မှာစရာရှိတာကို လှမ်းမှာနေသည်။

"ထိုင်ပါ စံမင်းကိုရယ်၊ နင့်တွေ့လိုက်ရင် တစ်ခုမဟုတ်တစ်ခု



www.burmeseclassic.com

www.burmeseclassic.com



ထူးခြားနေတာပဲ၊ အခု ဒီကြောင်ကို ပိုက်ထားတာက ဘာလုပ်ဖို့လဲ"

မေပျိုက ကြောင်ကိုကြည့်ရင်း မနှစ်မြို့သလို လေသံမျိုးဖြင့် မေးလိုက်သည်။

"ငါသိပါတယ် မေပျိုရယ်၊ နင်က ကြောင်တွေကို မုန်းတယ်ဆိုတာ၊ ဒါကလည်း နင်နဲ့ပတ်သက်ခဲ့ဖူးတဲ့ သူကြောင့်လေ"

"ဟဲ့ . . . စံမင်းကို၊ နင့်စကားက ဘယ်လို"

မေပျိုက ဘာမှမသိသလိုပုံစံမျိုး ဟန်ဆောင်လိုက်သည်။

"မေပျိုရာ . . . နင်က တကယ်မသိတာလား၊ ဟုတ်တယ် . . . ကိုလင်းသန့်ရဲ့မေပျိုက ကြောင်ဆို တကယ်မုန်းတာ၊ ပြောရဦးမယ် . . . ကြောင်နဲ့ပတ်သက်လို့ မေပျိုနဲ့ရည်းစားဖြစ်ခဲ့ဖူးတဲ့ အောင်ငြိမ်းသူတို့အိမ်က ကြောင်ဆိုသိပ်ချစ်တာ၊ အိမ်မှာ ကြောင်တွေမွေးထားတာ ရှစ်ကောင်လောက်ရှိမယ်၊ ကျွေးတာမွေးတာကအစ လူအတိုင်းပဲ၊ ပြီးတော့ အဲဒီကြောင်တွေ ရောဂါဖြစ်ရင်ပြဖို့အတွက် မိသားစုကြောင်ဆရာဝန်တောင် ရှိသေးတယ်၊ တစ်နေ့ မေပျို့ကို အောင်ငြိမ်းသူက သူ့မိဘတွေနဲ့ မိတ်ဆက်ပေးမယ်ဆိုပြီး ခေါ်သွားတာ မေပျိုက အောင်ငြိမ်းသူတို့အိမ်ရောက်တော့ ဧည့်ခန်းထဲမှာ ထိုင်နေတုန်း မေပျိုက ကြောင်ချေးနံ့ရတယ်၊ ရွံတယ်ဆိုပြီး ဗျစ်တောက်ဗျစ်တောက်ပြောနေတုန်း ကြောင်တစ်ကောင်က သူ့ခြေထောက်ကို ပွတ်သီးပွတ်သတ်လာလုပ်လို့ ကြောင်မုန်းတဲ့ မေပျိုက ခြေထောက်နဲ့ အဲဒီကြောင်ကို ကန်ထုတ်လိုက်တာ ကြောင်ချစ်တဲ့ အောင်ငြိမ်းသူကော သူ့အိမ်က မိဘတွေပါ ဒေါသထွက်လို့ စကားများကြရင်းက မေပျိုနဲ့အောင်ငြိမ်းသူရည်းစားဘဝ တစ်ခါတည်းပွဲသိမ်းသွားတယ်လေ၊ အဲဒီအောင်ငြိမ်းသူက ကျွန်တော်နဲ့က သူငယ်ချင်းလေ၊ အခုဒီကြောင်က သူ့အိမ်မှာ ကြောင်ထီးမရှိလို့ ရှာပေးပါဆိုတာနဲ့ အိမ်က ဒီကြောင်က ဟင်းခိုးစားလွန်းလို့ လက်မခံတော့ဘူး၊ ဒါနဲ့ ဒီကောင့်အိမ်သွားပို့မလို့ဟော . . . စကားကောင်းနေတာ မှာနေတာတောင် ရှိပြီ၊ ပိုက်ဆံရှင်းဦး

www.burmeseclassic.com



မှပဲ၊ မေပျို . . . နင်တို့အတွက်ပါ ငါရှင်းခဲ့မယ်"

မေပျိုတစ်ယောက် စံမင်းကိုအား ချီးကျူးမိသည်။ သူသရုပ်ဆောင်တာက အပိုအလိုမရှိ ကွက်တိပင်။ နားထောင်နေသော လင်းသန့်ကတောင် စိတ်ဝင်တစားနှင့် ကွမ်းတောင်မစားနိုင်ပါ။

"ခင်ဗျား . . . ပိုက်ဆံသွားရှင်းမယ်ဆို ကြောင်ကို ကျွန်တော့်ပေးထားလေ၊ ခင်ဗျားရဲ့ကြောင်က လူယဉ်မယ့်ပုံပဲ၊ ကျွန်တော်ချီထားပါ့မယ်"

"ဟုတ်ကဲ့ . . . ကျေးဇူးပါပဲဗျာ"

စံမင်းကိုက လင်းသန့်လက်ထဲ ကြောင်ကိုလွှဲပြောင်းပေးလိုက်ပြီး ကောင်တာမှာ ပိုက်ဆံရှင်းရင်း မှာထားသည်များကို ယူနေပါသည်။

လင်းသန့်ကတော့ ပွေ့ချီထားသော ကြောင်လည်ပင်းကို လက်နှင့်သပ်ပေးလိုက်၊ ကြောင်ကို ပါးနှင့်ကပ်လိုက်နှင့်။ ကြောင်ကလည်း သဘောတွေ့နေတာ ရှန်းပင်မရုန်း။

မေပျိုကတော့ ထိုင်ရာကနေ မနည်းမျက်နှာမပျက်အောင် ထိန်းချုပ်ထားရသည်။ ခန္ဓာကိုယ်ထဲမှာလည်း ရွစိရွစိဖြစ်လာသည့် စိတ်ကို မနည်းထိန်းထားရသည်။

စံမင်းကိုတစ်ယောက် သူမနှင့် အောင်ငြိမ်းသူတို့ သမီးရည်းစားဘဝက ဖြစ်ပျက်ခဲ့သည့်ကိစ္စအား လင်းသန့်သဝန်ကြောင်ဖို့ 'ခွင်'ဆင်ဖန်တီးကာမှ သူမက ကြောင်ကိုမုန်းသလောက် ကြောင်ကိုချစ်တတ်သော လင်းသန့်နှင့်မှ ကြုံမှကြုံရတတ်သည်လို့။ လင်းသန့်ကြောင်တွေကို ချစ်တတ်မှန်း သူမဘာကြောင့်မသိခဲ့ရပါလိမ့်ဆိုပြီး ကိုယ့်ဖာသာကိုယ် အပြစ်တင်နေမိသည်။

"ရော့ . . . ဒီကြောင်က ဟင်းခိုးစားလို့သာပဲ၊ တော်တော်ချော့ရတယ်ဗျ၊ ခင်ဗျားက ပေးမယ့်လူရှိလို့၊ မရှိရင် ကျွန်တော်က တောင်းပြီး ယူသွားဖို့တောင် စိတ်ကူးသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



လင်းသန့်က စားစရာပါဆယ်များယူလာသော စံမင်းကိုလက်ထဲ ကြောင်ကိုပေးလိုက်ရင်းက ပြောလိုက်သည်။

"ကျွန်တော်လည်း ပြောထားပြီးသား ဖြစ်နေလို့ပါ၊ သွားပြီ မေပျို . . . သွားပြီ ကိုလင်းသန့်"

စံမင်းကိုက ကြောင်ကို တစ်ဖက်ကပိုက်၊ လက်ထဲစားစရာများ ကိုယူပြီး ဆိုင်ထဲက ထွက်သွားပါသည်။

တကယ်တော့ စံမင်းကိုအဖို့ သည်ကြောင်ကို မည်သူ့ကိုမှမပေး ရဲပါ။ ဤကြောင်သာ သူများကိုပေးလျှင် ကြောင်ချစ်သော သူ့မိန်းမက သူ့ကြောင်ပျောက်ရသလား ပေါက်ကွဲပြီး ဒေါသပုန်ထလျှင် အိမ်ပေါ်က ဆင်းရမှာ အမှန်။ အခု ကြောင်ကို ခိုးကြောင်ခိုးဝှက်ယူလာတာ မသိ သေးလို့။ သိလို့က ပွဲကပြီးပြီ။

❑

"မေပျိုရယ် . . . နင်ဘယ်လိုဖြစ်လို့ ကောက်ခါငင်ကာ ဖျားရ တာလဲ"

"ကြူကြူဆွေရေ . . . အဲဒါ မေပျိုစိတ်ညစ်ပြီး ဖျားတာဖြစ်မယ်"

မနေ့က လင်းသန့်နှင့် မျှော်စင်ကျွန်းမှာ စားရင်းသောက်ရင်း သဝန်ကြောင်ဖို့ကိစ္စ 'ခွင်'ဆင်ရင်းမှ ထင်ထားသလိုကလည်း မဖြစ်လာ၊ အလိမ်ပေါ်မှာလည်း စိုးသဖြင့် မေပျိုက မျက်နှာပူပူနှင့် လင်းသန့်အား ဆေးခန်းသို့ လိုက်ပို့ပေးပြီး အိမ်ပြန်ရောက်ရောက်ချင်း ခေါင်းထဲည်း စီစီဖြစ်လာသဖြင့် ရေတစ်ဝစိမ်ချိုးလိုက်တာ အပူရှပ်တာလား၊ အအေး ပတ်တာလား မသိ။ ကိုယ်နည်းနည်းပူလာပြီး သည်မနက်မှာ ဖျားသည်။ ထို့ကြောင့် သူငယ်ချင်းမနှစ်ယောက်ကို ဖုန်းဆက်အသိပေးရင်း မနေ့က ကိစ္စကို ပြောချင်တာလည်းပါသဖြင့် အိမ်သို့ခေါ်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မေပျို . . . နင်ဒီလိုဖျားတော့ နင့်ရဲ့ကိုကိုဒေါက်တာကို မပင့်ဘူးလား"

"ဒီမေးခွန်းကို ဒီမှာတင်ရပ်တော့ သက်သက်ချို၊ မနက်က ငါက သူ့ကိုဖုန်းဆက်ပြီးပြောလို့ သူက ဘာဆေးသောက်ရမယ်ဆိုတာ ညွှန်ကြားပြီးပြီ၊ စိုးရိမ်စရာမရှိပါဘူးတဲ့၊ သိပ်ဖြစ်ရင် သူ့ကို ဘယ်ဖုန်းဆက်နိုင်မလဲလို့တောင် ပြောသေးတယ်၊ သူလာကြည့်ပါ့မယ်တဲ့"

"မေပျို . . . ဒါမျိုးကျတော့လည်း လင်းသန့်က နင့်ကိုဂရုစိုက်သားပဲ"

ကြူကြူဆွေ့မှတ်ချက်စကားကြောင့် မေပျိုကျေနပ်ချင်သလို ဖြစ်သွားပါသည်။

"မေပျို . . . ဒါနဲ့ လုပ်စမ်းပါဦး၊ မနေ့ကကိစ္စ အသေးစိတ်ပြောပြပါဦးဟယ်"

သက်သက်ချိုက သိချင်ဇောအားကြီးနေပုံရသည်။ မေပျို့လက်မောင်းကိုကိုင်ပြီး မေးပါသည်။

မေပျိုကလည်း မနေ့က ဖြစ်ပျက်သမျှ အသေးစိတ်ပြောပြမိပါသည်။

"ဖြစ်မှဖြစ်ရလေ မေပျိုရယ်၊ ကြောင်မုန်းတဲ့နင်က ကြောင်ချစ်တဲ့ သူနဲ့မှ ထပ်တွေ့ရတယ်လို့၊ ဟိုက သဝန်မကြောင်နိုင်ဘဲ နင်က သူ့ကို စိတ်ဆိုးစရာမျိုး ဖြစ်သွားရတာပါလား"

ကြူကြူဆွေက မှတ်ချက်ချပါသည်။

"မေပျို . . . နင့်အဖြစ်ကလည်းဟာ နည်းက နှစ်နည်းစမ်းသပ်ပြီးပြီ၊ အဆင်မပြေပါ့လား၊ ဒီတော့ မထူးဘူး၊ လင်းသန့်လာတဲ့အထိစောင့်ပြီး ငါတို့အကဲခတ်မယ်၊ ဒါမှ နောက်တစ်ဆင့်တက်ရမယ်"

သက်သက်ချိုက ထိုသို့ပြောနေစဉ်မှာပင် ခြံထဲသို့ လင်းသန့်မောင်းလာသော ဖောက်စ်ဝက်ဂွန်ကားက မောင်းဝင်လာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"သက်သက်ချို . . . နင့်စကား ဒီမှာရပ်၊ ဟိုမှာ သူ့ကားမောင်း ဝင်လာပြီ"

ခြံထဲက စားပွဲခုံမှာ ထိုင်နေကြသော မေပျိုနှင့် သူငယ်ချင်း နှစ်ဦးက ဘာစကားမှမပြောတော့ဘဲ သက်သက်ချိုနှင့် ကြူကြူဆွေက ကားပေါ်မှဆင်းလာပြီး မေပျိုရှိရာလာနေသော လင်းသန့်ကို အကဲခတ် ကြည့်ရှုနေပါသည်။

"မေပျိုရာ . . . ကျွန်တော်က မေပျိုတော်တော်ဖျားနေပြီလို့ မထင်တာ မှန်သွားပြီ၊ မေပျိုက သူငယ်ချင်းတွေနဲ့ စကားကောင်းနေတာ ကိုး၊ ကျွန်တော့်မှာ ဆေးရုံကနေ လစ်ထွက်လာရတာ"

လင်းသန့်က ရောက်ရောက်ချင်းမှာပင် ကြူကြူဆွေနှင့် သက် သက်ချိုတို့ကို ကြည့်လိုက်ရင်းမှ မေပျိုအား ပြောလိုက်သည်။

"ကဲ . . . အခုကော ဘယ်လိုနေသေးလဲ"

ကောက်ခါငင်ကာ ဘာမပြောညာမပြောနှင့် လင်းသန့်က သူ့ ဆရာဝန်အကျင့်အတိုင်း မေပျို့လက်ကို သွေးစမ်းရင်း နဖူးပြင်ကို လက် ဖဝါးနှင့်စမ်းလိုက်တာ မေပျိုရုတ်တရက်မို့လားမသိ ရင်ခုန်သွားပါသည်။

"ကိုယ်ပူက မရှိပါဘူး၊ အဖျားသွေးလည်း ပုံမှန်ပါပဲ၊ ကျွန်တော် ညွှန်ကြားတဲ့ဆေးကိုသာ အပတ်လည်အောင် သောက်လိုက်၊ ကျွန်တော် သွားမယ်"

ပြောပြောဆိုဆိုနှင့် လင်းသန့်က ထွက်သွားမည်အလုပ်မှာ . . .

"ထိုင်ပါဦး . . . တကယ်တည်းမှပဲ၊ ဒီမှာ သူငယ်ချင်းတွေနဲ့ မိတ်ဆက်ပေးမလို့၊ ကိုယ့်တာဝန်ရှိတာကလည်း ရှိတာပေါ့"

"ဆောရီးဗျာ . . . ကျွန်တော့်ဖက်က လူမှုရေးတာဝန်မကျေရင် ခွင့်လွှတ်ပါ၊ ကျွန်တော့်ဘဝမှာ ဒါမျိုးတွေက များလှပါပြီ . . . ဆောရီး . . . ဆောရီး"

မေပျို့စကားကြောင့် လင်းသန့်က ကြူကြူဆွေနှင့် သက်သက်



www.burmeseclassic.com

www.burmeseclassic.com



ချိုကို တောင်းပန်ရင်း လွှတ်နေသောခုံမှာ ဝင်ထိုင်လိုက်သည်။

"ဒါက ကြူကြူဆွေတဲ့၊ သူက သက်သက်ချို၊ သူတို့နှစ်ယောက်က မေပျိုရဲ့အချစ်ဆုံးသူငယ်ချင်းတွေလေ"

"ဟုတ်ကဲ့ဗျာ . . . တကယ်လို့ လမ်းမှာ ကျွန်တော်က မမြင်မိရင်လည်း နှုတ်ဆက်ပါ၊ နောက်ပြီး အကူအညီလိုရင်လည်း ပြောပါ"

"အကူအညီတော့ မလိုချင်ပါဘူး ကိုလင်းသန့်ရယ်၊ ဆေးရုံဆိုမှတော့ ဘယ်ကောင်းပါ့မလဲ"

"အင်း . . . မကြူကြူဆွေပြောတာလည်း ဟုတ်တယ်ဗျ"

လင်းသန့်က ကြူကြူဆွေ့စကားကို သဘောကျပြီး ရယ်နေပါသည်။

"ကိုလင်းသန့်ကြည့်ရတာ သဘောကောင်းမယ့်ပုံပဲ၊ ဒါနဲ့များ ဆေးရုံက တာဝန်ကျတဲ့ ဆရာဝန်တွေ သူနာပြုဆရာမတွေက ဆေးရုံမှာကျတော့ အပေါက်ဆိုးတယ်၊ သဘောမကောင်းဘူး၊ အပြင်ဆေးခန်းမှာကျတော့ မျက်နှာကို ပျားရည်လူးထားသလိုပဲဆိုပြီး လူနာကိုဆက်ဆံတယ် ပြောကြတာ၊ လွဲနေပြီလား မသိဘူး"

သက်သက်ချိုက လင်းသန့်ကိုကြည့်ပြီး ဝေဖန်မှတ်ချက်စကားပြောတော့ . . .

"မသက်သက်ချိုပြောတဲ့အကြောင်းအရာကို ကျွန်တော်ပြောချင်နေတာကြာပြီ၊ အခုတော့ ကြုံလို့ပြောရတော့မယ်၊ ဆေးရုံဆိုတာ ပျော်လို့ရောက်လာတဲ့သူ တစ်ယောက်မှမရှိပါဘူးဗျာ၊ မသက်သက်ချို ခုနကပြောတဲ့စကားကို ပြန်ရှင်းရရင် အခုလို ကျန်းမာရေးဌာနအတွက် အစိုးရက ဘတ်ဂျက်ထောက်ပံ့မှု အရမ်းအားနည်းနေချိန်မှာ ရှိတဲ့ဆေးဝါးနဲ့ ဆရာဝန်တွေ၊ သူနာပြုဆရာမတွေ၊ ဝန်ထမ်းတွေက ကုသပေးနေရတာပါ၊ ကျွန်တော်တို့ ဆရာဝန်တွေအဖို့ ကိုယ့်အတွက်မလောက်ငှတဲ့ လစာငွေနဲ့ အစိုးရဆေးရုံတွေမှာ ကျွန်တော်တို့သာမက အထူးကုဆရာဝန်ကြီးတွေကပါ နွမ်းပါးတဲ့ လူနာတွေ၊ ဘယ်ကမှန်းမသိ လာပစ်ထားတဲ့ လူနာတွေ



www.burmeseclassic.com

www.burmeseclassic.com



ကို ကိုယ့်အိတ်ကပ်ထဲကစိုက်ပြီး ဆေးကုသပေးရုံမကဘဲ အဲဒီလူနာတွေရဲ့ အညစ်အကြေးတွေ လူနာရဲ့ဝေယျာဝစ္စကိစ္စတွေကို ဆေးရုံဝန်ထမ်းတွေက မညည်းမညူလုပ်ပေးရင်း အသက်ကယ်နေရတာ၊ လူနာတစ်ယောက်ကို တကယ်ကုသမယ်ဆိုရင် အဲဒီလူနာဘာဖြစ်သလဲ အသေးစိတ်စစ်ဆေးပြီးမှ ဆရာဝန်ကြီးတွေက ဘာရောဂါဖြစ်သလဲဆိုတာ ချက်ချင်းသိပါတယ်၊ ဒါပေမယ့် အဲဒီအဆင့်တွေမှာ ငွေကုန်ကြေးကျက အရမ်းများတယ်၊ နိုင်ငံခြားမှာ ဆေးကုသသူတွေ သိပါတယ်၊ ကျွန်တော်တို့ဆီမှာ အဲဒီလိုမျိုး စစ်ဆေးဖို့ဆိုတာက လာတဲ့လူမမာက ငွေကြေးမပြေလည်သူ ဘယ်လိုစစ်ဆေးမလဲ၊ ကျွန်တော်တို့နိုင်ငံက မဖွံ့ဖြိုးတဲ့ နိုင်ငံဖြစ်တဲ့အတွက် လူနာကလည်း ငွေကုန်မခံနိုင်၊ ကျွန်တော်တို့ကလည်း အားလုံးကို ဆေးစစ်ခိုင်းချင်၊ အဲဒီလိုမဖြစ်လာတော့ ကျွန်တော်တို့ ဆေးပညာနယ်ပယ်မှာ ဆရာဝန်ကလည်း လူနာကို ကုသတဲ့နေရာမှာ အရင်ကလောက် လွတ်လွတ်လပ်လပ် မစဉ်းစားနိုင်၊ မလုပ်နိုင်ဘဲ ကိုယ့်ဖက်က တတ်နိုင်သမျှ ကြိုးစားရတယ်၊ လူနာအမျိုးမျိုးဆိုတော့ အများနဲ့ဆက်ဆံရတာဆိုတာ သူတို့ပေါ့လျော့တာကို အပြစ်တင်ကောင်းတင်ပါလိမ့်မယ်၊ ဒါကို လူနာရှင်တွေက မစဉ်းစားလို့ပါ၊ ပိုက်ဆံရှိတဲ့လူက လက်ချိုးရေလို့ရတော့ အထူးကုဆေးခန်းသွား၊ ဆရာဝန်ကလည်း စိတ်အေးလက်အေးကုသရတော့ စောစောက ပြဿနာမဖြစ်ဘူးပေါ့၊ အဓိကပြောရရင် တိုင်းပြည်က ကြွယ်ဝချမ်းသာပြီး လူတစ်ဦးချင်းစီရဲ့ဝင်ငွေတွေက မြင့်မားနေရင် ဒီပြဿနာမရှိဘူးပေါ့၊ နောက်ဆုံးပြောရရင် လူနာတစ်ယောက်ဟာ ကံတရားပဲ၊ ကံကောင်းတဲ့ လူနာက အသက်ရှင်တာပဲ”

လင်းသန့်က သူပြောချင်တာကို ပြောလိုက်ရသဖြင့် ကျေနပ်သလို သူငယ်ချင်းမနှစ်ယောက်ကလည်း လင်းသန့်ပြောသည့်စကားကို အသေအချာနားထောင်ရင်း စဉ်းစားသုံးသပ်နေသည်ဆိုတာ မေပျိုအကဲခတ်မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးပါပဲ ကိုလင်းသန့်ရယ်၊ ကိုလင်းသန့်ပြောသလိုမျိုး ကျွန်မတို့တစ်တွေ မစဉ်းစားမိဘူး၊ ဟုတ်တာပေါ့ . . . ဆေးရုံရောက်လာတဲ့ လူနာရှင်တွေ အသက်ရှင်ဖို့ဆိုတာ နိုင်ငံရဲ့စီးပွားရေးနဲ့လည်း အကျုံးဝင်နေတာပေါ့"

ကြူကြူဆွေပြောသော လေသံတွေထဲမှာ လင်းသန့်အပေါ် အထင်ကြီးလေးစားသော အမူအရာမျိုးဖြစ်သွားတာ မေပျိုသိလိုက်သည်။

"ငါ့တူရောက်နေတာကိုး၊ အတော်ပဲကွာ . . . ထားကို ဟောဒီပန်းပင်လေးပေးပေးကွာ၊ ငါ့တူလာတာမြင်လို့ အန်ကယ်လေးအပင်ကိုနှုတ်ပြီး အိမ်ထဲမှာ ပလပ်စတစ်အိတ်သွားယူနေလို့ လာမနှုတ်ဆက်ဖြစ်တာ၊ ဒီအပင်က ပန်းပွင့်တာ မြန်တယ်၊ ထားကြိုက်တဲ့ အနီရောင်ပန်းပွင့်မျိုး၊ အိမ်မှာ ငါ့တူရှင်အောင်စိုက်နော်"

ပလပ်စတစ်အိတ်ထဲ ပန်းပင်တစ်ပင်နှုတ်ပြီး ထည့်ထားသောအိတ်ကိုကိုင်ပြီး ဦးမင်းလွင်က မေပျိုတို့ရှိနေရာသို့ ရောက်လာပြီး လင်းသန့်ကို ပန်းပင်နှင့်ပတ်သက်တာပြောပြီး ပေးလိုက်သည်။

လင်းသန့်က ဦးမင်းလွင်ပေးသော ပန်းပင်ကိုယူလိုက်ပြီး ပန်းပင်ကိုကြည့်ရင်းက . . .

"ဒုတော့ဒုက္ခပဲ အန်ကယ်လေးရေ၊ ကျွန်တော်က အဲဒါမျိုး ကံမကောင်းဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့်လက်နဲ့ ထိထိသမျှ သေသွားတာချည်းပဲ"

"ရှင်! . . . ဘယ်လို!!"

မထင်မှတ်ဘဲ လင်းသန့်ပြောလိုက်သော စကားကြောင့် ကြူကြူဆွေကော သက်သက်ချိုပါ အလန့်တကြားပုံစံမျိုးဖြစ်သွားပြီး . . .

"ဒါဆို ကိုလင်းသန့်စမ်းသပ်ပြီးကုသတဲ့ လူနာတိုင်းက သေသွားတာချည်းပဲပေါ့ . . . ဟုတ်လား၊ အမယ်လေး . . . ဘုရား! . . . ဘုရား!"

"ဒါဖြင့်ရင် စောစောက မေပျို့ရဲ့လက်ကိုကိုင် . . . နမ့်ကိုပါ

www.burmeseclassic.com



စမ်းတော့ မေပျိုကိုယ်ကျိုးတော့ နည်းပြီထင်တယ်"

"မ . . . မဟုတ်ပါဘူး . . . ကျွန်တော်ပြောတာက အပင်စိုက်တာကို ပြောတာပါ၊ ဒုက္ခပါပဲ . . . ခင်ဗျားတို့ကတော့ တလွဲတွေးပြီး တော်သေးတာပေါ့ဗျာ . . . ကျွန်တော့်လူနာတွေသာ ဒီစကားကြားရင် ကျွန်တော်နဲ့မကုတော့ဘဲ ထွက်ပြေးမှာ . . . "

လင်းသန့်က ဟိုနှစ်ယောက်နောက်သလိုမျိုးပြောတာကို တကယ်မှတ်ပြီး စိုးရိမ်သွားပုံရပါသည်။ လင်းသန့်တစ်ယောက် ဆေးတက္ကသိုလ်မှာ ပညာသင်ကြားတုန်းက သည်လိုနောက်တတ်ပြောင်တတ်သော သူငယ်ချင်းမျိုးနှင့် မတွေ့ခဲ့ဘူးလားမသိ။

"ဒီမှာ သိပ်လည်း စိုးရိမ်မနေနဲ့၊ အဲဒီနှစ်ယောက်က ရှင့်ကိုနောက်နေတာ လင်းသန့်ရယ်၊ ရှင့်မလည်း စကားကို ခွဲပြီးပြောတာ မဟုတ်ဘူး၊ ဒီတော့ တစ်ခြားလူသာဆို အဓိပ္ပါယ်ကောက်လွဲမှာ"

"ကဲ . . . ငါတူ၊ အန်ကယ်လေးတူမကတော့ ငါ့တူကို အခုကတည်းက ဆရာလုပ်ပြီနော်၊ ဒါမျိုးတွေ တစ်သက်လုံးကြုံရတော့မယ်၊ ကဲပါ . . . ပြောစရာရှိတာ ပြောကြ၊ အဲ . . . အရေးကြီးတာက ဒီအပင်ရှင်ဖို့နော်၊ ထားကိုသာ အပင်စိုက်ခိုင်းပေတော့၊ အန်ကယ်လေးဖုန်းထပ်ဆက်လိုက်ဦးမယ်"

ဦးမင်းလွင်က ပြောဆိုပြီး ထွက်သွားပါသည်။

"မေပျိုကော ဒီက နှစ်ယောက်ပါ ခွင့်ပြုဦး၊ ဆေးရုံကို ဂျူတီအချိန်မှာမရှိလို့ ဆေးရုံအုပ် Round လှည့်ရင် ရှော့ခ်ရှိတယ်၊ မေပျိုကိစ္စရှိရင် ဖုန်းဆက်နော်"

လင်းသန့်က နှုတ်ဆက်ပြီး ထွက်သွားပေမယ့် မေပျိုတို့သုံးယောက်သားကတော့ နောက်ထပ်အစီအစဉ်တွေအတွက် တိုင်ပင်နေရတာ မေပျို့အဖျား ဘယ်လွင့်သွားသလဲတောင် မသိရေးချမသိ။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

ချစ်မိတဲ့စိတ်များစွာနဲ့

နှလုံးသားရပ်ဝန်းထဲ

အကြိမ်ကြိမ်၊ အခါခါ

စုန်ဆန်ဆင်းရတာ

နာကျင်ကိုက်ခဲရမှန်းတောင်

မသိတော့ပါလားကွယ်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

တော်တော့်ကို စိတ်ညစ်ဖို့ ကောင်းသည်။ သည်နေ့ ပြက္ခဒိန်မကြည့်မိခဲ့သဖြင့် ပြဿဒါးနေ့လားတောင် မသိ။ သည်လောက်စျေးကြီးပေးဝယ်ထားရသော ကားက ဘယ်ကနေဘယ်လို ဗွေဖေါက်မှန်းမသိ။ ကားက ပျက်နေသည်။ ထို့ကြောင့် ဦးမင်းလွင်ကို ဝပ်ရှော့ခ်က လူကိုခေါ်ပြီး အိမ်မှာခေါ်ကြည့်ခိုင်းရသည်။

မေပျိုကတော့ သည်နေ့အစီအစဉ်ကို ပျက်လို့မဖြစ်ပါ။ လင်းသန့်ကို ဖုန်းဆက်ထားပြီးပြီဖြစ်သည်။ သူမကျန်းမာရေးကောင်းဖို့အတွက် ဗေဒင်ဆရာက ယတြာချေရမည်။ ထိုယတြာက ငါးအရှင်တွေ လွှတ်ရမည်။ ထိုသို့ လွှတ်သည့်အခါ ဗုဒ္ဓဟူးသားလည်း အနီးနားမှာ ရှိနေရမည်။ ငါးလွှတ်ရမည့်အချိန်က နံနက်ဆယ်နာရီခွဲတိတိမို့ အင်းလျားကန်ပေါင်ဒိုးက စောင့်နေပါဟု မှာရသည်။ လင်းသန့်ကလည်း ဆေးရုံက လစ်ထွက်လာရမှာမို့ ဆယ်နာရီခွဲတိတိ မေပျိုပြောသလို သူစောင့်နေမည်။ ထိုအချိန်ထက် နောက်မကျဘဲလာပါ၊ ဆေးရုံကို အချိန်မီပြန်ပြေးရမည်ဟု တောင်းဆိုပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မေပျိုပြောသည့်စကားကို လင်းသန့်က လက်ခံပေးလို့ မေင် ကျေနပ်နေရသေးသည်။

သည်လိုဖြစ်လာဖို့ တော်တော်စီစဉ်ထားရသည်။

ကျောင်းတုန်းက မေပျိုနှင့် ရည်းစားသက်တမ်းဆယ်ရက်သာ ကြာပြီး ရည်းစားအဖြစ် ပြတ်သွားသော စိုးမိုးညီကို ဘယ်ကနေဘယ်လို ကြုံကြုံဆွေနှင့် သက်သက်ချိုက ရှာလာသလဲမသိ။ ယနေ့အချိန်ထိ လူပျို ဘဝမှာသာ ရှိသေးသည့် စိုးမိုးညီကို ဟိုနှစ်ယောက်က အကူအညီတောင်း သည်။ စိုးမိုးညီကလည်း ကူညီပါမည်။ မေပျိုအဆင်ပြေဖို့က အဓိကပါ ဲဟု ပြောပါသည်။

အင်းလျားကန်ပေါင်ရိုးမှာ ပြုလုပ်ရမည့် ဆင်ထားသည့် 'ခွင်' ကို စိုးမိုးညီအား အသေးစိတ်ပြောပြသည်။ မေပျိုက လင်းသန့်နှင့်အတူ ငါးအရှင်တွေ လွှတ်နေတုန်းမှာ စိုးမိုးညီကလည်း ရောက်လာ၊ သူလည်း ငါးလွှတ်တာဟုပြောရင်း မေပျို့ရည်းစားဟောင်းဖြစ်မှန်းသိအောင် ပြော ရမည်။ ထိုသို့ဆိုလျှင် လင်းသန့်သည် တစ်ခါတော့ သဝန်လုံးဝကြောင် ပြီဟု . . . ။

သို့နှင့် အားလုံးစီစဉ်ထားသည့်အတိုင်း မေပျိုတစ်ယောက် ငါး အရှင်တွေကို ပလပ်စတစ်အိတ်ကြီးထဲထည့်ကာ ကားငှားစီးပြီး အင်းလျား ကန်ပေါင်ရိုးသို့ထွက်လာတာ ကံက သည်နေ့မှ ထပ်ဆိုးပြန်သည်။

မနက်ဆယ်နာရီနှစ်ဆယ့်ငါးမိနစ်တိတိအချိန် ရန်ကုန်တက္ကသိုလ် ဓာလာဆောင်ရှေ့ ယခုအင်္ဂလိပ်စာဌာနအကျော်တွင် ငှားစီးလာသော ကားက ဘီးပေါက်သွားပါသည်။ ဆယ်နာရီခွဲဖို့ကလည်း ငါးမိနစ်သာ လိုတော့သဖြင့် နောက်ကျပါက လင်းသန့်က မစောင့်တော့ဘဲ ဆေးရုံကို ပြန်သွားမှာစိုးသဖြင့် နောက်ထပ်ကားတစ်စီးကို ငှားလိုက်သည်။

"ဘယ်သွားမလို့လဲ"

"တံတားဖြူမှတ်တိုင်ကိုပါ"



www.burmeseclassic.com

www.burmeseclassic.com



မေပျို့စကားကြောင့် ကားမောင်းသူက ထူးဆန်းသလိုကြည့်ရင်း-

"ညီမကလည်း မှတ်တိုင်က တစ်မှတ်တိုင်လောက်ပဲဟာ၊ ဘာလို့ ကားငှားစီးမှာလဲ၊ လိုင်းကားနဲ့ သွားပေါ့၊ ပိုက်ဆံတွေ နှမြောစရာကြီး"

အရေးထဲတွင် ဖြစ်ရပ်မှန်ကို ဘာမှမသိသော ကားမောင်းသမား က ချွေတာရေးအကြောင်း ရှင်းပြနေပါသေးသည်။

"ကျွန်မသိပါတယ်၊ အခုဟာက နောက်ကျလို့မရလို့၊ ဆယ်နာရီ ခွဲမှာ ကျွန်မရဲ့လူနဲ့ချိန်းထားတာ၊ နောက်ကျလို့ မဖြစ်ဘူး၊ အခု ဆယ်နာရီ ခွဲဖို့ ငါးမိနစ်လိုတော့တာ၊ ဆယ်နာရီခွဲ သူ့ဆီရောက်မှ ကျွန်မဟာ သူ့ လိုပဲ အချိန်တိကျကြောင်း၊ အချိန်ကို လိုက်နာကြောင်း သူသိပြီး လေး စားလာမှာပေါ့"

"ဒါဆို အစ်ကိုသိပြီ၊ အဲဒီလူက ငါ့ညီမရဲ့ချစ်သူပဲ ဖြစ်ရမယ် ဟုတ်တာပေါ့ . . . သူစိတ်ကောက်သွားလို့ မဖြစ်ဘူး၊ ကဲ . . . ကားပေါ် တက်၊ အစ်ကို့ကို ပိုက်ဆံမပေးနဲ့၊ အစ်ကိုမေတ္တာနဲ့ ပို့ပေးမယ်"

မေပျို့စကားကြောင့် ကားသမားက စေတနာတွေ ဖြစ်လာပေ မယ့် စကားက ပေရှည်နေသဖြင့် . . .

"ဟုတ်ပါပြီ အစ်ကိုရယ်၊ မောင်းပါတော့"

မေပျိုက ကားပေါ်အမြန်တက်ရင်း ပြောလိုက်ပြီးချိန်မှာပဲ ကား သမားက အမြန်မောင်းလိုက်ပါသည်။ မေပျိုကတော့ လက်မှာပတ်ထား သော နာရီကိုသာ ကြည့်နေမိပါသည်။

"ကဲ . . . ရောက်ပြီ၊ ညီမနှစ်မိနစ်ပဲ ကြာပါတယ်၊ သုံးမိနစ်ကြီး များတောင် လိုသေးတယ်"

ကားသမားပြောတာ ဟုတ်ပါသည်။ ကားကို ဘယ်လော တောင် အမြန်မောင်းသလဲမသိ။ တံတားဖြူမှတ်တိုင်ကို ခဏအတွင်း ရောက်သွားပါသည်။

"ကျေးဇူးပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"Good Luck ညီမရေ"

ကားသမားကို အမြန်နှုတ်ဆက်ပြီး မေပျိုတစ်ယောက် အင်းလျား ကန်ပေါင်ရိုးလှေကားထစ်တွေအတိုင်း ပြေးတက်လိုက်ပါသည်။ အချိန်က စိုးမိုးညီနှင့် ချိန်းသားကိုက်လုပ်ရမှာဖြစ်သဖြင့် နောက်ကျလို့မရပါ။

အင်းလျားကန်ပေါင်ရိုးပေါ် ရောက်တော့ လင်းသန့်များ ဘယ်နေရာမှာရှိသလဲလို့ ရှောက်ကြည့်တော့ ခုံတန်းလျားတစ်လုံးမှာထိုင်ပြီး ကန်ရေပြင်ကိုကြည့်ကာ အစဉ်အလာမပျက် ကွမ်းဝါးနေတာကို မြင်လိုက်ရသည်။

"လင်းသန့် . . . ရောက်နေတာ ကြာပြီလား၊ မနက်ဆယ်နာရီခွဲ ထက်တိပဲနော်"

မေပျိုက မသိမသာ အမောဖြေရင်း လက်မှနာရီကိုကြည့်ပြီး မေးလိုက်သည်။

"ပေဒင်ဆရာကလည်းဗျာ . . . မေပျို့ကျန်းမာရေးကောင်းဖို့ အကြာခြေခိုင်းစရာ မလိုပါဘူး၊ ကျန်းမာအောင်လို့ နေ့စဉ်နေတာထိုင်တာ၊ စားတာ ဂရုစိုက်ရင် ပြီးတာပဲဟာ"

"ဒါကတော့ ကိုယ့်ယုံကြည်မှုနဲ့ ကိုယ်ပဲလေ၊ ဒီလိုလုပ်လို့ လူမှာ ဆုတ်လျော့တာမှ မဟုတ်တာ"

မေပျိုက လင်းသန့်စကားကို ပြန်လည်ပြောဆိုရင်းမှ စိုးမိုးညီ တစ်ယောက် သူမကိုများ တွေ့မှတွေ့လေမလား မသိမသာ ကြည့်မိသည်။

တော်ပါသေး၏။ စိုးမိုးညီက လက်ထဲမှာ သူမလိုပဲ အိတ်တစ်အိတ်ကိုင်ပြီး ခုံတန်းလျားဖက်ရှိရာသို့ လာနေသည်။ မေပျို့အား မြင်လို့ အားမသိ ခြေလှမ်းတွေက သွက်နေသည်။

"လင်းသန့်လာလေ . . . ငါးတွေလွှတ်ရအောင် ဆုတောင်းနေ ပြီနော်"

မေပျိုက လင်းသန့်ကို ခေါ်လိုက်ရင်းမှ သူမက ရှေ့ကန်အစပ်



www.burmeseclassic.com

www.burmeseclassic.com



သို့ ဆင်းလိုက်သည်။ လင်းသန့်ကလည်း မေပျို့နောက်ကနေပါလာသည်။ ရေကန်အစပ်ရောက်တော့ မေပျိုက လက်ထဲမှ ပလပ်စတစ်အိတ်ကို ဖြည်လိုက်ပြီး အိတ်ထဲမှ ငါးအရှင်တွေအား ရေကန်ထဲသို့ လွှတ်လိုက်ရင်း ပါးစပ်မှ ဆုတောင်းလို့နေသည်။ လင်းသန့်ကတော့ သူမလုပ်ပုံကိုင်ပုံကို ဘာမှမပြောဘဲ ကွမ်းဝါးရင်း ကြည့်နေသည်။

"မေပျိုပါလား . . . ရေကန်စပ်မှာ ဘာလုပ်တာလဲ"

မေပျိုဝမ်းသာသွားပါသည်။ ချိန်သားကိုက်ကွက်တိဟု ပြောရပါမည်။ စိုးမိုးညီက လက်ထဲပလပ်စတစ်အိတ်ကြီးတစ်အိတ်ကိုင်ပြီး မေပျို နှင့် လင်းသန့်တို့ရှိနေသော ကန်စပ်ဆီသို့ဆင်းလာရင်း မလှမ်းမကမ်းက နေ လှမ်းပြောလိုက်သည်။

"ဟယ်! . . . စိုးမိုးညီ . . . ဘာလာလုပ်တာလဲ"

"ဘာလာလုပ်ရမလဲ၊ အညွှန့်တွေ ပျောက်အောင်ပေါ့၊ ယတြာချေ ခိုင်းလို့၊ ငါးအရှင်တွေ လွှတ်ရမယ်တဲ့၊ ခဏလေး မေပျို"

စိုးမိုးညီက သူ့လက်ထဲက ပလပ်စတစ်အိတ်ကိုဖြည်ပြီး ငါးအရှင် တွေကို ကန်ထဲသို့ လွှတ်လိုက်သည်။

"မေပျိုလည်း ငါးလာလွှတ်တာလား၊ မေပျိုနဲ့ ကိုယ်နဲ့က တိုက်ဆိုင်နေလိုက်တာ"

စိုးမိုးညီက သူ့လက်ထဲမှာရှိသည့် ပလပ်စတစ်အိတ်ခွံကို ခေါက် လိုက်ရင်းမှ . . .

"မေပျိုရဲ့အိတ်ပါပေးလေ၊ အမှိုက်ပုံးထဲ ထည့်လိုက်မယ်"

စိုးမိုးညီက ပြောပြောဆိုဆိုနှင့် မေပျို့လက်ထဲမှ ပလပ်စတစ် အိတ်ကို ဆတ်ခနဲဆွဲယူလိုက်ပြီး ကန်ပေါင်ပေါ်သို့ အရင်တက်ကာ အမှိုက် ပုံးထဲ ထည့်လိုက်သည်။ မေပျိုနှင့် လင်းသန့်က ရေကန်စပ်ကနေ စောစောက ခုံတန်းလျားနေရာသို့ ပြန်လာခဲ့သည်။

"စိုးမိုးညီ . . . ဒါ မေပျို့မိတ်ဆွေ ဒေါက်တာလင်းသန့်တဲ့"



www.burmeseclassic.com

www.burmeseclassic.com



"တွေ့ရတာ ဝမ်းသာတယ်ဗျာ၊ ဒီနေ့တော့ ကျွန်တော်ထီထိုးရမယ်၊ ဘယ်လိုမှ မထင်ထားတာ"

စိုးမိုးညီက မေပျိုမိတ်ဆက်ပေးသဖြင့် လင်းသန့်ကို လက်ဆွဲနှုတ်ဆက်ကာ ပြောဆိုရင်းမှ မေပျို့ကိုကြည့်လိုက်ပြီး . . .

"မေပျို . . . မှတ်မိသေးလား၊ ဒီနေ့လိုမျိုးပဲလေ၊ နင်နဲ့ငါနဲ့ ဗေဒင်သွားမေးတော့ ဗေဒင်က နင်နဲ့ငါ ရည်းစားဘဝမကွဲရေးအတွက် ယတြာချေရမယ်ဆိုလို့ ဒီအင်းလျားကန်ပေါင်မှာပဲလာပြီး နှစ်ယောက်သား ငါးတွေလွှတ်ကြတာလေ၊ ဗေဒင်က ဘာမှန်သလဲမမေးနဲ့၊ အဲဒီလို ယတြာချေပြီး သုံးရက်ပဲကြာတယ်၊ နင်နဲ့ငါနဲ့ ပြတ်ပါရောလား"

စိုးမိုးညီသရုပ်ဆောင်တာ ကွက်တိပင်။ ဘာမှအပိုအလိုမရှိပါ။

"စိုးမိုးညီ . . . ပြီးခဲ့တာတွေ လျှောက်ပြောမနေနဲ့၊ ဒီက ညွှ်သည်ကိုအားနာပါဦး၊ နင်က နင်ပြောချင်တာတွေ ပြောနေတာပဲ၊ ဗေဒင်ကလည်း ဒီနေ့မနက်ဆယ်နာရီခွဲမှပဲ ယတြာချေခိုင်းရတယ်လို့"

မေပျိုက ဗေဒင်ဆရာကို အပြစ်ပုံချသလိုမျိုး ပြောဆိုရင်းက လင်းသန့်ဘယ်လိုခံစားနေရသလဲ အကဲခတ်တော့ လင်းသန့်က သူ့အင်္ကျီအိတ်ကပ်ထဲ ဟိုစမ်းဒီစမ်း,စမ်းရင်းနှင့် အလုပ်ရှုပ်နေသည်။

"လင်းသန့် . . . ဘာရှာနေတာလဲ"

"ဒုက္ခပါပဲ . . . မေပျိုရယ်၊ ကွမ်းက တစ်ယာကျန်သေးတယ်မှတ်လို့၊ အင်္ကျီအိတ်ကပ်ထဲမှာ ကွမ်းထုပ်ရှိဦးမယ်ထင်တာ ကွမ်းကကုန်သွားပြီပဲ၊ မေပျိုနဲ့ ဒီက မေပျို့ရဲ့မိတ်ဆွေတို့ စကားအေးအေးဆေးဆေး ပြောဦး၊ ကျွန်တော် စားသောက်ဆိုင်တွေဖက်မှာ ကွမ်းသွားဝယ်လိုက်ဦးမယ်၊ ပြန်လာခဲ့မယ်၊ ကိုစိုးမိုးညီ . . . ကျွန်တော့်ကို ခွင့်ပြုပါဦး၊ ခဏလေးနော်"

လင်းသန့်က မေပျိုတို့နားကနေ ထွက်သွားပါသည်။ မေပျိုကတော့ အင်းလျားကန်ရေပြင်ထဲဆင်းပြီး သတ်သေချင်စိတ်တောင် ပေါက်



www.burmeseclassic.com

www.burmeseclassic.com



သွားပါသည်။

"မေပျို . . . နင့်လူက ဘယ်လိုလူလဲ၊ ငါက သူ့သဝန်ကြောင်အောင် နင့်ရည်းစားဟောင်းမှန်းသိအောင် talking တွေ အပီလွှတ်မလို့ဟာ၊ သူက အရေးထဲ ကွမ်းမရှိလို့ ဖြစ်နေလိုက်တာ၊ သဝန်ကြောင်ချိန်တောင် မရဘဲနဲ့ ကွမ်းယာဆိုင်ကိုပြေးတာ တန်းနေတာပဲ၊ ဒါပဲနော် . . . ငါ့ဖက်ကတော့ တာဝန်ကျေတယ်"

"အေးပါဟယ် . . . နင်ကော ဟိုနှစ်ယောက်ကော တာဝန်ကျေပါတယ်"

"တာဝန်ကျေရင်ပြီးရော . . . ငါသွားမယ်၊ ငါ့နှုတ်ဆက်ပြန်သွားဟယ်လို့သာ ပြောလိုက်၊ မေပျိုရယ် . . . နင်တော့ အဲဒါဝဋ်လည်တာ၊ ကိုယ်တစ်ကယ်ချစ်တဲ့သူနဲ့ကျတော့ တွေ့ပြီမဟုတ်လား၊ မေပျို . . . ဘာမှမပူနဲ့၊ နင်တို့နှစ်ယောက် နင်ဖြစ်စေချင်တဲ့အတိုင်းဖြစ်မှာ၊ ဒီသတင်းကိုတော့ ဒီနေ့ကိစ္စနဲ့တန်အောင် ငါကတော့ 'ဖွ'ရဦးမယ်"

"ဟဲ့ . . . စိုးမိုးညီ . . . လျှောက်မပြောနဲ့နော်"

မေပျို့အနားက ထွက်သွားသော ဆယ်ရက်သာ ရည်းစားသက်တမ်းကြာမြင့်ခဲ့သည့် စိုးမိုးညီကို မေပျိုက သတိပေးစကား လှမ်းပြောပေမယ့် သူက လှည့်တောင်မကြည့်ဘဲ အင်းလျားကန်ပေါင်ရိုးလေ့ခါးကနေ ပြေးဆင်းသွားပါသည်။

သည်အချိန်မှာ လင်းသန့်တစ်ယောက်ကတော့ ကွမ်းယာဆိုင်မှာ ကွမ်းဝယ်ပြီး ပါးစပ်ထဲကွမ်းတစ်ယာဝါးရင်းက သူ့ဝသီအတိုင်း ဟိုကြည့်ဒီကြည့်နှင့် ပါးစပ်အရသာခံနေမှာပဲလို့။

ကွမ်းစားဖို့အရေး သူဂျူတီကျသော ဆေးရုံမှကိစ္စတွေကိုလည်း ဂျူတီကနေ လစ်ထွက်လာတာ ဘာပြဿနာတွေ ဖြစ်လေမလဲ စဉ်းစားချင်မှ စဉ်းစားမည့်ပုံစံမျိုးဖြစ်နေမှာ အမှန်ပင်။

မေပျို့အဖို့တော့ သည်တစ်ပွဲ အပိုင်စီစဉ်ထားတာလည်း ထင်



www.burmeseclassic.com

www.burmeseclassic.com



သလိုမဖြစ်လာသဖြင့် သူငယ်ချင်းမနှစ်ယောက်ကတော့ နားမခံသာအောင် စကားလုံးကြမ်းကြမ်းတွေနှင့် ပြောဆိုတာကို ခံရတော့မည်လို့။ ဘယ်တတ်နိုင်ပါ့မလဲ။ ဒါတွေက ကိုယ်ဖန်တီးခဲ့တာ မဟုတ်ပါလား။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

ပျော်ရွှင်မှုတွေ

ဝယ်ချင်ပါတယ်

ဘယ်သူရောင်းကြမလဲ။

မပျော်တတ်တဲ့သူကိုမှ

အပျော်တွေ ...

ဝယ်ပေးချင်လို့ပါကွယ်။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၄)

အင်းလျားကန်ပေါင်ရိုးမှာ သည်နေ့မနက်မှာ ဖြစ်ခဲ့သည့်ကိစ္စကို မေပျိုတနုံ့နုံ့စဉ်းစားရင်း နေမထိထိုင်မသာဖြစ်တာ ယခုညအိပ်ယာဝင်ခါနီးအချိန်ထိ ဖြစ်သည်။ စောစောကလေးတင် သူမ,လိုဘဲ မအိပ်သေးသည့် ကြူကြူဆွေအား နောက်ထပ်ဘာဆက်လုပ်ရမည်လဲလို့ အကြံတောင်းသေးသည်။ ဟိုကလည်း ဘယ်လိုထပ်ကြံရမလဲဆိုတာ နောက်ဆုံးအဆင့်အနေနှင့် တစ်ခါလောက် ထပ်ကြံဦးမည်ဟုပြောသဖြင့် မေပျိုလည်း ဘာမှပြန်မပြောတော့ဘဲ ဖုန်းဆက်ခြင်းကို ရပ်တန့်လိုက်သည်။

"တန့် တန့် × × × ဒီ × × ဒီ × ×"

အိပ်ပျော်လုဆဲဆဲမှာ ဟမ်းဖုန်းက အသံမြည်လာသဖြင့် ကြူကြူဆွေတစ်ယောက် ဘာစိတ်ကူးပေါက်လို့ နောက်ထပ်ဖုန်းဆက်တာလည်း သိဆိုပြီး အိပ်နေရာကနေ စားပွဲခုံပေါ်တင်ထားသော ဟမ်းဖုန်းကို ဖုန်းနံပါတ်မကြည့်တော့ဘဲ ခလုတ်ဖွင့်ပြီး နားထောင်လိုက်သည်။

"မင်း . . . ဒီနေ့အပြုအမူတွေအတွက် ကိုယ့်ကို စိတ်ဆိုးနာကျည်းမှာပဲနော်"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်! . . ."

မေပျိုမည်သို့မှ မထင်ထားပါ။ လင်းသန့်တစ်ယောက် အခုလို မျိုး တစ်ခါဖူးမှ ဖုန်းမဆက်ဖူးလို့ပါ။ ပြီးတော့ အသံတွေကလည်း တုန်နေသည်။

ဩော် . . . ယောကျ်ားတွေများ သူတို့စိတ်ဝင်စားတာကို ဟန်ဆောင်ထားတာ အခုတော့ အကြီးအကျယ် ပေါက်ကွဲပြီဟု။

မေပျိုရင်ခုန်စွာနှင့် နားထောင်နေမိသည်။

"ကိုယ့်ကို စကားပြန်ပြောပါဦး၊ မင်းရဲ့အသံကို မကြားရရင် ဒီညဟာ ဘယ်လိုမှ အဓိပ္ပါယ်ရှိတဲ့ ညတစ်ညဖြစ်လာမှာ မဟုတ်ဘူး မင်းရဲ့အသံက ဒီညကို အသက်ဝင်အောင် ဖန်တီးပေးမှာ . . . သိလား"

"ရှင်! . . ."

စိတ်ထဲကနေ "ဗုဒ္ဓေါ" လို့ မေပျိုရေရွတ်မိပါသည်။ လင်းသန့်တစ်ယောက် အရက်များသောက်ထားလို့ မူးမူးနှင့် 'ဒိုင်'တွေများ ပါးစပ်ကနေ လွှတ်နေသလားလို့ စိတ်ထဲထင်နေမိပါသေးသည်။

"ဒီမှာ . . . အချိန်က . . ."

"ကိုယ်ပြောတဲ့စကားတွေ ဖြတ်မပြောပါနဲ့ကွာ၊ ကိုယ်ပြောတာ မင်းရဲ့နားဖျားလေးက အသာအယာ ငြိမ်ငြိမ်လေးနားစွင့်ပေးပါ"

မေပျိုက စကားဖြတ်ပြောဖို့လုပ်စဉ် တစ်ဖက်က အရေးဆိုသဖြင့် မထူးတော့ပါဘူး ကျေကျေနပ်နပ်နှင့်ပဲ နားထောင်တော့မည်လို့။

"ဒီလောကမှာ ကိုယ်အကြောက်ဆုံးက မင်းနဲ့ခွဲရမှာကိုပါ၊ မင်းက ကိုယ့်အနားကနေ ခေတ္တခဏ ငုပ်လျှိုးပျောက်ကွယ်သွားမှ မင်းရဲ့တန်ဖိုးကို သိလာရသူပါ"

သည်လိုဖြစ်တာ နည်းတောင် နည်းသေးတယ်လို့။ လင်းသို့တွေ တုန်းကတော့ အရေးတောင်မလုပ်ဘဲ ကိုယ်စားတဲ့ကွမ်းယာပေါက်တောင် တန်ဖိုးမထားသူလို့။ ဒါမျိုးနည်းတောင် နည်းသေးသည်ဟု မေပျိုက လင်း



www.burmeseclassic.com

www.burmeseclassic.com



သန့်ကို အပြစ်တင်နေမိသည်။

"ဒီတော့ ကိုယ်လေ မင်းရဲ့တန်ဖိုးကို မြှင့်တင်ပါရစေ၊ ကိုယ်ပြောမယ် . . . ကိုယ်အခုချက်ချင်း မင်းရှိတဲ့ဆီလာခဲ့မယ်၊ ကိုယ်ဘယ်လိုမှ ထိန်းချုပ်လို့ မရဘူး"

ပြဿနာတော့ တက်တော့မှာပဲလို့။ ညဉ့်နက်သန်းခေါင်ကြီး အိမ်ရှေ့ကနေ မျိုးသိပ်မှုတွေ မထိန်းချုပ်နိုင်လို့ ပေါက်ကွဲပြီး ရောက်လာမည့် လင်းသန့်က အသံကျယ်ကျယ်နှင့် ပြောချင်ရာပြောပြီး ရင်ဖွင့်လျှင်ဖြင့် ပတ်ဝန်းကျင်အိမ်နီးနားချင်းတွေ နိုးလာလျှင်ဖြင့် ပြဿနာတက်ကုန်မှာ မေပျိုစိုးရိမ်သွားပါသည်။

"လင်းသန့်မလာနဲ့၊ မေပျိုနဲ့ နက်ဖြန်မှ တွေ့မယ်နော်၊ လင်းသန့်လာလို့ ဘေးနားက ပတ်ဝန်းကျင်အိမ်တွေ နိုးသွားရင် အထင်သေးစရာ ဖြစ်ကုန်မယ်"

"ဘာလင်းသန့်လဲ၊ ဘာမေပျိုလဲ၊ ဘယ်ကပတ်ဝန်းကျင် အနီးနားက အိမ်တွေလဲ၊ ရှုပ်နေတာပဲ၊ မင်းက ကြည်ပြာမဟုတ်ဘူးလား၊ ကာရာအိုကေဆိုင်ရှေ့က စောင့်ခိုင်းတာလေ . . . ဘာတွေလဲ"

တစ်ဖက်စကားသံကြောင့် မေပျိုအိပ်ယာထဲလှဲရင်း ဖုန်းပြောနေရာကနေ အမြန်ထလိုက်ပါသည်။

"ရှင် . . . လင်းသန့်မဟုတ်ဘူးလား"

"မဟုတ်ဘူး . . . ကားပွဲစားတင်စိုး၊ ဟာ . . . အရေးထဲ ဖုန်းမှားတာကို တစ်ဖက်က အရသာခံနားထောင်နေသေးတယ်၊ ဖုန်းမှားရင် မှားတယ် ပြောတာမဟုတ်ဘူး"

တစ်ဖက်က ဒေါသတကြီးပြောဆိုရင်း ဖုန်းချမှ မေပျိုလည်း စောစောကဆက်သော ဖုန်းနံပါတ်ကို ကြည့်မိသည်။ တယ်လီဖုန်းနံပါတ်က လင်းသန့်ဖုန်းနံပါတ်မဟုတ်ဘဲ တစ်ခြားဖုန်းနံပါတ်ဖြစ်နေသည်။

မေပျိုသည်နေ့ ညဉ့်နက်အိပ်ယာဝင်သည့် အချိန်ထိတောင် ဘ



www.burmeseclassic.com

www.burmeseclassic.com



မကောင်းပါလားလို့။ တစ်ဖက်ကလူက ကာရာအိုကေဆိုင်မှ အမျိုးသမီးကို ဖုန်းမှားဆက်ပြီး အချိန်းအချက်လုပ်တာ ဖုန်းနံပါတ်သေချာမကြည့်မိဘဲ ဟိုကမူးမူးနှင့် 'အီ'သမျှ ကိုယ်က ခံစားမှုအပြည့်နှင့် လင်းသန့်ပြောတာမှတ်ပြီး နားထောင်တာ ရှက်တောင်ရှက်မိသွားပါသည်။

သည်အဖြစ်အပျက်ကို ယခုလောက်ဆို အိပ်မောကျနေသော လင်းသန့်သာ သိလို့က ဘယ်လောက်တောင် ကျိတ်ပြုံးနေမလဲ မသိရေးချမသိ။

❑

လင်းသန့်ဖွင့်လှစ်ထားသော ဆေးခန်းသို့ မေပျိုမသွားဖြစ်ခဲ့သည့် ရက်သတ္တပတ်အတောအတွင်းမှာ လင်းသန့်ဆေးခန်းက အရင်လိုမဟုတ်ဘဲ လူနာလာရောက်ပြသသူတွေက ယခင်ထက် ထူးခြားနေတာက အမှန်ပင် ဖြစ်သည်။ အရင်တုန်းက ကျိုးတို့ကျဲတဲ တစ်နေ့နေလို့မှ လူနာနှစ်ဦးသုံးဦးသာ ရှိနေသည့် ကာလကနေ ယခုအခါမှာတော့ လူနာတွေဘာတွေတောင် ထိုင်စောင့်နေရတာမျိုး ဖြစ်လာသည်။

ခက်တာက လင်းသန့်က ဆေးခန်းမှာ ဝိုင်းကူလုပ်မည့်သူမခေါ်ဘဲ တစ်ယောက်တည်း ဆေးကု၊ ဆေးပေး၊ ပိုက်ဆံသိမ်းနှင့် အလုပ်ရှုပ်လို့နေသည်။

သည်နေ့လည်း မေပျိုရောက်လာလို့ တော်သေးသည်ဟု။ လင်းသန့်ဆေးခန်းမှာ လာရောက်ဝိုင်းကူပေးတာ မေပျိုတောင် လင်းသန့်ပဲပင်ပေါက်လက်ရေးကို ဖတ်တတ်ပြီး ဆေးတွေဘာတွေ ပေးတတ်နေပြီဖြစ်သည်။

အမှန်က လင်းသန့်ဆေးခန်းကို မလာဘူးဟု စိတ်ပိုင်းဖြတ်ထားသည်။ ဘာဖြစ်လို့ သွားရမှာလဲလို့။ အင်းလျားကန်ပေါင်ရိုးမှာ ငါးလွှတ်



www.burmeseclassic.com

www.burmeseclassic.com



သည့်နေ့က ကိစ္စကို လုံးဝအစာမကြေသေး။ ထို့အပြင် ညဉ့်နက်သန်းခေါင် ယံကြီး ဖုန်းကမှားပြန်ဆိုတော့ ကိုယ့်ဖက်မှာ ကိုယ်ဖြစ်ချင်တိုင်း မဖြစ် သေးသည့် ကံကြမ္မာရှိနေသေးသည်ဟု ဆုံးဖြတ်ထားသည်။ သူငယ်ချင်းမ နှစ်ဦးကလည်း လင်းသန့်သဝန်ကြောင်ဖို့အရေး နေ့စဉ်စဉ်းစားပေးတာ အဖြေက မရသေးပါ။

"မေပျို . . . ထိုင်ပြီး ဘာတွေစဉ်းစားနေတာလဲ၊ ရော့ . . . ဒီ ဆေးစာရွက်ကြည့်ပြီး ဆေးပေးပါဦး၊ ပြီးတော့ နောက်တစ်ယောက်ကို ခေါ်လိုက်ဦး"

လူနာကုတင်ရှိသော အခန်းထဲကနေ လင်းသန့်က စားပွဲမှာထိုင် ပြီး စဉ်းစားခန်းဝင်နေသော မေပျိုအား လူနာအတွက် ပေးရမည့် ဆေး စာရွက်ကို လာပေးမှပဲ သတိပြန်ဝင်လာမိသည်။

ဤသို့ဖြင့် မေပျိုလည်း လူနာတစ်ယောက်ပြီးတစ်ယောက် လင်း သန့်ရေးပေးသော သောက်ရမည့်ဆေးများကို ပေးလိုက်ညွှန်ကြားလိုက် နှင့် ပိုက်ဆံယူလိုက်၊ ပိုက်ဆံအမ်းလိုက်နှင့် အလုပ်ရှုပ်နေပါသည်။

ညရှစ်နာရီထိုးခါနီးလောက်တွင် လူမမာက ကျဲသွားပြီး လင်း သန့်တစ်ယောက် ပက်လက်ကုလားထိုင်မှာထိုင်ကာ ကွမ်းဝါးရင်း အနား ယူနေမိသည်။

မေပျိုက လူနာများထံမှရရှိသည့် ဆေးကုသသည့်အတွက်ပေး သော ပိုက်ဆံများကို သူ့ဟာနှင့်သူစီပြီး ရေတွက်နေမိသည်။

သည်နေ့တော့ လင်းသန့်တစ်ယောက်ဆေးကုတာ ငွေကျပ်သုံး သောင်းခွဲလောက်တောင် ရတာပဲဟုဆိုပြီး လင်းသန့်အစားကျေနပ်နေမိ သည်။

"တော်ပါသေးရဲ့ ဆရာရယ်၊ လူနာရှင်းပေလို့ပဲ"

ထိုအချိန်တွင် ဆေးခန်းထဲသို့ လူနာရှိသလား စူးစမ်းသည့် အကြည့် ဖြင့်ကြည့်ရင်း အသက်လေးဆယ့်ငါးနှင့် ငါးဆယ်ကြား အမျိုးသားတစ်ဦး



www.burmeseclassic.com

www.burmeseclassic.com



က ရောက်လာပါသည်။

"ကိုဘကံ . . . မရောက်တာတောင် ကြာပြီနော်၊ ကျန်းမာနေတယ်ထင်တယ်"

"လူကသာ ကျန်းမာပေမယ့် စိတ်ကတော့ မကျန်းမာပါဘူးဗျာ"

"ဒါဆိုရင်တော့ ကျွန်တော်အကြံပေးမယ်၊ ကျွန်တော့်ဆီမှာ ကုသတာထက် စိတ်ကျန်းမာရေးဆရာဝန်နဲ့ကုရင် ပိုကောင်းမယ်၊ ကျွန်တော့်အသိဆရာဝန်ကြီးတွေ ရှိတယ်၊ ကျွန်တော်စာရေးပေးလိုက်မယ်"

"ဟာဗျာ . . . ဆရာကလည်း ကျွန်တော့်ကို အရူးလို့ ထင်ပါဦးမယ်၊ ကျွန်တော်စိတ်မကျန်းမာဘူးဆိုတာက အကြောင်းရှိတယ် ဆရာရဲ့"

ကိုဘကံဆိုသူက လင်းသန့်စကားကြောင့် အသည်းအသန်ငြင်းရင်းမှ မေပျို့ကို အားနာသလို ရှက်ရွံ့သလို အကြည့်မျိုးနှင့်ကြည့်လိုက်ကာ လင်းသန့်က အကဲခတ်မိသွားသည်။

"ကိုဘကံ . . . ပြောစရာရှိတာကိုသာ ပြောပါ၊ သူ့ကို အားနာစရာမလိုပါဘူး"

ကိုဘကံက ခုံမှာ ဝင်ထိုင်လိုက်ပြီး . . .

"ဒါဆို ဆရာလည်းထိုင်၊ ဒီမှာပဲ ထိုင်၊ ဆရာ့ကို တိုင်ပင်တော့မယ်"

လင်းသန့်လည်း ကိုဘကံအနီးမှာ ဝင်ထိုင်လိုက်ပါသည်။

"ပြောပါဦး . . . ဘယ်လိုစိတ်မကျန်းမမာဖြစ်ရတာလဲ"

"ဒီလိုပါဆရာ . . . မရှိသေ့စကား ကျွန်တော်သားကြောဖြတ်ချင်လို့ပါ၊ အဲဒါ ဆရာ့ကို လာတိုင်ပင်တာ"

ကိုဘကံစကားကြောင့် ပိုက်ဆံတွေသိမ်းနေသော မေပျို့တောင်နားထောင်ရင်းက မျက်နှာတွေဘာတွေ ရှက်လို့ ထူပူသွားပါသည်။

"ဘာဖြစ်လို့ ခင်ဗျားက သားကြောဖြတ်ချင်ရတာလဲ၊ ယောကျ်ားဘဝရခဲ့တဲ့ဟာ၊ ဒါနဲ့ ဒီလိုလုပ်ဖို့ကိစ္စကို ခင်ဗျားမိန်းမနဲ့ တိုင်ပင်ပြီးပြီလား



www.burmeseclassic.com

www.burmeseclassic.com



ကျန်တဲ့မိသားစုဝင်တွေကကော လက်ခံသလား"

လင်းသန့်က ထိုသို့မေးလိုက်သည့်အခါ ကိုဘကံက ဂုဏ်ယူဝင့်ကြွားသည့် အမူအရာမျိုးဖြင့် . . .

"ဒီအတွက်တော့ စိတ်ချ၊ မိန်းမကလည်း သဘောတူသလို သားယောကျ်ားလေးခြောက်ယောက်နဲ့ သမီးမိန်းကလေးငါးယောက်က သဘောတူပြီး နို့ညှာယောကျ်ားလေးနဲ့ သူ့အထက်မိန်းကလေးတစ်ယောက်ကသာ သဘောမတူတာ"

"ဗျာ . . . ဒါဆို ခင်ဗျားရဲ့ကလေးတွေက ဘောလုံးတစ်သင်းစာတောင်မကပါလား"

"မကဆို ဆရာရယ်၊ အသက်ဆယ့်ရှစ်နှစ်မှာ အိမ်ထောင်ကျတာ ကလေးတွေက နှစ်နှစ်ခြားရတာလေ"

"ဩော် . . . ဒါကြောင့် ခင်ဗျားက သားကြောဖြတ်ချင်တာကိုး . . . ကောင်းရောဗျာ"

လင်းသန့်က ကိုဘကံစကားကို သဘောကျပြီး ရယ်နေပါသည်။ မေပျို့လည်း နားထောင်နေရင်းက လောကကြီးမှာ ကိုဘကံလို လူမျိုးတွေ မည်မျှများလေပြီလဲလို့ တွေးလိုက်မိသေးသည်။

"ကိုဘကံ . . . ဒါမျိုးက စဉ်းစဉ်းစားစားလုပ်မှနော်၊ ခင်ဗျားစဉ်းစားပါဦး၊ ကျွန်တော်အကောင်းဆုံး အကြံပေးချင်တာက ခင်ဗျားရဲ့ဆန္ဒကို မချုပ်တည်းနိုင်ရင် အကောင်းဆုံးက 'အဖော်'ဆောင်ထားဗျာ၊ ဒါလည်း သားဆက်ခြားနည်းတစ်မျိုးပဲ"

"ကောင်းပါပြီ ဆရာရယ်၊ ဒါဆို ကျွန်တော် မိန်းမကို ပြန်တိုင်ပင်လိုက်ဦးမယ်၊ ဩော် . . . ဒါနဲ့ မရှိမသေဆရာရယ်၊ ဆရာကွမ်းစားနေမှ ကျွန်တော်ကွမ်းမပါလာလို့ တစ်ယာလောက်ကျွေးပါလား"

"ရပါတယ်ဗျာ . . . ကျွန်တော်က ကွမ်းကို နိုင်တီတွေ့ယ်ချိုနဲ့စားတာ၊ ခင်ဗျားစားလား၊ မစားလား မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"စားတယ် ဆရာရေ၊ အကုန်စားတယ်"

လင်းသန့်က သူ့ကွမ်းယာထုပ်ကိုဖြည်ပြီး ကိုဘကံကို ကွမ်းတစ်ယာပေးလိုက်သည်။ ကိုဘကံကလည်း လင်းသန့်ပေးသော ကွမ်းကို သူက ပါးစပ်ထဲဝါးကာ နှုတ်ဆက်ထွက်သွားသည်။

"ဆေးခန်းဆိုတော့ ဒေါ်မေပျိုတွေ့တယ် မဟုတ်လား၊ လူက မျိုးစုံ၊ ရောဂါမျိုးစုံ၊ အကြောင်းအရာမျိုးစုံပါပဲဗျာ"

"လူကို ဒေါ်မေပျိုလို့ မခေါ်နဲ့နော်၊ လာဝိုင်းမကူလုပ်ဘဲနေမှာ၊ အသက်မကြီးသေးဘူး"

"ဒါဆိုလည်း မခေါ်တော့ပါဘူး ဒေါ်မေပျိုရာ . . . ဟဲ . . . ဟဲ"

လင်းသန့်က သူ့စကားသူသဘောကျပြီး ရယ်နေပါသည်။ မေပျိုကလည်း သူမကို 'ဒေါ်'တပ်ပြီး ခေါ်တာကို စိတ်ဆိုးချင်ယောင်ဆောင်ရပေမယ့် ထိုကဲ့သို့ ခေါ်တာကို သာယာနေမိတာကတော့ အမှန်ပင် ဖြစ်သည်။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

မိန်းမသားတွေမှာ
ဘယ်လောက်တောင့်ခံနိုင်တဲ့
ယောကျ်ားဖြစ်ဖြစ်
သူတို့ရဲ့ချက်ကောင်းကိုပစ်ဖို့
လက်နက်ပုန်းရှိတယ်ဆိုတာ
မသိကြတာ ...
နှလုံးသားရေးရာမှာ
တစ်ပန်းရှုံးတာပဲ။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၅)

ကြူကြူဆွေတို့ အိမ်ရောက်တော့ သက်သက်ချိုကိုသာမက အဂ္ဂကိုပါ တွေ့ရသည်။ ကြူကြူဆွေတို့ အဂ္ဂကို ဘယ်ကနေဘယ်လိုရှာတွေ့လာသည်မသိ။ ခန္ဓာကိုယ်အချိုးအစားဖွံ့စည်းပုံကလည်း အရင်ကလိုမျိုးမဟုတ်ဘဲ ရင်အုပ်ကားကား ဗလကောင်းကောင်းနှင့် ယခုမှ ယောကျ်ားပီသန်လာသည်။

အဂ္ဂတို့များ တက္ကသိုလ်တက်တုန်းက ဒါမျိုးဘယ်ဟုတ်လိမ့်မလဲ။ လူပုံက နွဲ့နွဲ့နှောင်းနှောင်းနှင့် ဖြစ်သည်။ သို့သော် အဂ္ဂက သရုပ်ဆောင်ကောင်းသူဖြစ်သည်။ မေဂျာက နှုတ်ဆက်ပွဲတို့၊ ဆရာကန်တော့ပွဲတို့တွင် တင်ဆက်ကပြသော ပွဲလမ်းသဘင်များ၌ အမြဲတမ်း သူကမပါမပြီး။ သူ့သရုပ်ဆောင်မှုတွေက အပိုအလိုမရှိကွက်တိ။

ဒါပေမယ့် ပြောစရာတစ်ခုက ရှိသည်။ ထိုကိစ္စက ယခုကော ဖြစ်သေးသလားမသိ။

"ပြောပါဦး ကြူကြူဆွေနဲ့သက်သက်ချို အဂ္ဂကို ဘယ်လိုတွေ့လာတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



မေပျိုကမေးတော့ ကြူကြူဆွေနှင့် သက်သက်ချိုတို့က မခြေ သေးခင် အဂ္ဂက . . .

"ဒီဟာမတွေ့ပေါ့၊ လူက စက်ဘီပူက ပြန်လာတာ ငါးရက်လောက် ပဲ ရှိသေးတယ်၊ ဟိုမှာ အလှပြင်သင်တန်းဒီပလိုမာတက်ရတာက လွယ် တာမှတ်လို့၊ တော်သေးရဲ့ . . . တို့အကြိုက် ကောင်လေးတွေက အနီး အနားမှာရှိနေလို့ သူတို့မျက်နှာလေးတွေကြည့်ပြီး အမောဖြေရင်း သင် တန်းတက်ရတာ၊ ဒီရောက်တော့ မေပျို . . . နင့်ရဲ့လော်တကင်ဖြစ်လာ မယ့် လင်တော်မောင်အတွက် ငါ့ကို အကူအညီတောင်းပြန်ပြီ"

အဂ္ဂစကားနားထောင်နေသော မေပျိုတစ်ယောက် အဂ္ဂကျောင်း တုန်းကအတိုင်း မိန်းမစိတ်က မပျောက်သည့်အပြင် တကယ့်မိန်းမကြီး တစ်ယောက်လို အခုမှ ပိုတူလာသလိုပင် ဖြစ်သည်။

"ကဲ . . . မေပျို . . . ဒီတစ်ခါတော့ အဂ္ဂနဲ့ လင်းသန့်ကိစ္စကို သွားရမှာ၊ အဂ္ဂက အပြင်ပန်းကြည့်ရင် ယောကျ်ားအတိုင်းပဲ၊ ဒီတော့ မေပျိုနဲ့ အဂ္ဂက လင်းသန့်ရဲ့ရှေ့မှာ အနေအထိုင် တွဲသွားတွဲလာလုပ်ပြ ရမယ်၊ ရင်းရင်းနှီးနှီးနေပြရမယ်၊ ဒီအခါ သဝန်မကြောင်ချင်ဘူးဆိုတဲ့ လင်းသန့် နင့်ရဲ့နောက်ကို သဝန်ကြောင်လွန်းလို့ ကောက်ကောက်ပါ အောင် လိုက်လာမယ်၊ ဒီလိုသရုပ်ဆောင်မှုမျိုးကို အဂ္ဂက ကျွမ်းပါတယ်၊ ငါတို့ သူ့ကို အကြောင်းစုံပြောပြထားပြီးသား"

ကြူကြူဆွေက သူမစီစဉ်ထားသမျှကို အားတက်သရော ရှင်းပြ နေပါသည်။

"ဖြစ်ပါ့မလားဟယ်၊ အဂ္ဂက တော်ကြာ လင်းသန့်နဲ့တွေ့မှ သူ့ ပင်ကိုရုပ်ပေါ်ကုန်လို့ ပြဿနာတွေ ပေါ်ကုန်ဦးမယ်"

"ဟဲ့ . . . မေပျို၊ ညည်းတို့ကို ဒီလိုမပြောနဲ့၊ တို့က သင်္ချိုင်း သား၊ သူများတွေချစ်ခြင်း ဘယ်တော့မှ မခွဲဘူး၊ အဲဒါ ညည်းမြဲမြဲမှတ် ထား၊ ညည်းရဲ့လူသာ အူနုကျွဲမခတ်ပါစေနဲ့လို့၊ ညည်းက ငါ့ရဲ့သရုပ်



www.burmeseclassic.com

www.burmeseclassic.com



ဆောင်မှုတွေကို ကြည့်ရင်းနဲ့ နောက်မှမချီးကျူးနဲ့၊ အခုဒီလို လုပ်ပေးရတာ တို့ဘဝမှာ ရင်ခုန်မှုအသစ်များရမလားလို့"

"ဒါဖြင့်ရင် နက်ဖြန် လင်းသန့်တာဝန်ကျတဲ့ ဆေးရုံကို အဂ္ဂနဲ့ မေပျိုသွားမလား"

"အမယ်လေး သက်သက်ချို၊ ညည်းဘယ်လိုပြောလိုက်တာလဲ၊ ဒီလောက်စိတ်ညစ်စရာကောင်းပြီး သာယာမှုမရှိတဲ့နေရာကို သွားစရာလား၊ သွားမယ့်သွား မေပျိုရဲ့ဟိုဟာရှိတဲ့ ဆေးခန်းကို သွားမှာပေါ့"

သက်သက်ချိုအကြံပြုချက်ကို အဂ္ဂက ပယ်ချရင်း စိတ်ပျက်သည့်လေသံမျိုးဖြင့် ပြောပါသည်။ မေပျိုကတော့ အဂ္ဂတစ်ယောက် နက်ဖြန် သည်ပုံစံမျိုးနဲ့သာ သရုပ်ဆောင်လျှင်ဖြင့် ပွဲက သိမ်းပြီလို့။

"အဂ္ဂ . . . နင်က နက်ဖြန် ငါနဲ့အစီအစဉ်ကို စရမှာဆိုတော့ နင့်ရဲ့ဆံပင်ကို ဂျယ်ရီလိုလုပ်ထောင်ထားတာ၊ လက်ချောင်းတွေ လက်သည်းနီဆိုးထားတာ၊ မျက်လုံးအောက်ခြေကို အနက်ရောင်ဆိုးထားတာ၊ အဲဒါတွေနဲ့တော့ မဖြစ်ဘူးနော်၊ တော်ကြာ . . . လင်းသန့်က နင့်ရဲ့အဖြစ်မှန်သိသွားဦးမယ်"

"အံမယ် . . . အံမယ် . . . မေပျိုရယ်၊ တို့ရဲ့ပန့်ခ်စတိုင်ကို နင်ပြောလျှက်လိုက်တာ၊ ဒါမျိုး 'သငယ်'တွေ ဆွဲဆောင်ဖို့အတွက် ဘယ်လောက်ပြင်ထားရတယ်မှတ်လဲ၊ တွေ့မယ် . . . နင့်လူက ဘယ်လောက်တောင် နင့်ကိုရင်ခုန်စရာဖြစ်အောင်လုပ်လို့ နင်က သဝန်ကြောင်အောင် လုပ်ခိုင်းရသလဲဆိုတာ တွေ့မယ်၊ ဒေါက်တာကိုကိုက နင့်ကို ဘာဆေးတွေ ကျွေးထားပြီလဲ မသိဘူး၊ ဒီဟာမ ရည်းစားများသလောက် အခုမှ ဆေးမိနေပြီနဲ့တူတယ်"

"ဟုတ်တယ် အဂ္ဂရေ၊ အချစ်ဆေးမိနေတာ . . . အချစ်ဆေး"

"ကြူကြူဆွေ . . . ဘာအချစ်ဆေးမှမဟုတ်ဘူး၊ ငနဲကြီးတွေ စီမံတာကို နင်တို့အကြံပေးသလို လင်းသန့်က သဝန်မကြောင်လည်း ငါနဲ့



www.burmeseclassic.com

www.burmeseclassic.com



သူနဲ့က လက်ထပ်လို့ရတယ်၊ ငါလိုချင်တာက သူက ငါ့ကို တကယ်မေတ္တာရှိလို့ ပွင့်အံထွက်လာတာမျိုးကို လိုချင်တာ၊ ဒါကြောင့် အခုလို လုပ်နေရတာ"

"စိတ်ချ မေပျို၊ ကြူကြူဆွေကို ပြောစရာမလိုဘူး၊ ညည်းလူ ပွင့်အန်ထွက်ရုံတင်မကဘူး၊ ပေါက်ပါကွဲစေရမယ်၊ ဟဲ့ . . . အဂ္ဂတဲ့နော် ဘာမှတ်လဲ၊ တစ်ခါတည်း 'လင်'တော်ပလိုက်မှာ"

အဂ္ဂစကားကို နားထောင်နေသည့် ကြူကြူဆွေနှင့် သက်သက်ချိုက ရယ်နေနိုင်ပေမယ့် မေပျိုကတော့ နက်ဖြန်ကိစ္စအတွက် ရင်လေးနေတာက အမှန်ပင် ဖြစ်သည်။

❑

ဆေးခန်းအနီးအနားမှာ မေပျိုက မောင်းလာသော ကားကိုရပ်တန့်လိုက်ပြီး ကားပေါ်ကနေ အရင်ဆင်းလိုက်သည်။ အဂ္ဂက မေပျို့နောက်ကနေ ဆေးခန်းဆီသို့ လိုက်ပါလာသည်။ အဂ္ဂပုံစံက မေပျိုပြောထားသလို ယောက်ျားပုံစံမျိုး ဝတ်ဆင်ထားသဖြင့် ဘယ်လိုမှ မိန်းမပုံမပေါက်။ စိုးရိမ်တာတစ်ခုပဲ ရှိသည်။ ပြောနေဆိုနေ၊ သရုပ်ဆောင်နေရင်း သူ့မူရင်းဘဝကို ပြန်လည်အသက်ဝင်မှာပဲ စိုးရိမ်နေမိသည်။

ထိုကဲ့သို့ မိန်းမစိတ်မျိုး ပြန်လည်အသက်ဝင်လို့က 'ဂွမ်း' ပြီလို့။ မေပျိုဆုတောင်းပါသည်။ ကောင်လေးငယ်ငယ်လေးတွေ ဆေးခန်းရှေ့ကနေ ဖြတ်မလျှောက်ပါစေနှင့်လို့။

"မေပျိုပါလား . . . ညော့သည်လည်း ပါလာတာပဲ၊ ထိုင်ပါ . . . မေပျိုရဲ့ညော့သည်က ဘာရောဂါဖြစ်လို့လဲ"

မေပျိုနှင့်အဂ္ဂ ဆေးခန်းထဲဝင်လာတာမြင်တော့ ပက်လက်ကုလားထိုင်မှာထိုင်ပြီး ကွမ်းယာဝါးနေသော လင်းသန့်က နှုတ်ဆက်လိုက်ရင်းမှ ပြောလိုက်သဖြင့် အဂ္ဂမျက်နှာရှုံ့သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ကသာ ရောဂါပြရမှာလဲ လင်းသန့်ရဲ့၊ ဒါက အဂ္ဂတဲ့ စက်ာပူက ပြန်ရောက်တာ၊ လေးငါးရက်ပဲ ရှိသေးတယ်၊ မေပျိုနဲ့ အချစ်ဆုံးမိတ်ဆွေလေ၊ ဒီနေ့သူနဲ့ မင်္ဂလာဒုံဘက် သူ့ကိစ္စရှိလို့သွားရင်း ဆေးခန်းကို ဝင်လာခဲ့တာ၊ အဂ္ဂ . . . ဒါ လင်းသန့်တဲ့"

မေပျိုက အဂ္ဂနှင့်မိတ်ဆက်ပေးသည့်အခါ လင်းသန့်က အဂ္ဂကို မသိမသာ အကဲခတ်လိုက်ပြီး . . .

"တွေ့ရတာ ဝမ်းသာတယ်ဗျာ၊ စောစောကပြောတာ ဗွေမယူပါနဲ့"

"ရပါတယ် . . . တောင်းပန်စရာမလိုပါဘူး၊ ဆရာဝန်ဆိုတော့ ဒါမျိုးပဲ မေးရမှာပေါ့"

အဂ္ဂက လင်းသန့်စကားကို ပြန်လည်ဖြေရင်း မေပျို၏ပုခုံးကို ကိုင်လိုက်ရင်း . . .

"မေပျိုရယ် . . . အခြားဆေးခန်းတွေဆို လူမမာတွေက ပြည့်နေတာပဲ၊ ဒီဆေးခန်းကျတော့ လူနာက ရှင်းနေတာပဲနော်၊ ဒီရပ်ကွက်က လူတွေ တော်တော်ကျန်းမာကြတယ် ထင်ပါရဲ့"

မေပျိုက အဂ္ဂလက်ကို ဖယ်လိုက်သည်။ အဂ္ဂက သဏ္ဍာန်လုပ်သရုပ်ဆောင်တာဆိုပေမယ့် လင်းသန့်က ထိုမြင်ကွင်းကိုကြည့်ပြီး မျက်နှာတစ်ချက်တော့ ပျက်သွားတာ သေချာသည်။ အဂ္ဂရဲ့သရုပ်ဆောင်မှုက စစချင်းမှာပဲ ထိုးစစ်က ထိရောက်ပြီလို့။

"ကိုအဂ္ဂပြောသလိုပါပဲဗျာ၊ ကျွန်တော်တို့ ဆရာဝန်တွေဆိုတာ လူနာတွေ ကျန်းမာအောင် ကုရတာပဲလေ၊ ဆေးရုံတွေမှာ လူနာမရှိရင် ရဲစခန်းတို့၊ ထောင်တို့မှာ ရာဇဝတ်သားတွေမရှိရင် ပိုကောင်းတာပေါ့ဗျာ၊ ဒါမှ ဥမ္မာဒန္တီဇာတ်တော်ထဲကလို အရိဋ္ဌပုရပြည်ကြီးလိုပေါ့၊ သိဝိမင်းကြီးက မင်းကျင့်တရားဆယ်ပါးနဲ့အညီ အုပ်ချုပ်တော့ လူတွေက ကျန်းမာရေးတွေကောင်း၊ ခိုးသားအန္တရာယ်မရှိလို့ တရားရုံးတွေမှာ တရားရေး



www.burmeseclassic.com

www.burmeseclassic.com



ဝန်ကြီးတွေတောင် အလုပ်မရှိဘူးလို့ ပြောတာပဲ"

"ဟုတ်မယ် . . . ဟုတ်မယ် . . . ဒီရပ်ကွက်ကိုအုပ်ချုပ်တဲ့ ရပ်ကွက်အုပ်ချုပ်ရေးမှူးဉက္ကဋ္ဌက မင်းကျင့်တရားဆယ်ပါးနဲ့ညီလို့ ဒီရပ်ကွက်က လူတွေကျန်းမာပြီး ဒီဆေးခန်းကို မလာတာဘဲ ဖြစ်ရမယ်"

"ခင်ဗျားမဆိုးဘူး ကိုအဂ္ဂတော်သားပဲ၊ ကွမ်းစားတတ်လား"

"နေနေ . . . မစားဘူး"

လင်းသန့်က ကွမ်းကျွေးသည်ကို အဂ္ဂက ငြင်းရင်းမှ မေပျို၏ ပုခုံးကို သူ့လက်နှင့် ထပ်မံကိုင်လိုက်ရင်း . . .

"မေပျို ငါ့ကို သူက တော်တယ်တဲ့၊ တွေ့လား . . . သူပြောနေတာ"

"အဂ္ဂ . . . နင်ဟာလေ၊ လက်ကိုဖယ်ဦး၊ ဒါဆေးခန်းနော်"

မေပျိုချွေးပျံချင်သလို ဖြစ်သွားပါသည်။ တကယ့်ကို အသက်ပါပါနှင့် သရုပ်ဆောင်နေရင်းက ဘယ်လိုကနေဘယ်လို အဂ္ဂတစ်ယောက် မိန်းမစိတ်မျိုး ပြန်လည်အသက်ဝင်ချင်သလို ဖြစ်လာရသလဲလို့ဆိုပြီး မေပျိုက မနည်းကို လင်းသန့်မရိပ်မိအောင် အာရုံလွှဲလိုက်ရပါသည်။

တော်ပါသေး၏။ လင်းသန့်က မရိပ်မိလို့သာ။ ပြီးတော့ ဆေးခန်းမှာ လူမမာရှင်းနေတာကလည်း ခပ်ကောင်းကောင်း။

"လင်းသန့် . . . ဒီညတော့ မေပျိုဝိုင်းမကူတော့ဘူးနော်၊ အဂ္ဂက ညစာလိုက်ကျွေးမယ်တဲ့၊ နက်ဖြန်လည်း သူက မေပျို့ကို ပဲခူးဘုရားဖူးချင်တာ လိုက်ပို့ခိုင်းလို့ မေပျိုဖုန်းမဆက်တော့ဘူးနော်"

"ရပါတယ် မေပျိုရယ်၊ ကိုယ့်အချစ်ဆုံးမိတ်ဆွေတွေပဲဟာ၊ လုပ်ပေးရမှာပေါ့ . . . ဟုတ်ဘူးလား"

တကယ်ပဲ ပြောလေသလား။ လင်းသန့်တစ်ယောက် ခနဲ့ပြီးပဲ ပြောလေသလား မေပျိုမဝေခွဲတတ်။

"ဒါဆို မေပျိုတို့သွားမယ်"



www.burmeseclassic.com

www.burmeseclassic.com



"သွားပြီနော် . . . ကိုကိုဒေါက်တာ"

မေပျိုက လင်းသန့်ကို နှုတ်ဆက်ပြီးအထွက်မှာ အဂ္ဂကလည်း နှုတ်ဆက်ဘာ သူ့ပါးစပ်က သူ့ဝသီအတိုင်း ထွက်သွားသဖြင့် မေပျိုက အတင်းလက်ကိုဆွဲခေါ်ခဲ့ရသည်။ လင်းသန့်များ ရိပ်မိသွားသလားမသိပါ။

ကြူကြူဆွေတိုအိမ်ဆီ အဂ္ဂကို ကားမောင်းပြီး ခေါ်သွားတော့ အဂ္ဂက မျက်နှာစူပုပ်နေပါသည်။ တစ်လမ်းလုံး စကားမပြောပါ။ မေးလည်း မဖြေ။ သည်လိုနှင့် ကြူကြူဆွေတို့ အိမ်ရောက်လာပါသည်။

"ကြူကြူဆွေ . . . နင်စဉ်းစားကြည့်၊ မေပျိုတို့များ သူ့ဟာကို ဖြစ်နေတာ၊ ဆေးခန်းကနေ ချက်ချင်းပြန်တယ်လေ၊ တစ်အောင့်လေး နေပါဦးလား၊ သူ့ကိုကိုဒေါက်တာက ရုပ်က ယောက်ျားပီသသား၊ ငါက သူက စကားကို ပြတ်ပြတ်ပြောတာ၊ ငါ့ရင်ထဲတန်းထိတာ၊ ငါနဲ့တွေ့တဲ့ 'သငယ်' တွေကျတော့ ပတ်ချွဲနှပ်ချွဲနဲ့ခြူစားဖို့ ပြောတာ၊ သူက ဒါမျိုး မဟုတ်ဘူး၊ ငါ့မှာ သူ့ကိုမခံချင်အောင် ဆွမယ်၊ သူက ပေါက်ကွဲမယ်၊ အဲဒီသူ့ရဲ့စကားလုံးတွေကို ခံစားမယ်ဆိုကာမှ မေပျိုလေ . . . သူ့ဟာကို လုမယ့်အတိုင်းပဲ ဖြစ်နေတာ၊ ငါစိတ်ဆိုးလို့ စကားတောင် မပြောချင်ဘူး"

အဂ္ဂကို အကူအညီတောင်းမိတာ မေပျိုများ မှားသွားပြီလား မသိပါ။ ဘယ်လိုပဲ ယောက်ျားလို မာန်တင်းပေမယ့် အချိန်တန်တော့ လည်း သူ့အရင်စိတ်က ပြန်ပေါ်တာပါလားလို့။

"အဂ္ဂတို့များပြောတော့ လေတစ်လုံး၊ မိုးတစ်လုံးနဲ့ ငါက ဒီပွဲကို ဖြတ်ချင်လို့ ဖြတ်တာမဟုတ်ဘူး၊ ဟိုက အရှိန္ဒပူရပြည်တွေကော သိဝိ မင်းကြီးတွေကော ပါလာကုန်တာ ရှုပ်ကုန်မှာစိုးလို့"

"ပြောတော့ ဘာဖြစ်လဲ၊ ကိုကိုဒေါက်တာ အဲဒီလိုပြောသာ တို့ တော့ ဗဟုသုတတောင် ရသေးတယ်"

အဂ္ဂက မဲ့ကာရွဲ့ကာနှင့် လက်ကိုင်ပုဝါထုတ်ကာ မျက်နှာကို



www.burmeseclassic.com

www.burmeseclassic.com



သုတ်လိုက်ရင်းမှ ပြောပါသည်။

"ကဲပါ . . . မေပျိုရယ်၊ ဖြစ်ကြောင်းကုန်စင် ပြောပြပါဦး"

ကြူကြူဆွေက သိချင်ဇောဖြင့် မေးသည့်အခါ မေပျိုက ဖြစ်ချက်သမျှကို ပြောပြပါသည်။

"ဒါဆို လင်းသန့်က အဂ္ဂက နင့်ကို ပုခုံးကိုင်ဘာကိုင်ဆိုတော့ နည်းနည်းတော့ သဝန်တိုမှာ အမှန်ပဲ၊ ဒါကြောင့် ဟိုက ဘုဂလန့်ပြောဘာနေမှာ၊ ဒါနဲ့ ဒီည,ညစာစားမယ်၊ နက်ဖြန် ပဲခူးသွားမယ်ပြောတော့ လင်းသန့်က ဘာပြောသေးလဲ"

"ဟိုက ကောင်းကောင်းတောင် သဝန်တိုပြီး ပြောချိန်မရပါဘူး ကြူကြူဆွေရယ်၊ ငါ့မှာ အဂ္ဂကို မနည်းဆွဲခေါ်လာခဲ့ရတာ"

"အဂ္ဂ . . . နင်ကြည့်လုပ်နော်၊ ဟိုက စိတ်မရှည်လို့ နင့်တင်ပါးကို ဆေးထိုးအပ်နဲ့ထိုးမှ ဟုတ်ပေ့ဖြစ်နေဦးမယ်"

ကြူကြူဆွေ့စကားနားထောင်နေသော အဂ္ဂတစ်ယောက် ဝမ်းသာသလိုမျိုး ပုံစံဖြစ်သွားပါသည်။

"အို . . . ကိုကိုဒေါက်တာတို့ တင်ပါးကို ဆေးထိုးပေးလို့ကတော့ ကြက်သလောက်ထိုး၊ နာပလေ့စေ ခံလိုက်ဦးမှာ၊ ပြီးမှ ကိုကိုဒေါက်တာ့ကို သူ့လက်နဲ့ တင်ပါးကို ပရုပ်ဆီနဲ့ပွတ်ခိုင်းဦးမှာ၊ ဒမပျိုရယ် . . . ဒီညတော့ ငါလေ အိပ်မက်လှလှလေးတွေ မက်ပြီသိလား၊ ဒီလို အိပ်မက်လှလှလေးတွေ မက်ဖို့ ငါ့ကိုရင်ခုန်စေဖို့ ဖြစ်တည်လာတဲ့ ကိုကိုဒေါက်တာ့ကိုလေ၊ ကျေးဇူးပါကိုကိုလို့ ပြောရတော့မယ် . . . သိလား"

အဂ္ဂ၏ဇာတ်ရှိန်ကတော့ တစ်ခါတည်းသာ ရှိသေးသည်။ အထွဋ်အထိပ်ကို ရောက်နေပြီလို့။ သည်ပွဲက ရေရှည်ဆို ပိုဆိုးတော့မည်လို့။ မေပျိုဆုံးဖြတ်ချက်ချလိုက်ပါသည်။

"အဂ္ဂ . . . အခုချိန်ကစပြီး ဒီအစီအစဉ်ကို ဖျက်တယ်၊ နောက်နေ့ကစပြီး လုပ်စရာမလိုဘူး . . . ဒါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုလား . . . ရတယ်လေ၊ အခုတော့ ဒီစကားပြောပြီပေါ့ဟဲ့ . . . နင်ကိုကိုတစ်ယောက်ထဲ လောကကြီးမှာရှိတာ မဟုတ်ဘူးမှတ်ထား"

အဂ္ဂက ဒေါသတကြီးပြောဆိုပြီး ဧည့်ခန်းထဲကနေ ထွက်လာခဲ့သည်။ ကြူကြူဆွေကတော့ မေပျို့ကို နားမလည်သလို အကြည့်တွေနှင့်ကြည့်လို့နေတာ မေပျိုပြန်ရှင်းမပြချင်တော့ပါ။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

ဝှက်ထားသော

ကိုယ့်ချစ်ခြင်းမေတ္တာများ

မင်းရဲ့နှလုံးသားထဲတွင်

ထာဝရသိမ်းဆည်းရန်အတွက်

တစ်စုမကျန်အားလုံးကို

အပ်နှင်းလိုက်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၆)

အံ့အားသင့်မိပါ၏။ သည်နေ့ တနင်္ဂနွေနေ့မှ လင်းသန့်က မေပျို အား ဖုန်းဆက်ပြီး အင်းလျားကန်ပေါင်ရိုးသို့ ချိန်းလေသလဲမသိပါ။ မည် သည့်ကိစ္စကြောင့်လည်း မေးတော့မဖြေ။ မေပျိုလာမှ ပြောမည်ဟု ပြော ပါသည်။ မေပျိုထင်ပါသည်။ လင်းသန့်တစ်ယောက် အဂ္ဂနှင့်သူမ ညစာ အတူတူစားတာ၊ ပဲခူးကို ဘုရားဖူးအတူတူသွားသည်ထင်ပြီး သဝန်ကြော စိတ်ဖြင့် ယခုလိုတွေ့ဖို့ အဂ္ဂနှင့်တွေ့ပြီး သုံးရက်အကြာမှာ ဖုန်းဆက်တာ ပဲ ဖြစ်ပါလိမ့်မည်။

မေပျိုအင်းလျားကန်ပေါင်ရိုးပေါ်ကိုရောက်တော့ ကန်ပေါင်မှာ နေ့လယ်ခင်းမို့ လူရှင်းနေသည်။ နေက သိပ်မပူ။ နေရောင်ခြည်က တော့ တော့စွာဖြင့် အလင်းဓါတ်ပေးနေသလို လေပြည်ညင်းကလည်း ကစားနေသည်။

ခုံတန်းလျားမှာ အရင်ကလိုပါပဲ။ လင်းသန့်တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ရေပြင်ကိုကြည့်ပြီး ကွမ်းဝါးလို့နေသည်။

"ဆိုစမ်းပါဦး၊ ဘာကိစ္စအရေးတကြီးရှိလို့ ဖုန်းဆက်ပြီး ဒီကိုချိန်းရတာလဲ၊ ပြောစရာရှားလို့"

ရောက်ရောက်ချင်း မေပျိုက မထိုင်သေးဘဲ ပြောလိုက်မိသည်။

"အိမ်မှာကော ဖုန်းထဲမှာပါ မပြောချင်လို့ပေါ့ မေပျိုရယ်၊ အဓိကပြောချင်တာက မေပျိုအခုလုပ်နေတာတွေ ရပ်တန်းက ရပ်လိုက်ပါ"

"မေပျိုက ဘာတွေကို လုပ်နေလို့ ရပ်တန်းက ရပ်ရမှာလဲ"

မေပျိုက လင်းသန့်တစ်ယောက် ဘယ်လိုများ သူမနှင့် သူငယ်ချင်းမနှစ်ယောက်စီစဉ်တာတွေ သိသွားသလဲဆိုတာ စဉ်းစားလိုက်ရင်းက လင်းသန့်အား မသိချင်ယောင်ဆောင်ပြီး မေးမိသည်။

BURMESE CLASSIC

"မေပျိုရာ . . . မေပျိုဘာတွေလုပ်တယ်ဆိုတာ ကျွန်တော်အားလုံးသိပါတယ်၊ တမင်တကာ ကြည့်ကောင်းကောင်းနဲ့ မသိချင်ယောင်ဆောင်ပြီး ကြည့်နေခဲ့တာ၊ အခုဟာက အဂ္ဂဆိုတဲ့ ယောကျ်ားစိတ်တစ်ဝက်၊ မိန်းမစိတ်တစ်ဝက်လူကြောင့် မေပျို့ကို သတိပေးရတာ"

"ရှင် . . . ဘယ်လို"

မေပျိုက ကိုယ့်ကိုယ်ကို ဟုတ်လှပြီထင်နေတာ အလိမ်ပေါ်သွားသဖြင့် ရှက်သလို၊ အံ့အားသင့်သလို ဖြစ်သွားပါသည်။

"တကယ်တော့ မေပျိုနဲ့ ကျွန်တော့်ကြားမှာ မေပျိုထင်နေသလိုမျိုး မလိုပါဘူးဗျာ၊ လူကြီးတွေက သင့်တော်မယ်ထင်လို့ စီစဉ်တာ၊ မေပျိုလို မိန်းကလေးတစ်ဦးကို ကျွန်တော့်ဖက်က ဘာမှငြင်းစရာ မရှိပါဘူး၊ မေပျိုလည်း ကျွန်တော့်ကို ငြင်းစရာမရှိလို့ လက်ခံခဲ့တာပဲ၊ အဲဒါကို မေပျိုက ဘာတွေလျှောက်လုပ်မှန်း မသိဘူး၊ အချစ်ဆိုတာ သဝန်တိုကြောင်ဖို့ မလိုပါဘူး၊ တစ်ယောက်နဲ့တစ်ယောက် တန်ဖိုးထားဖို့သာ အရေးကြီးတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"လင်းသန့် တကယ်ပြောတာလား၊ ဒါဆို ရှင့်ဖက်က ဘာဖြစ်လို့ ကျွန်မကို ချစ်မြတ်နိုးတယ်ဆိုတာ မပြခဲ့သလဲ"

"မေပျိုရယ် . . . အဲဒါတွေက လိုမှမလိုတာ၊ တစ်ခါတရံမှာ စာအုပ်တွေ ရုပ်ရှင်တွေထဲကလို စိတ်ကူးမယဉ်ရဘူးဗျ"

လင်းသန့်စကားကြောင့် မေပျိုကျေနပ်ရုံမက ပီတိတွေပါ ဖြစ်သွားပါသည်။

"ဒါနဲ့ လင်းသန့်က ဒီကိစ္စတွေ ဘယ်လိုသိသွားတာလဲ"

"မေပျိုကသာ ရည်းစားဟောင်းတွေကို မေပျို့အထင်နဲ့ ထင်နေတာ၊ သူတို့တွေက ပြုမူဆက်ဆံနေတာ ဖောက်ပြန်လိုစိတ်မပါဘဲ အသက်မှမဝင်တာ၊ လုပ်ရိုးလုပ်စဉ် ပြုရိုးပြုစဉ်အတိုင်းပဲလေ၊ ဒါက ဘေးက ကြည့်တဲ့လူက သိသာပါတယ်၊ မြင်သာပါတယ်"

"အဂ္ဂက မိန်းမလျာဖြစ်တာကျတော့ကော"

"ဒါလည်း လိမ်လို့မရဘူး၊ ယောကျ်ားတစ်ယောက်မှာ သူ့မျက်လုံးတွေကကြည့်တဲ့ ယောကျ်ားအကြည့်ဆိုတာ ရှိတယ်၊ ကိုအဂ္ဂမှာက အဲဒီအကြည့်တွေက မိန်းမသားအကြည့်မျိုး ဖြစ်နေတယ်၊ ပိုဆိုးတာက သူ့အမူအရာပဲ၊ ဘယ်လိုမှ ပြင်လို့မရဘူး၊ နောက်ဆုံး ပြန်ခါနီး သူနှုတ်ဆက်သွားတာမှာ သူ့ဇာတိရုပ်က ပေါ်တော့တာပဲ"

"လင်းသန့် . . . ဆရာဝန်မလုပ်စားဘဲ စုံထောက်လုပ်ပါလား"

"မလုပ်ပါရစေနဲ့ဗျာ . . . လူတစ်ယောက်သွားတာ၊ လာတာ၊ နေတာ နောက်ဆုံးအိမ်သာတက်တာကအစ အသေးစိတ်စုံစမ်းပြီး အစီရင်ခံစာတင်ရတဲ့ အလုပ်မျိုးထက် လူ့အသက်တွေကိုကယ်ပြီး ဆေးကုရတာ ပိုကောင်းပါတယ်"

"ဒါဆို ရှင်က သဝန်မကြောင်ဘဲနဲ့ ကျွန်မကို စိတ်ဝင်တစား

www.burmeseclassic.com



မြတ်နိုးတာပေါ့ . . . ဟုတ်လား"

လင်းသန့်က မဖြေပါ။ ပြုံးတော်မူလို့သာ နေပါသည်။

ထိုအချိန်တွင် မေပျိုနှင့် လင်းသန့်တို့ရှိနေသော နေရာနားသို့ ဗွီဒီယိုရိုက်ကူးရေးအဖွဲ့တစ်ဖွဲ့ ရောက်လာပါသည်။ မှန်ထိုးသမား၊ ဓါတ်ပုံဆရာနှင့် ဒါရိုက်တာသာမက အထွေထွေအလုပ်သမားများနှင့် သရုပ်ဆောင်သူအချို့ပါ ရောက်ရှိလာကြပါသည်။ ဒါရိုက်တာဖြစ်သူက-ကင်မရာကို ဘယ်နေရာမှာထားဖို့ ဓါတ်ပုံဆရာအား ညွှန်ကြားရင်း သရုပ်ဆောင်မည့် မင်းသားနှင့် မင်းသမီးကို သွားခေါ်ခိုင်းပါသည်။

"ဟယ်! . . . နေတိုး . . . နေတိုးပါလား"

ဗွီဒီယိုရိုက်ကွင်းရှိသည့် လင်းသန့်နှင့် မေပျိုတို့အနီးအနားသို့ မင်းသားနေတိုးက ဇာတ်ဝင်ခန်းသရုပ်ဆောင်ဖို့ ရောက်လာသဖြင့် မေပျိုက ဝမ်းသာသွားပါသည်။ သူမက နေတိုးသရုပ်ဆောင်တာကို နှစ်သက်သူဖြစ်သောကြောင့်ပါ။

BURMESE CLASSIC

"လင်းသန့် ကြည့်ပါဦး၊ နေတိုးက အသားတော်တော်ဖြူတာပဲ"

မေပျိုက လင်းသန့်ကို ပြောသည့်အခါ လင်းသန့်က . . .

"ယောက်ျားချင်း ဘာကြည့်စရာလိုလို့လဲ၊ သူ့ကိုကြည့်ရင် အဂ္ဂလို ဖြစ်သွားမှာပေါ့၊ မေပျိုကလည်း ဖြစ်နေလိုက်တာ၊ ဒီလောက်ကြည့်ချင်ရင် လှည်းတန်းမှာ နေတိုးဝေါ်ရှိတွေ ဝယ်ပေးမယ်၊ အိမ်နံရံမှာကပ်ပြီး အဝကြည့်"

"လင်းသန့် . . . ရှင်သဝန်ကြောင်နေတာလား"

"ဟုတ်တယ် . . ဘယ့်နှယ့်ဗျာ၊ စကားကောင်းနေတုန်း ဒီနေတိုးက ဗွီဒီယိုလာရိုက်ရတယ်လို့"

"ဒါဆို မေပျိုယုံသွားပြီ၊ လင်းသန့်က မေပျိုကို ချစ်တယ်ဆို



www.burmeseclassic.com

www.burmeseclassic.com



တာ၊ အမယ်လေး . . . ငါ့နှယ် သဝန်ကြောင်ခံချင်လွန်းလို့ နေတိုးနဲ့မှပဲ ပွဲကပြီးတော့တယ်"

မေပျို့က တကယ့်ကို ဝမ်းသာအားရကျေနပ်သည့် လေသံဖြင့် လင်းသန့်အား ကြည့်ရင်းက ပြောလိုက်ပါသည်။

သူငယ်ချင်းမနှစ်ယောက်ကို ဖုန်းဆက်ပြီး ပြောချင်လိုက်တာ ဆိုတာ မနည်းကို စိတ်ထိန်းရုံသာမက စိတ်ထဲကနေ ဗွီဒီယိုလာရိုက်ကူး သော မင်းသားနေတိုးကို ကျေးဇူးတင်နေမိပါသည်။

နေတိုးကြောင့် လင်းသန့်ခမျာ မနေနိုင်ဘဲ မေပျို့ကိုချစ်တာတွေ ပွင့်အန်ထွက်ကျလို့ ဖြစ်ပါသည်။

"မေပျို့သွားမယ်၊ ဒီနားမှာ လူတွေအုံလာတော့မယ်"

BURMESE CLASSIC

လင်းသန့်က ခုံတန်းလျားကနေထွက်ဖို့ ဟန်ပြင်လိုက်ပါသည်။

"မသွားနဲ့ဦး၊ ရော့ . . . ဒါလေး ဝါးလိုက်ဦး၊ နိုင်တီတူးနဲ့ နွယ်ချို နဲ့ ဟုတ်ပါတယ်နော်၊ ရော့ . . . တကူးတက စားဖို့ဝယ်လာရတဲ့ ကွမ်း၊ ဒီရုပ်ဒီရည်နဲ့ ကွမ်းယာဝယ်လို့ ဆိုင်ရှင်ရဲ့အမေးတောင် ခံရလို့၊ မဟုတ် ပါဘူး . . . ကျွန်မရဲ့ရည်းစား,စားမှာပါလို့ ပြောခဲ့ရသေးတယ်"

"ကျွန်တော် တကယ်ဝမ်းသာတယ် မေပျို့ရယ်၊ ကျွန်တော်စား တတ်တဲ့ ကွမ်းယာကို မေပျို့အသိအမှတ်ပြု သိပေးတဲ့အတွက် ကျွန်တော် ကျေနပ်ပြီ၊ ဒါပဲပေါ့ . . . မေပျို့ရယ်၊ တစ်ယောက်နားလည်မှုတစ်ယောက် ရှိရမယ်ဆိုတာ၊ မေပျို့ကျွေးတဲ့ ကွမ်းယာကတော့ စားကောင်းပြီ"

လင်းသန့်က မေပျို့အား တကယ့်ကို တန်ဖိုးထားသည့် အမူ အရာဖြင့် ပြောရင်းက မေပျို့ပေးသော ကွမ်းယာကို တစ်ယာထုတ်စား လိုက်သည်။

"နေဦး . . . "



www.burmeseclassic.com

www.burmeseclassic.com



မေပျိုက လင်းသန့်ပါးစပ်မှာ ပေနေသော ကွမ်းတွေကို သူမလက်ထဲမှာ ကိုင်ထားသော တစ်ရှူးစနှင့်သုတ်ပေးပြီး လွှင့်ပစ်လိုက်သည်။

"အခုလို အလိုက်သိတဲ့အတွက် အဲဒီအလိုက်သိမှုကို မြတ်မြတ်နိုးနိုးနဲ့ တန်ဖိုးထားပါရစေ"

လင်းသန့်က မေပျို၏လက်ကိုကိုင်ပြီး ခုံတန်းလျားကနေ ထွက်လာခဲ့သည်။

သည်တစ်ခါတော့ မေပျိုမငြင်းပါ။ လင်းသန့်လက်ကလေးတွေကို မြတ်မြတ်နိုးနိုးဆုပ်ကိုင်ရင်း လင်းသန့်အပ်နှင်းသော ချစ်ခြင်းမေတ္တာတွေကို သူမနှလုံးသားထဲမှာ တစ်ခုမကျန် ထာဝရသိမ်းဆည်းထားမည်ဟု ဆုံးဖြတ်လိုက်ပါသည်။

ချစ်ခြင်းမေတ္တာဆိုသည်မှာ နှုတ်ဖျားကနေ 'ချစ်တယ်' ဆိုသည့်စကား ပွင့်အံမထွက်လာဘဲနှင့်လည်း ဘဝခရီးဖော် ချစ်သူများအဖြစ် ဖြစ်နိုင်သည်ဆိုတာ မေပျိုနှင့် လင်းသန့်တို့က သက်သေပြခဲ့ပါသည်။

သို့သော် အချစ်ဆိုသည်မှာ သဝန်လေးတော့ နည်းနည်းကြောင်မှ ရင်ခုန်စိတ်လှုပ်ရှားစရာ ဖြစ်တာကတော့ အမှန်ပင် ဖြစ်ပါတော့သည်။



www.burmeseclassic.com